တက္ကသိုလ်

# နေလင်းအောင်

## ကံကြမ္မာကြေး ရက်မရွေး



## အခန်း (၃၃)

## လူရိုင်း

"တကယ်တော့ ချစ်ချစ်တို့က သူတို့နှစ်ယောက်ထဲက တစ်ယောက်ကို အရှင်ထားဖို့ကောင်းတယ်။ ဒါမှ သူတို့ကို မေးလိုက်ရင် အဖြစ်မှန်ကိုသိရမှာ"

"ဟုတ်တယ်… ချစ်ချစ်၊ ကိုကိုလဲ ခုမှပဲ အဲဒါကို တွေးမိတယ်၊ အစကတော့ ဒီနှစ်ယောက်ကိုသတ်ပြီးတော့ ကျန်တဲ့ကောင်ကို လက်ရဖမ်းနိုင်မယ်လို့ အောက်မေ့တာ၊ ဟိုကောင်က ပိုတောင် အကြံပိုင်တော့ အစကတည်းက အရေးကြုံရင် လစ်ထွက်နိုင်အောင် ကြံပြီး စီစဉ်ထားတယ်လေ"

"ကိစ္စမရှိပါဘူး ကိုကိုရယ်၊ ဒီတစ်ခေါက် သူမြေပုံကိုမရလိုက်တော့ နောက်ထပ်ရအောင် ကြိုးစားမှာပဲ၊ ချစ်ချစ်တို့ကသာ သတိဝီရိယ ထားပြီး စောင့်ကြည့်ရမှာ၊ သူ့ခြေရာကို ခံမိတာနဲ့ သူ့ကို မရမက လိုက်ဖမ်းတာပေါ့"

ကြားချိုက စိတ်ဓာတ်ကျနေသော စေချည်ကို အားပေးနှစ်သိမ့်လာသည်။ စေချည်လည်း သက်ပြင်းတစ်ချက်ကို ကျိတ်၍ ရှိုက်ချလေသည်။

"ကိုကိုတို့ ပြန်ဆင်းကြရအောင် ချစ်ချစ်"

သူတို့သည် အတန်ကြာအောင် ခရီးဆက်ကြရင်းမှ ကြားချိုက မေးလာပြန်၏။

"ကိုကိုပြောတော့ ဒီတောကြီးတောင်ကြီးထဲမှာ အဆိပ်ငွေ့ရှိတဲ့ မြူနှင်းရှိတယ်ဆို၊ ခုထက်ထိလဲ ချစ်ချစ်တို့ မတွေ့ရသေးပါလား"

"ဒီနေရာထိ လူသူပေါက်ရောက်သေးပုံထောက်တော့ အဆိပ်ငွေ့ရှိတဲ့ မြူနှင်းမရှိလို့သာ လူတွေ သွားလာနေကြလို့ လမ်းကလေးတောင် ပေါ်လာခဲ့တာပဲ မဟုတ်လား"



စေချည်၏စကားကြောင့် ကြားချိုက ခေါင်းလေးငဲ့စောင်းကြည့်လာ၏။

"ကိုကိုပြောချင်တာက လူတွေနေတဲ့နေရာမို့လို့ အဆိပ်မြူနှင်း မရှိဘူးလို့ ဆိုချင်တာပေါ့"

"ချစ်ချစ် စဉ်းစားကြည့်လေ၊ သေစေလောက်တဲ့ အဆိပ်ငွေ့ရှိတဲ့နေရာမှာ ဘယ်လိုလူမျိုးက လာနေချင်ပါ့မလဲ"

ကြားချိုမှာ စေချည်ပြောသလို ဖြစ်နိုင်သောကြောင့် ရှေ့နောက်တောင်မြောက်ကိုကြည့်ပြီး အေးအေးလူလူ လျှောက်နေလိုက်သည်။

"ဒီအနီးအနားတစ်ဝိုက်မှာ လူလဲ မတွေ့ရဘူးနော်"

"ရှိမှာပါလေ၊ လူမနေဘူးဆိုရင် ဒီလမ်းက ဘယ်မှာလာပြီး ပေါ်နေပါ့မလဲ ချစ်ချစ်ရဲ့၊ ဟော... နားထောင်စမ်း၊ ဘာသံပါလိမ့်"

စေချည်သည် ကြားချိုကို ရှင်းပြနေရင်း နားထဲသို့ ဝင်လာသော အသံကြောင့် နေရာတွင် ရပ်လိုက်ပြီး အသေအချာ စွင့်လျက်နားထောင်လိုက်၏။

အဝေးမှ ခပ်အုပ်အုပ်ပေါ်လာသော 'ဗုံဗုံ'ဟူသော အသံမှာ သူ့ရှေ့နား ခပ်လှမ်းလှမ်းဆီမှ ပျံ့လွင့်လာခြင်းကြောင့် ကြားချိုမျက်နှာကလေး ဝင်းထိန်သွား၏။

"နားထောင်ရတာတော့ ဗုံသံထင်တာပဲကိုကို"

ခေချည်လည်း အာရုံစိုက်နေရာမှ ခပ်သာသာလေး ခေါင်းညိတ်ပြ၏။

"ဟုတ်တယ်၊ လူရိုင်းတွေရဲ့ စစ်ဗုံသံထင်တယ်"

ကြားချိုမှာ မျက်လုံးကလေးဝိုင်းသွားပြီး အထိတ်တလန့်မေးလာသည်။

"စစ်ဗုံသံ... ဟုတ်လားကိုကို"

"ဘိုးဘိုး ကျုံယော်က ပြောပြဖူးတယ်၊ ဒီနယ်မြေတစ်ဝိုက်မှာ လူရိုင်းတစ်မျိုးကို 'စာဝါ'လို့ ခေါ်တယ်တဲ့၊ အဲဒီ စာဝါထဲမှာ လူရိုင်းစာဝါနဲ့ လူယဉ်စာဝါဆိုပြီး နှစ်မျိုးထပ်ခွဲထားသေးတယ်၊ လူယဉ်စာဝါက 'ဟန်'လူမျိုးနဲ့ အရောတဝင်နေတာများတော့ တဖြည်းဖြည်း ယဉ်ကျေးလာတယ်၊ လူရိုင်းစာဝါကျတော့ တောထဲမှာ ရိုင်းစိုင်းပြီး မဖွံ့ဖြိုးသေးတဲ့ ဘာသာဘာဝအတိုင်း နေထိုင်ကြတုန်းပဲ၊ ဒါပေမယ့် သူတို့ဟာ စပါးစိုက်တာကိုတော့ နားလည်တယ်၊ စပါးစိုက်တဲ့နေရာမှာ အောင်မြင်ဖြစ်ထွန်းအောင်လို့ဆိုပြီး တစ်နှစ်တစ်ကြိမ် လူခေါင်းဖြတ်နတ်တင်တဲ့ အလေ့အထရှိတယ်၊ ဒီလို ခေါင်းဖြတ်ချင်တဲ့အခါမှာ



သူတို့တတွေဟာ ဗုံတီးတတ်တယ်၊ ခုနက ဗုံသံဟာ စာဝါတွေရဲ့ ဗုံသံလားတော့ မသိဘူး"

ဗုံသံမှာ တဖြည်းဖြည်း တိုးလာသည်။ အသံမှာလည်း နိမ့်ချည်မြင့်ချည်ဖြင့် လှို့ဝှက်မှုကို ဆောင်သလို ရှိနေကြ၏။

ကြားချိုမျာ ကျောတစ်ခုလုံးစိမ့်၍ ကြောက်ရွံ့လာတော့သလို သူမ နှုတ်ခမ်းနှစ်ခုကလည်း မသိမသာ ပွင့်ဟလာသည်။

"ကိုကို... ချစ်ချစ်ကို မခြောက်နဲ့နော်"

ကြားချိုက စိတ်တင်း၍ ပြောလေသည်။

"ကိုကို ဘာကြောင့် ခြောက်ရမှာလဲကွာ"

"သူတို့ဟာ ဘယ်လိုကနေ ခေါင်းဖြတ်ပြီး နတ်တင်တဲ့အကျင့်ကို ရလာတာလဲဟင်"

ကြားချိုမှာ ကြောက်စိတ်မပြေသေးဘဲ မဝံ့မရဲလေး မေးပြန်လေသည်။

"ရှေးလူကြီးတွေ ပြောစမှတ်ပြုကြပါတယ်၊ ဟိုရှေးအခါဖြစ်တဲ့ တရုတ်ပြည်က ရာဇဝင်ထဲမှာ သုံးနိုင်ငံခေတ်ဆိုတာ ရှိခဲ့တယ်၊ အဲဒီ ခေတ်ထဲမှာ အင်မတန်မှ ဉာဏ်ပညာနဲ့ ပြည့်စုံပြီး အမြော်အမြင်ရှိတဲ့

ကျူကူအမတ်ကြီးဟာ ဒီနန်မန်ဒေသကိုလာပြီး လူရိုင်းတွေကို တိုက်ခိုက် နှိမ်နင်း သိမ်းသွင်းခဲ့တယ်တဲ့၊"

"အဲဒီလို တိုက်ခိုက်ပြီး သိမ်းသွင်းတဲ့အခါမှာ စာဝါတွေဟာ အင်မတန် ဆင်းရဲဒုက္ခခံနေရတဲ့ ဒဏ်တွေကို သနား ကြင်နာပြီး ကရုဏာစိတ်နဲ့ အဲဒီစာဝါတွေကို စပါးစိုက်နည်း သင်ပေး ခဲ့တယ်တဲ့၊"

"နောက်တော့ ဒီစာဝါလူမျိုးတွေဟာ အင်မတန် မိုက်ရိုင်း ရက်စက်ကြမ်းကြုတ်ပြီးနေတာကို တွေ့တော့ အမြဲနှိမ်နင်းလို့လဲ မဖြစ်တဲ့အတွက် နောက်ဆုံးမှာတော့ ကျူကူအမတ်ကြီးက နည်း တစ်နည်းကို စဉ်းစားပြီး လက်တွေ့ကျင့်ကြံခဲ့တယ်"

"ဘယ်လိုလုပ်ခဲ့တာလဲ ကိုကို"

ကြားချိုက စေချည်အား ဆက်ပြောရန် မေးကြည့်ပြန်သည်။

"အဲဒီနည်းက ဘာလဲဆိုတော့ အမတ်ကြီးဟာ ပြုတ်ပြီးသား စပါးတွေကို စာဝါတွေလက်ထဲ ပေးလိုက်တယ်၊ စာဝါတွေက ပြုတ်ပြီး သားစပါးကို စိုက်တော့ ဘယ်လိုမှ မဖြစ်ထွန်း မအောင်မြင်ဘူး၊ ဒါနဲ့ သူတို့ဟာ ကျူကူအမတ်ကြီးကို သွားပြီး မေးကြရတယ်၊ အဲဒီလို



မေးတဲ့အခါမှာ ကျူကူအမတ်ကြီးကလဲ ပြန်ပြောတယ်"

သည်တစ်ခါတော့ စေချည်မှာ တမင်မပြောဘဲ တိတ်နေပြန် သဖြင့် ကြားချိုက ခေါင်းကလေးငုံ့၍ နားထောင်နေရာက စေချည်အသံ မကြားသောကြောင့် မော်ကြည့်မှလျှင် စေချည်က ပြုံးတုံ့တုံ့ကြီး လုပ်နေ သည်ကို တွေ့တော့၏။

"ဆက်ပြောလေ ကိုကိုရဲ့၊ ဒီကဖြင့် စိတ်ဝင်တစား နားထောင် နေလိုက်ရတာ"

"မသိပါဘူးဗျာ၊ ကိုကိုက ချစ်ချစ်နားငြီးလို့ ငြိမ်နေတယ် အောက်မေ့တာ"

စေချည်အပြောကြောင့် ကြားချိုက မျက်စောင်းကို ချစ်စဖွယ် လေး ထိုးလာသည်။

"ကဲပါဗျာ...ပြောပါ့မယ်တဲ့၊ ဒါနဲ့ အမတ်ကြီးကလဲ အေး... မင်းတို့အုပ်စုထဲက ယောကျ်ားကို နတ်တင်ရင် မင်းတို့စပါးတွေ အောင်မြင်ဖြစ်ထွန်းမယ်လို့ ပြောလိုက်တယ်၊"

"နောက်တစ်နှစ် ရောက်တဲ့အခါမှာ ကျူကူအမတ်ကြီးက စပါးလုံးအစိမ်းကို ပေးလိုက်တယ်၊ ပြီးတော့ သူတို့အုပ်စုထဲက

ယောကျ်ားတစ်ယောက် နတ်တင်နိုင်းတယ်၊ နတ်တင် လိုက်တော့ တကယ်ပဲ စပါးဖြစ်ထွန်းအောင်မြင်လာတာတွေ့တော့ စာဝါတွေလဲ ဝမ်းသာအားရ ဖြစ်သွားကြပြီး နောင် ဒီလိုအချိန်ရောက်တိုင်း သူတို့ဟာ တစ်နှစ်တစ်ခါ နတ်တင်တဲ့ အလေ့အထ ရှိလာတယ်။"

"အဲဒီလို ဆက်တိုက်လုပ်လာခဲ့တဲ့ နောက်ပိုင်း ရွာထဲက သန်မာထွားကျိုင်းတဲ့ ယောကျ်ားတွေ တဖြည်းဖြည်း နည်းလာကြတယ်၊ အဲဒါက ဘာလဲဆိုတော့ ကျူကူအမတ်ကြီးဟာ သူတို့ကို မျိုးပြုတ်သွားအောင် ဖန်တီးသင်ပေးလိုက်တဲ့နည်းပဲ။"

"ဒါနဲ့ သူတို့မှာ ရွာထဲရှိတဲ့ ယောကျ်ားဦးရေဟာ တဖြည်းဖြည်း လျော့နည်း လာတာကို တွေ့ပြီး အခြေအနေမဟန်မှန်း သိလာတယ်၊ ဒီနှစ် ငါ၊ နောက်နှစ် သူ၊ နောက်တစ်နှစ် အခြားတစ်ယောက်ဆိုရင် မျိုးဆက်ပါ ပြုတ်သွားမှာစိုးလို့ အခြားတိုင်းရင်းသားလူမျိုးတွေကို ပြောင်းပြီး နတ်တင်တယ် "

"ဒီလိုအစားထိုးတော့လဲ စပါးက ဖြစ်ထွန်း အောင်မြင်နေတော့ သူတို့လဲ နောက်ပိုင်းဆိုရင် သူ့ရဲကောင်းအဖွဲ့ကို ဖွဲ့ပြီး လူမျိုးခြားကိုပဲ ရွေးလာကြတယ်လို့ ကျုံယော်က ပြောပြတယ်"



စေချည် ထိုသို့ပြော၍ စကားဆုံးသွားစဉ်မှာပင် မျက်နှာချင်းဆိုင် တောင်ထိပ်မှ ဝှမ်းဝတ်စုံနှင့် လူလတ်ပိုင်းတစ်ယောက် ထိတ်လန့်ကြောက်ရွံ့စွာနှင့် သေပြေးရှင်ပြေး ပြေးလာနေသည်ကို လှမ်းတွေ့လိုက်၏။

ကြားချိုလည်း ထိုပြေးလာသူကိုကြည့်ပြီး နှလုံးသွေးရပ်လု မတတ် ကြောက်လန့်တကြား ဖြစ်သွားကာ မျက်နှာမှာလည်း သွေးဆုတ်သလို ဖြူဖပ်ဖြူရော် ဖြစ်လာ၏။

"ဒုက္ခပဲကိုကို၊ စာဝါတွေ လာနေပြီ"

"မဟုတ်ဘူး၊ အဲဒါက ဝှမ်းလူမျိုးပဲ"

စေချည်က ကြားချိုပခုံးလေးကိုကိုင်လျက် နှစ်သိမ့်ရှာသည်။

ဝှမ်းဝတ်စုံနှင့် လူလတ်ပိုင်းသည် စေချည်တို့နား ရောက်သည် အထိ မောကြီးပန်းကြီး ပြေးလာကာ အသက်မှျ မရှူနိုင်ဘဲ ခေါင်းတခါခါ လည်တခါခါနှင့် ကြောက်ရွံ့စွာ တုန်တုန်ယင်ယင် ပြော၏။

"နင်... နင်တို့လဲ မြန်မြန်... ပြေး... ပြေးကြ... သူ့ရဲကောင်းတွေ လာနေတယ်"

ကြားချီမှာ ဘာမျှမစဉ်းစားတော့ဘဲ အလျှင်စလို ပြေးရန် ပြင်လိုက်သည်နှင့် စေချည်က သူ့မလက်ကို သွက်လက်စွာ ဖမ်းဆွဲထား၏။

"မကြောက်နဲ့လေ ချစ်ချစ်ရဲ့၊ ကိုကိုက သိုင်းသမားတွေပဲ ဒါလောက်တော့ သတ္တိရှိရမှာပေါ့ကွာ"

ကြားချီလည်း စေချည်စကားကို ကြားရမှ မိမိကိုယ်မိမိ သိုင်းပညာရှင်မှန်း သတိဝင်လာပြီး ကိုယ်ရှိန်သတ်၍ ရှက်ရှက်နှင့် ပြောလာသည်။

"ငယ်ငယ်ကတည်းက လူကြီးတွေဟာ ခေါင်းဖြတ်သမားအကြောင်းပြောတာ ကြားဖူးတော့ အသည်းငယ်ခဲ့တာ၊ အခု ခေါင်းဖြတ်တဲ့ လူရိုင်းအကြောင်း သိရတော့ သွေးလန့်သွားတာပါ ကိုကို"

စေချည်လည်း ချောနမ စိတ်ကောက်သွားမည် စိုးသောကြောင့် မစတော့ဘဲ အတည်ပေါက်နှင့် ပြောပြန်သည်။

"သူတို့က ကိုကိုတို့ကို ရန်မရှာရင် ကိုကိုတို့လဲ သူတို့ကိုရန်လုပ်စရာမလိုပါဘူး၊ လာ...ဟို ကျောက်တုံးကြီးနောက်မှာ ခဏသွားပြီး ပုန်းကြရအောင်"



သူသည် ကြားချီလက်ကိုဆွဲ၍ တောင်ကမ်းပါး၌ တည်ရှိနေသော ယပ်တောင်ပုံ ကျောက်တုံးကြီးနောက်သို့ ပတ်သွားပြီး ပုန်းလိုက်သည်။

သူတို့နှစ်ယောက် ကျောက်တုံးကြီးနောက် ပုန်းကာစပင်ရှိသေးသည်။ မဝေးသော လမ်းကလေးမှနေ၍ စာဝါတို့ အုပ်စုလိုက်မျိုတက်ကာ လေအဟုန်ကဲ့သို့ အရှိန်နှင့် အပြေးလာသည်ကို တွေ့ရ၏။

အပြေးလာနေသော စာဝါတို့မှာ သန်စွမ်း၍ တုတ်ခိုင်ကြပြီး သူတို့၏ ကိုယ်အောက်ဘက်သည် အဝတ်စတစ်ခုကို ဆွဲချည်ထားသည်မှလွဲ၍ ကျန်နေရာက ဗလာကျင်းနေ၏။

သူတို့တစ်ဦးစီ၏ လက်ထဲ၌ တုတ်၊ လေး၊ မြား၊ ဓား စသည်တို့ကို ကိုင်ဆောင်ထားပြီး မျက်နှာ ပုံပန်းမှာလည်း ကျား၊ ခြင်္သေ့တို့ကဲ့သို့ ရက်စက်ကြမ်းကြုတ်မည့်အသွင်ကို ဆောင်နေ၏။

ကြားချီမှာ ကြောက်လည်းကြောက်၊ စိတ်လည်း ဝင်စားနေ၍ ကျောက်တုံးကြားမှ ခေါင်းကို အသာကလေး ထုတ်ကာ ချောင်းကြည့်လိုက် လုပ်နေ၏။

ရုတ်တရက်ပင် ကြားချိုမှာ ကြည့်နေရာက မျက်လွှာချ၍ ခေါင်းငုံ့လိုက်သည်။ ရှက်စိတ်ကြောင့် သူမမျက်နှာလေး ရဲခနဲ ဖြစ်သွား၏။

"အို… အရှက်လဲမရှိဘူး၊ သူတို့ဘာကြောင့် အဝတ်အစား မဝတ်ကြတာလဲ ကိုကို"

စေချည်က ကြားချိုစကားကြောင့် ရယ်ချင်သွားသည်။

"ဟ…ချစ်ချစ်ကလဲ အဝတ်ဝတ်မှတော့ လူရိုင်း ဘယ်ဖြစ်တော့မလဲ"

"သူတို့ဟာ ချစ်ချစ်တို့ကို တွေ့နိုင်မလား ဟင်"

ကြားချိုမှာ စိတ်မလုံသလိုနှင့် မေးကြည့်ပြန်သည်။

"တွေ့မယ် မထင်ပါဘူး၊ ပြောလို့တော့ မရဘူး၊ တကယ်လို့ တွေ့ပြီး ရင်ဆိုင်ရတဲ့အခါမှာတော့ သူတို့ရဲ့ လေးမြှားနဲ့ တုတ်၊ ဓား၊ လှံတွေကို သတိထားရမယ်၊ သူတို့က ဒီလက်နက်ပေါ်မှာ အလွန်ပြင်းတဲ့ အဆိပ်ကို လူးတတ်တဲ့ အကျင့်ရှိတယ်၊ ဒါကြောင့် သူတို့နဲ့ တိုက်ပွဲဖြစ်ခဲ့ရင် အတတ်နိုင်ဆုံး ဒဏ်ရာမရမိဖို့က အရေးကြီးတယ်"



စေချည်က အရေးကြုံလျှင် လုပ်ဆောင်ရမည်တို့ကို ကြားချိုအား ကြို၍ ပြောပြ၏။

ထိုစဉ်… လူပေါင်းရာကျော်ရှိသော စာဝါတို့က စေချည်တို့ အနီးအနားသို့ ရောက်သောအခါ၊ ထိပ်ဆုံး ခေါင်းဆောင်ဖြစ်ဟန်တူသော စာဝါက ခြေလှမ်းတန့်သွားပြီးနောက် လက်ထဲတွင် ကိုင်ထားသော လှံကို အပေါ်သို့ ထောင်လျက်သား ကိုင်ပြီး သူ့နှာခေါင်းကိုလည်း တရှုံ့ရှုံ့လုပ်၍ လေးဘက်လေးတန် အနံ့ခံလေတော့၏။

နောက်တော့ သူက လူရိုင်းတို့စကားဖြင့် 'ဝါးလား ဝါးလား'နှင့် အော်သည်။

သူသည် ထိုကဲ့သို့ ဝါးလားဝါးလား အော်ပြီးသည့်နောက် သူ့နောက်မှ လိုက်ပါလာကြသော စာဝါတို့ကလည်း သူ့နည်းတူ လိုက်ပြီး လေထဲတွင် နှာခေါင်းတရှုံ့ရှုံ့နှင့် အနံ့ခံလျက် နောက်ဆုံး၌ စေချည်တို့ ဝင်ပုန်းနေသော ကျောက်တုံးကြီးဆီသို့ မျက်စိရောက်သွားကြ၏။

ထိုအခါ သူတို့သည် သားကောင်ကို ကျိန်းသေပေါက် ရတော့မည့်အလား ဝမ်းသာအားရစွာ အော်ဟစ်ကြကုန်၏။

စေချည်သည် ထိုဖြစ်ရပ်ကို တစ်ချိန်လုံး စောင့်စားချောင်းမြောင်း ကြည့်နေသဖြင့် သူတို့၏ခြေရာကို စာဝါတို့က အနံ့ခံမိပြီကို နားလည် သဘောပေါက်သွား၏။

ထို့ကြောင့် သူက ဓားရှည်ကို ဆွဲထုတ်ပြီး တိုက်ပွဲဝင်ရန် အသင့်ပြင်လိုက်၏။

နောက်တော့…

"စာဝါတွေ ဘယ်လိုနည်းနဲ့ ကိုကိုတို့ ခြေရာကို ခံမိသွားလဲ မသိဘူး ချစ်ချစ်"

ကြားချိုလည်း မျက်စိမျက်နှာပျက်နှင့်ပင် စေချည်အတိုင်း ညည်းလျက် အသံပေးသည်။

"ချစ်ချစ်စိတ်အထင်တော့ အနံ့ခံလို့သိတာဖြစ်မယ်၊ ကြည့်ပါဦး၊ သူတို့အပေါ် တွယ်တက်ပြီး လာနေကြကုန်ပြီ"

ကြားချို ပြောနေစဉ်မှာပင် အယောက်တစ်ရာနီးပါးရှိသော စာဝါတို့က ကျောက်တုံးကို အလုအယက် တွယ်တက်ပြီး သူတို့ရှိရာ ဦးတည်လာကြသည်။



ကြားချိုမှာ လှုရိုင်းအုပ်ကိုကြည့်ပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လာသည်။

"ကိုကို… လုပ်ပါဦး"

စေချည်က တည်တည်ငြိမ်ငြိမ်နှင့် ခပ်ဖြည်းဖြည်း ပြော၏။

"သူတို့ အနားရောက်လာတဲ့ အခါမှပဲ သူတို့ကြားထဲကို ထိုးဖောက်ဝင်သွားပြီး အမြန်ဆုံးနှုန်းနဲ့ အချိန်ရသလောက် စာဝါတွေကို အလျှင်ရှင်းပစ်လိုက်မယ်၊ ပြီးတော့ ဟော… သူတို့ရောက်ခါနီးပြီ၊ ကဲ… စပြီး ထိုးဖောက်တော့မယ်"

စကားဆုံးသည်နှင့် စေချည်သည် ဦးစွာ ကျောက်တုံး၏ ယာဘက်မှ လွှားခနဲ ကုန်ထွက်လာ၏။

ကြားချိုလည်း စေချည်နည်းတူ ကျောက်တုံးကြီး ဘယ်ဘက်မှ ခုန်ထွက်လေသည်။

သူတို့နှစ်ယောက်သည် လေဟုန်ကဲ့သို့ တမုဟုတ်ချင်း လှုရိုင်း အုပ်ကြားထဲသို့ ထိုးဖောက်ပြီး တွေ့ရာကို ပိုင်းဖြတ်ခုတ်ထစ် လေတော့၏။

စာဝါတို့လည်း မမျှော်လင့် မထင်မှတ်ဘဲ ရန်သူ၏ ပြင်းထန်သော တိုက်စစ်ကို ခံရသောကြောင့် သူတို့လူလေးယောက်မှာ သွေးရဲရဲ သံရဲရဲနှင့် မရှူမလှ သေနေကြသည်ကိုတွေ့ပြီး ဆုဆုပ္ပပ္ပနှင့် အော်ဟစ်ပြီး သူ့ထက်ငါ အလုအယက်ပြန်၍ ဆုတ်ခွာသွားလေ၏။

ထိုစာဝါတို့မှာ အစဦးပိုင်းတွင် ကြောက်စိတ်ဖြင့် နောက်သို့ ဆုတ်ခွာသွားပြီး တစ်ခါပြန်၍ တစ်ပြိုင်တည်း အော်ဟစ်ဆူပူကာ ရှုးသွပ်နေသူများပမာ အတင်းခုန်လွှား ဝင်လာကြသည်။

စေချည်သည် စူးရှသော အသံနက်ကြီးနှင့် တအားကျုံးရယ်ပြီးနောက် ကိုယ်ကို အနည်းငယ် ကျုံ့လိုက်ပြီး လက်ထဲရှိဓားကို လှလှပပနှင့် ပတ်ပတ်လည် ဝှေ့ယမ်းပစ်လိုက်သောကြောင့် သူ့အနီးသို့ ဝဲပျံလာသော လူရိုင်းတို့၏ လက်နက်များမှာ လူကိုမထိဘဲ ဓားချက်နှင့် ပင် တန့်သွားလေ၏။

ပြီးမှ… စေချည်က အတင်းရှေ့သို့ လိုက်တက်ပြီး ပြင်းထန်သော ဓားချက်ဖြင့် တွေ့သမျှ လူရိုင်းတို့ကို ငှက်ပျောပင်ပိုင်းသလို ပိုင်းချလိုက်ရာ သူ့လက်ချက်ကြောင့် လူရိုင်းသုံးယောက်မှာ သွေးအိုင်ထဲတွင် လဲကျသွားလေ၏။



ကြားချိကလည်း မခေ။

သူမလည်း တတ်သရွေ့ မှတ်သရွေ့ သိုင်းပညာကို လှလှပပကြီး အသုံးချပြီး ဖြေရှင်း၏။

စာဝါတို့သည် စစ်တိုက်ရာ၌ ရဲရင့်ကြသော်လည်း သူတို့၏ တိုက်စစ်က သိမ်ငယ်သောတိုက်ကွက် သုံးလေးကွက်မျှသာ ဖြစ်၏။

သူတို့သည် သူတို့ကဲ့သို့ အခြားတိုင်းရင်းသား လူနည်းစုနှင့် တွေ့သောအခါ သူတို့၏ ရဲရင့် ရက်စက်ကြမ်းကြုတ်ခြင်းဖြင့် အနိုင်ယူခဲ့သော်လည်း ယခုလို အဆင့်မြင့်သိုင်းသမားတို့နှင့် တွေ့ရသော အခါတွင်မူ ကြိုးတုပ်ခံရသော လူပမာ စေချည်တို့ ပြုသမျှ နုနေရ တော့၏။

မည်မျှရဲသော်လည်း နောက်ဆုံးတော့ ပညာချင်း မမျှသော ကြောင့် လူရိုင်းတို့မှာ အတုံးအရုံးနှင့်ပင် သေပွဲဝင်သွားရရှာလေသည်။

✧ ✧ ✧

## အခန်း (၃၄)

## သစ်ငုတ်ကိုသင်ဖြူး ဆူးကိုမွေ့ရာ

စေချည်သည် လူကို ဆက်တိုက်သတ်သွားလျှင် ငရဲကြီးမည်ကို စိုးကြောက်လာသောကြောင့် ကြားချီအား နောက်ဆုတ်သွားရန် သဲတိပေးလိုက်သည်။

သူကိုယ်တိုင်လည်း ကြားချီကို ပြောပြီးသည်နှင့် ကိုယ်ကိုသုံးကိုက်ခန့် အမြင့်သို့ရောက်အောင် မြောက်တက်သွားပြီးမှ တိုက်ပွဲ၏ စက်ကွင်းမှ ခုန်ထွက်လာခဲ့၏။

ကြားချီလည်း စေချည်နည်းတူ ခုန်ထွက်ကာ သူတို့နှစ်ယောက်သည် ကိုယ်ဖော့ပညာကို အသုံးပြုပြီး တောင်ကမ်းပါးတစ်လျှောက်သို့ တောက်လျှောက် ရှေ့သို့အားကုန် ပြေးကြလေတော့သည်။



မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် စေချည်နှင့် ကြားချီတို့မှာ ကိုက်ငါးဆယ်ခန့် ရောက်သွားကြသည်။

နှစ်ယောက်သား နောက်ပြန်လှည့်ကြည့်သောအခါ စာဝါတို့ လိုက်မလာသည်ကို တွေ့ရမှပင် စိတ်သက်သာရာ ရသွား၏။

ကြားချီက ပြုံးပြုံးလေးနှင့် စေချည်အား ကြည့်လေသည်။

"ဒီလူရိုင်းတွေ ဒီလောက်တုံးလိမ့်မယ်လို့ ချစ်ချစ် အစကမထင်မိဘူး၊ နောင်ဆို ဒီလူရိုင်းတွေကို မကြောက်တော့ဘူး"

စေချည်က လေတိုက်ခြင်းကြောင့် မျက်နှာပေါ်တွင် ဆံစများ ဝဲကျလာသော ကြားချီ၏ ဆံပင်တိုကို လက်ဖြင့်သပ်၍ ဖယ်ပေးရင်း ပြုံးလျက်သား ပြောလာသည်။

"သိပ်လဲ အပြောကြီးပြီး ဘဝင်မမြင့်နဲ့ဦး၊ လူရိုင်းအုပ်စုကနည်းလို့ နိုင်ခဲ့တာ၊ တစ်ခါတည်း အယောက်တစ်ထောင်လောက် လူအုပ်နဲ့ ကြုံခဲ့ရင် အသက်နဲ့ကိုယ် အိုးစားမကွဲဖို့ သတိထား၊ ဒီကောင်တွေဟာ ရက်စက်ကြမ်းကြုတ်တဲ့နေရာမှာ သိပ်ကြောက်စရာကောင်းတာ"

ကြားချိမှာ မျက်လုံးလေးပြူးပြီး စိုးရိမ်တကြီး မေးလာလေ၏။

"ဟင်... ဒါဖြင့် သူတို့ဟာ လူထပ်ခေါ်ပြီးများ လာရန်ရှာဦး မှာလား ကိုကို"

စေချည်က ကြားချိကို ကရုဏာသက်စွာ လှမ်းကြည့်၏။

"ကိုကိုက ဖြစ်နိုင်တာကို ပြောတာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုကိုတို့က သူတို့လူ နှစ်ဆယ်လောက်ကို သတ်ဖြတ်ခဲ့ပြီးပြီ မဟုတ်လား"

ကြားချိမှာ စိတ်မလုံမလဲနှင့် ကြောက်သည်ထက် ကြောက် လာသည်။

"ဒါဆို... ချစ်ချစ်တို့ ဘယ်လိုလုပ်ကြမလဲ ကိုကို"

စေချည်လည်း သူမကိုကြည့်ပြီး ကရုဏာသက်လာသည်။

"ကိစ္စမရှိပါဘူး၊ သူတိုက ရှာပြန်ပြီး လူစုရဦးမှာဆိုတော့ အချိန်လိုပါသေးတယ်၊ ကိုကိုတို့ သူတို့ပိုင်နက်ထဲက အမြန်ဆုံး ထွက်သွားနိုင်ရင် ပြီးတာပဲ"

"ဘယ်လောက်ဝေးဝေး ပြေးမှ သူတို့ပိုင်နက်ထဲက လွတ်မှာ လဲဟင်"



"ဒါတော့ ကိုကိုလဲ မပြောတတ်ဘူး၊ ကိုကိုတို့ တတ်နိုင် သလောက် ရောက်တဲ့အထိ ကြိုးစားပြီး ပြေးကြတာပေါ့"

နောက်တော့...

နှစ်ယောက်သားမှာ စကားမျှမပြောနိုင်ကြတော့ဘဲ လူရိုင်းများ ရန်ကို စိုးကြောက်၍ အားသွန်ခွန်စိုက် ပြေးလိုက်ကြရာ အတော်ကြာ သောအခါ တောင်အထပ်ထပ်ကို ဖြတ်ကျော်ပြီးမှ မြေနိမ့်ပိုင်းသို့ ပြန်ရောက်သောအခါ ရာသီဥတုက ပြန်လည်၍ ပူအိုက်လာ၏။

သူတို့ရှေ့တွင် မြင်ရသော အပြောကျယ်သည့် တောကြီးကြောင့် စေချည်လည်း မြေပုံကိုထုတ်ပြီး ဂရုတစိုက် ကြည့်နေပြီးမှ သဘောကျ သလို ရယ်လျက် ကြားချိအား စကားစသည်။

"ကဲ... ချစ်ချစ်ရေ၊ ခုချိန်ကစပြီး ဒီတောရိုင်းကြီးထဲကို ဝင်ရတော့မယ်၊ အစစတော့ သတိထားရမှာပေါ့၊ အခုမှ အန္တရာယ် တွေကို စပြီးလျှောက်ရတော့မှာ"

ကြားချိလည်း စေချည်ကို အားကိုးသော မျက်လုံးများနှင့် အငေးသား ကြည့်လာ၏။

"ကိုကိုနဲ့သာသွားရရင် ချစ်ချစ်ဘာကိုမှ မကြောက်ပါဘူးရှင်ရယ်"

စေချည်လည်း ကြားချိုကို ယုယကြင်နာစွာဖက်ပြီး အမောပြေလေး တစ်ချက်နမ်း၍ တိတ်ဆိတ်စွာနှင့်ပင် ရှေ့သို့ ခြေလှမ်းကျဲကြီးနှင့် ဦးဆောင်လျှောက်သွားလိုက်သည်။ ကြားချိုလည်း ချစ်သူနောက်မှ တရွေ့ရွေ့နှင့် လိုက်နေလေ၏။

တောအုပ်ထဲသို့ ဝင်မိသောအခါ နေရာတိုင်း၌ ကြီးမားမြင့်လွန်းသော သစ်ပင်အိုကြီးများ၏ ဝေဆာရောယှက်နေသည့် အကိုင်းအခက်တို့၏ အရိပ်အာဝါသကြောင့် တောကြီး မှောင်မှောင်မည်းမည်းကြီးဖြစ်ပြီး စိတ်ချောက်ချားဖွယ်ရာကောင်းသော ကမ္ဘာလေးသို့ ရောက်နေသလို ထင်မှတ်ရ၏။

သို့ဖြင့် သစ်ပင်များပေါ်တွင်လည်း အုပ်လိုက်ချိုလျက်ရှိသော မျောက်များစွာသည် အော်မြည်ရင်းနှင့် ကူးလွှားခုန်ပျံ ဆော့ကစားနေလေသည်။

မြေကြီးပေါ်တွင်လည်း ချုံများ၊ မြက်များက ခြေသလုံးဖုံးလုမတတ် ရှိနေပြီး မြွေ၊ ကင်း စသော သတ္တဝါများကိုပါ



ရှောင်ကွင်းလျက် သွားနေရသည်မှာ စေချည်တို့အတွက် အလုပ်တစ်ခုလို ဖြစ်နေ၏။

သည်ကြားထဲ ဟိန်းဟောက် မာန်မဲ မြည်တွန်နေသော တောနေသတ္တဝါတို့ အသံကလည်း တစ်ချက်တစ်ချက်တွင် သည်းခြေပျက်လောက်အောင် ထွက်လာတတ်သည်။

ကြားချိုအနေနှင့် မိန်းမသားပီပီ ကြောက်စိတ်ရှိသည် မှန်သော်လည်း၊ လုံးဝ နဖူးတွေ့ဒူးတွေ့ မရှိခဲ့ဖူးသော အတွေ့အကြုံအသစ်နှင့် ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာလိုသော စိတ်က စေ့ဆော်နေခြင်းအတွက် သူမသည် တက်တက်ကြွကြွနှင့် စေချည်နောက်မှ လိုက်နေလေတော့၏။

"ကိုကို...ဒီတောထဲမှာ မြွေသာမရှိရင် သိပ်ပျော်စရာကောင်းမှာပဲနော်"

စေချည်သည် လမ်းတွင် တွေ့နေရသော ဆူးညှောင့်ခလုတ်တောများ စသည်တို့ကို ခုတ်ထွင်ရှင်းလင်းရင်းနှင့် ဦးဆောင်သွားနေရာမှ ကြားချိုစကားကြောင့် အသံထွက်အောင် ရယ်လာတော့ပြန်သည်။

"ချစ်ချစ်သဘောက ဒီတောထဲမှာ မြွေပဲကြောက်စရာ အကောင်းဆုံးလို့ ဆိုတာပေါ့"

"ဟုတ်တယ်၊ ချစ်ချစ်လဲ မြွေတစ်မျိုးပဲ ကြောက်တာ၊ မြွေက လွဲလို့ ဘာကိုမှ မကြောက်ဘူး"

ကြားချိုစကားကြောင့် စေချည်ပင် အံ့ဩသလို ဖြစ်သွား၏။

"ဟ... ဘာဖြစ်လို့လဲ အချစ်ရဲ့"

"ချစ်ချစ်လဲ မပြောတတ်ဘူး၊ မိန်းမတွေရဲ့ သဘာဝအကျင့် လို့ပဲလားတော့ မသိဘူး၊ ချစ်ချစ်တော့ မြွေတွေ့တာနဲ့ တစ်ကိုယ်လုံး ပျော့ခွေပြီး လန့်သေမလား မပြောတတ်ဘူး"

သူတို့သည် စကားတပြောပြောနှင့် သုံးလေးမိုင်ခန့် ရောက်သော အခါ စေချည်လည်း ခြေစုံရပ်ပြီး ကြားချိုအား စကားမပြောရန် လက်ပြပြီး အရပ်ရှစ်မျက်နှာကို ဂရုတစိုက် လှေ့လာကြည့်ရှုနေ၏။

ထိုကဲ့သို့ ကြည့်ရှုလေ့လာပြီးမှ စေချည်သည် မျက်မှောင်ကုပ်၍ နေကာ ကြားချိုအား လေသံတိုးတိုးနှင့် မေးလေ၏။

"ချစ်ချစ်... မင်းစိတ်ထဲမှာ တစ်စုံတစ်ခုများ ခံစားလိုက်ရ သလား"



"ဘာများလဲ ကိုကို"

ကြားချိုက နားမလည်သောကြောင့် ပြန်၍မေးသည်။

"ငှင်ထဲမှာ ကျပ်နေတယ်လို့ မထင်ဘူးလား"

"အင်း... ဟုတ်တယ်၊ ကိုကိုပြောမှ သတိထားမိတယ်၊ နောက်ပြီး ချစ်ချစ် ထူးခြားတဲ့အနံ့တစ်မျိုးကိုလဲ ရှူရှိုက်မိသလိုပဲ"

စေချည်သည် ဘာမျှဆက်၍ မစဉ်းစားတော့ဘဲ ဆေးပုလင်းကို ထုတ်၍ သူမအား ဆေးတစ်လုံးပေးလိုက်လေသည်။

"မြန်မြန် မျိုချလိုက်"

ထိုသို့ပြော၍ သူကိုယ်တိုင်လည်း ဆေးတစ်လုံးကို မျိုလိုက် သည်။ ကြားချိုမှာ ဆေးကိုမျိုပြီး အထိတ်တလန့်နှင့် မေးကြည့်လေ၏။

"ချစ်ချစ်တို့ အဆိပ်များ သင့်နေပြီလား ကိုကို"

"ပြောလို့တော့မရဘူး၊ အဆိပ်ငွေ့ရှိတဲ့ မြူနှင်းကို ရှူရှိုက်မိပြီလို ထင်တာပဲ"

ဆေးကို မျိုပြီးခဏကြာ၍ ရှိလာသောအခါ နှစ်ယောက်စလုံးမှာ အေးမြမွှေးကြိုင်သောအနံ့နှင့် အရသာကို ခံစားရလာတော့၏။

စောစောက သူတို့ရင်၌ ဖြစ်ပေါ်ခဲ့သော တင်းကျပ်ခြင်းသည်လည်း ကြက်ပျောက်ငှက်ပျောက်ပင် ပျောက်သွားတော့၏။

သည်တော့မှပင် စေချည်တို့လည်း စိတ်လက်ပေါ့ပါးစွာနှင့် ရှေ့သို့ ဆက်၍ ခရီးနှင်ကြလေသည်။

ခြေလှမ်းတစ်ရာမျှ မရောက်သေးခင် စေချည်သည် ရုတ်တရက် ရပ်တန့်သွားပြီးနောက် စူးရှထက်မြက်သော မျက်လုံးများနှင့် ဘယ်ဘက်တောအုပ်ဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။

ကြားချိုလည်းစေချည်၏အပြုအမူကို ကြည့်ပြီး တိုးတိုးစွာ မေး၏။

"ဘာဖြစ်လို့လဲ ကိုကို"

စေချည်သည် စကားမပြောရန် အရိပ်အခြည်ပြပြီးနောက် လေသံလေးနှင့် ပြော၏။

"သတိထား၊ ကိုကို ဟိုဘက်ကို..."

"ဝုန်း..."

စေချည့် စကားမဆုံးမီ ဘယ်ဘက်တောမှ ဟိန်းထွက်လာသော အသံနှင့်အတူ ရောမကျားကြီးတစ်ကောင် ခုန်ထွက်လာ၏။



ကျားက သူတို့ကို တစ်ချက်မျှ ခပ်စိန်းစိန်း လှမ်းကြည့်သည်။ ကြားချိုလည်း ကျားကိုမြင်လိုက်ရသောကြောင့် ကျောထဲရင်ထဲ ချမ်းစိမ့်၍ တုန်လှုပ်စွာနှင့် ကြောက်ရွံ့ပြီး ဘေးဘက်သို့ ရှောင်လိုက်သည်။

စေချည်ကမူ မရှောင်ဘဲ ရပ်နေရင်း ကျားကြီး မိမိရှိရာသို့ ခုန်အုပ်လာသောအခါမှသာ ရုတ်တရက် ကိုယ်ကို အောက်သို့ကျုံ့လိုက်ပြီးလျှင် သွက်လက်စွာနှင့် ဓားရှည်ကို အပေါ်သို့ ထိုးထောင်လိုက်တော့သည်။

ရောမကျားကြီးမှာ ထောင်တက်နေသော ချွန်မြသည့် ဓားဦးကို ရှောင်မလွှတ်သောကြောင့် ဝမ်းဗိုက်ပိုင်းက ဆွဲခွဲလိုက်သလို ပေါက်ပြဲသွားတော့၏။

ကျားကြီးသည် နားကွဲလုမတတ် ဟိန်းလိုက်ပြီးနောက် မြေကြီးပေါ်သို့ ဝိုင်းခနဲကျလျက် သေဆုံးသွားတော့သည်။

ကြားချိုလည်း ခုမှပင် အသက်ရှုနိုင်ပြီး စေချည်၏ လျင်မြန်ဖျတ်လတ်သော ဓားချက်ကို သဘောကျသွားကာ လက်ခုပ်တီးလျက် ချီးကျူးပေးလာ၏။

"ကိုကိုကွ... ဒါမှ တို့ချစ်ချစ်ကိုကို၊ ကိုကို ဒီတစ်ခါ... အမယ်လေး..."

စကားအဆုံး မသတ်နိုင်ဘဲ ကြားချိမှာ အလန့်တကြားနှင့် ငယ်သံပါအောင် အော်လာသည်။

ကြားချိထိုသို့ အသည်းတုန်အူတုန်မတတ် လန့်အော်ခြင်းမှာ ဝါးဘိုးဝါးအရင်းပိုင်းအရွယ်ရှိ မြွေကြီးတစ်ကောင် ရုတ်တရက် အပင်တစ်ပင်၏ အကိုင်းတစ်ခုမှ တွဲလွဲခိုနေရင်း ကျလာပြီးလျှင် ကြားချိ၏ သိမ်ကျဉ်သော ခါးလေးကို ရစ်ပတ်လိုက်သည်။

နဂိုကပင် မြွေကိုကြောက်ရွံ့သော ကြားချိလည်း ဖြန်းခနဲ မြွေကြီးတစ်ကောင်လုံးက သူမကိုယ်ကို ပတ်လိုက်သောကြောင့် လိပ်ပြာလွင့်စဉ်မတတ် ကြောက်လန့်သွား၏။

ကံကောင်းသည်။ ကြားချိတွင် ထက်မြက်သော သိုင်းပညာကို တတ်ထားသူမို့ သူမသည် မြွေကြီးကိုယ်ကို ပတ်လိုက်သည်နှင့် မြွေကြီး၏ခေါင်းကို တအားဖိညှစ်ထားပြီးလျှင် သူကိုယ်တိုင်လည်း ရုတ်ခနဲ သစ်ပင်ကြီးတစ်ပင်နားသို့ ရွေ့သွားကာ ထိုခေါင်းအား အတင်းဆောင့်ဆွဲ၍ တိုက်လိုက်သည်။



အရဲစွန့်၍သာ လုပ်သော်လည်း မြွေကြောက်သူပီပီ အသံတုန်တုန်နှင့် လှမ်းအော်သည်။

"ကိုကို... ချစ်ချစ်ကို ကယ်ပါဦး၊ လုပ်ပါဦး"

တစ်ဘက်တွင် အန္တရာယ်ကို လေ့လာနေသော စေချည်လည်း လှည့်ကြည့်ပြီး ကြားချိအဖြစ်ကိုမြင်ကာ ကြားချိဆီသို့ လှမ်းခုန်လာ၍ လက်ထဲရှိ ဓားရှည်နှင့် မြွေကြီးခေါင်းကို တစ်ချက်တည်း ပိုင်းချလိုက်၏။

မြွေကြီးမှာ သေသွားသော်လည်း မြွေကိုယ်ထည်ကမူ ကြားချိကို တင်းကျပ်စွာ ပတ်မြဲတိုင်း ပတ်နေ၏။ စေချည်လည်း သူ့ဓားရှည်ဖြင့် မြွေကို အပိုင်းပိုင်းပြတ်အောင် ခုတ်ပိုင်းလိုက်မှသာ သူမအား ဆွဲထုတ်နိုင်၏။

ကြားချိလည်း မြွေပတ်ခြင်းမှ လွတ်သွားသည်နှင့် သူလည်း အကြောက်လွန်ကာ မြေကြီးပေါ်သို့ ပုံလျက်သား လဲကျသွား၏။

စေချည်က ကမန်းကတန်းနှင့် သူမအား တွဲယူပေးမ၍ ကြင်နာစွာ မေးလာသည်။

"ဒဏ်ရာများရသလား ချစ်ချစ်"

ကြားချိမှာ စကားမှ မပြောနိုင်ဘဲ ခေါင်းကို တွင်တွင်ခါနေရာမှ ရှိုက်ကြီးတငင် ငိုကြွေးလာ၏။ စေချည်မှာ ခြေမကိုင်မိ လက်မကိုင်မိနှင့် မျက်လုံးမျက်ဆန် ပြူးသွား၏။

"မငိုနဲ့ ချစ်ချစ်... မငိုနဲ့နော်၊ ချစ်ချစ် ကြည့်လိုက်ပါကွယ်၊ ကိုကိုက တစ်ချက်တည်းနဲ့ မြွေကို ခုတ်သတ်လိုက်ပြီ၊ ဘာမှ မရှိတော့ဘူး"

ကြားချိမှာ မျက်ရည်လည်ရွဲနှင့် စေချည်ကိုမော့၍ ကြည့်သည်။

သို့တိုင် ကြားချိမှာ အကြောက်မပြေသေးဘဲ တသိမ့်သိမ့် ငိုလာပြန်သည်။ ကြားချိလည်း ချော့၍မရအောင် ဖြစ်သွားသဖြင့် ခြောက်လိုက်ပြန်သည်။

"အေး... ချစ်ချစ် ငိုနေ၊ တော်ကြာ ချစ်ချစ်ငိုသံကို ပလွေသံ ထင်ပြီး မြွေတွေအများကြီးလာနေမှ ကြည့်ကောင်းနေမယ်"

ကြားချိလည်း ထိုအခါမှပင် ပို၍ ကြောက်လာကာ ချက်ချင်း အငိုတိတ်သွားပြီး စေချည်အား ခပ်တင်းတင်း ဖက်ထားလေ၏။

"ကို... ကိုကို... လျှောက်မပြောနဲ့နော်"



"ကိုကိုက အကောင်းပြောတာပါ၊ မြွေဆိုတဲ့ သတ္တဝါက သီချင်းကြိုက်တော့ ချစ်ချစ်ငိုသံကို သီချင်းသံထင်ပြီး လာမှာစိုးလို့ ပြောတာ"

ကြားချိလည်း ထိုအခါ ချက်ချင်းထ၍ မတ်တတ်ရပ်လိုက်တော့သည်။

"ဒီလိုဆို ချစ်ချစ်တို့ ဒီကနေ အမြန်ဆုံး ထွက်သွားကြရအောင်နော်"

စေချည်လည်း ခေါင်းညိတ်ပြီး ဓားရှည်ကိုဆွဲ၍ စတင်လျှောက်လိုက်သည်။

• • •

ည...

တစေနှင့် အမှောင်ထုက တောအုပ်တစ်ခုလုံးကို လွှမ်းခြုံလာလေသည်။

ညမှောင်စ ဖြစ်နေခြင်းကြောင့် အိပ်တန်းတက်လာကြသော ပုရစ်များနှင့် အခြားတောကောင်တို့၏ အသံတို့က ဆူညံစွာ ပေါ်လာသည်။

စေချည်တို့လည်း အခြေအနေအရ ထိုတောအုပ်၌ပင် စခန်းချရ လေ၏။

စေချည်သည် ပတ်ဝန်းကျင်တစ်ခုလုံးကို သေသေချာချာ နှိုက်နှိုက်နှံ့နှံ့ အကဲခတ်ပြီးမှ ကြားချီကို ပြောလေသည်။

"ကိုကိုတို့ ရှေ့ကိုနည်းနည်းဆက်သွားကြည့်ရအောင် ဝူလေ ဘာလေးတွေရင်တော့ အကောင်းဆုံးပေါ့၊ မတွေ့တဲ့အဆုံးကျတော့ သစ်ပင်ပေါ်တက် အိပ်ရမှာပဲ"

"ချစ်ချစ် သစ်ပင်ပေါ် တစ်ခါမှ တက်မအိပ်ဖူးဘူး၊ ကိုကိုကော

"အေး… ကိုကိုလဲ မအိပ်ခဲ့ပါဘူး၊ ဒါပေမယ့် ဒီလိုတောရိုင် ထဲမှာကျတော့ သစ်ပင်ပေါ် တက်အိပ်မှ လုံခြုံတာ"

ကြားချီလည်း မသိမသာ သက်ပြင်းချရင်းနှင့် မချင့်မရဲပြော၏

"ချစ်ချစ်လဲ ခုမှပဲ ဒီတောရိုင်းရဲ့အရသာ တော်တော်ခံ ခက်တယ်ဆိုတာ သိရတော့တယ်"

စေချည်လည်း သူမအား သနားကြင်နာစွာ ကြည့်လာသည်

"ဘာလဲ… အရသာသိလို့ နောင်တရပြီပေါ့ ဟုတ်လား



"ဟင့်အင်း… မဟုတ်ဘူး၊ အရသာက အတော်အခံရ ခက်တယ်လို့သာ ပြောတာပါ၊ ဘယ်တော့မှ နောင်တမရဘူးလို့ မှတ်ပါနော်"

ကြားချီက အားကျမခံဘဲ မဲ့ကာရွဲ့ကာ ပြောလာသည်။

"ဒီလိုဆို တော်သေးတာပေါ့၊ ကိုကို့အနေနဲ့ကတော့ ဒီအထိ ခက်ခက်ခဲခဲ လာပြီးမှ စိတ်ဓာတ်မကျဘဲ ကိုကိုနဲ့အတူ ရွှေမြို့တော်အထိ လိုက်စေချင်လို့ ပြောတာပဲ ချစ်ချစ်"

စေချည်၏ ရင်ထဲ အသည်းထဲမှ ပြောလာသော စေတနာ စကားကို ကြားရသောအခါ ကြားချီရင်ထဲတွင် အတိုင်းမသိ ကြည်နူး ချမ်းမြေ့လာသည်။

• • •

ည…

ပို၍မှောင်မည်း နက်ရှိုင်းလာလေသည်။

မိမိ၏ လက်ငါးချောင်းကိုပင် မမြင်ရတော့သော အမှောင်မျိုးက စိုးမိုးလာခြင်းကြောင့် သူတို့သည် သစ်ပင်တစ်ပင်ပေါ်သို့ တက်သွားပြီး ကြီးမားတုတ်ခိုင်သော အကိုင်းကြီးတစ်ခု၌ ထိုင်ချလိုက်ကြ၏။

ညဖြစ်ခြင်းကြောင့် တောရိုင်း၌ ဖြစ်ပေါ်သော မြင်ကွင်းတစ်ခုက လူကိုပို၍ သည်းထိတ်ရင်ဖိုစေနိုင်သည်သာမက ကယောင်ချောက်ချား လည်း ဖြစ်စေ၏။

ထိုအထဲတွင် အခံရအခက်ဆုံးအရာက မရေမတွက်နိုင်သော ခြင်များသာ တဝီဝီနှင့် တောရိုင်းတစ်ခုလုံး၌ ပျံ့နှံ့လျက်ရှိ၏။

ကိုက်ရုံခဲရုံသာမက သူတို့၏ ဝိုင်းအုံ၍ အော်နေသော အသံ ကြောင့် စေချည်တို့လည်း စိတ်ပျက်လာတော့သည်။

စေချည်နှင့် ကြားချိုတို့လည်း ခြင်တို့၏ အော်မြည်သံကို မခံနိုင် တော့သည့် အဆုံးတွင် အဝတ်အစားကိုထုတ်ပြီး တစ်ကိုယ်လုံးကို ရစ်ပတ်လျက် လွှမ်းခြုံထားလိုက်သည်။

သို့တိုင် အချို့ခြင်က သွေးငတ်နေသော သတ္တဝါများပီပီ အဝတ်အစားပေါ်မှတိုး၍ အသားထဲရောက်အောင် ဖွဲနပဲနှင့် သွေးစုပ်ကြ သေးသည်။



ထိုခြင်တို့၏ ဒဏ်ကို မခံနိုင်ရှာသော ကြားချိုလည်း စိတ်ပျက် ရှာနှင့် ညည်းလာတော့၏။

"ကိုကိုရယ်… တဆိတ်လောက် အကြံထုတ်ပြီး ဒီခြင်စုတ် တွေကို မောင်းထုတ်လိုက်စမ်းပါ၊ ကြာရင် ချစ်ချစ်တော့ ခံနိုင်ရည်ရှိမှာ မဟုတ်တော့ဘူး"

"အေး… ချစ်ချစ်ပြောတာတော့ လွယ်တာပေါ့၊ ကိုကိုသာ ခြင်ကို မောင်းနိုင်ရင် ချစ်ချစ်ပြောတောင် မနေရဘူး"

စေချည်လည်း စိတ်ပျက်လက်ပျက်နှင့်သာ ဖြေလိုက်သည်။

ကြံရာမရသည့် အဆုံးတွင်တော့ ကြားချိုက အကြံပေး လာသည်။

"ချစ်ချစ်တို့သစ်ပင်အမြင့်ကြီးပေါ် တက်ကြည့်ရင် မကောင်းဘူး လား။ မြင့်တဲ့နေရာမှာ ခြင်ရှိချင်မှ ရှိမယ်ထင်တယ်"

စေချည်လည်း ကြားချို ပြောသည့်အတိုင်း သစ်ပင်အမြင့်ပိုင်းသို့ ပေါ်၍ တက်သွားပြန်၏။

သစ်ပင်၏ အမြင့်ဆုံးထိပ်နားသို့ ရောက်သောအခါ ခြင်သံကို မကြားရတော့ချေ။ ခြင်ကိုက်ခြင်းမှလည်း သက်သာသွားတော့၏။

ထိုအခါမှ ကြားချိုက ဝမ်းသာအားရနှင့် ကြားချိုကို ပြောလာသည်။

"ဟန်ကျလိုက်တာနော်၊ အမြင့်မှာ လေတိုက်တော့ ခြင်က အပေါ်ကို ပျံမလာရဲတော့ဘူး"

"ကဲ… ဒီအတိုင်းပဲ မိုးလင်းထိ ထိုင်ရမှာပဲ၊ အောက်မှာနေလဲ အိပ်မရတဲ့အတူတူ… ဟောဟိုဟာက ဘာကြီးပါလိမ့်"

စေရှည် ပြောနေရင်းနှင့် တစ်စုံတစ်ရာကို လှမ်းမြင်လိုက်သောကြောင့် စူးစိုက်လျက်သား ကြည့်နေလေတော့၏။

ကြားချိုလည်း ထိတ်လန့်စွာနှင့်ပင် စေရှည်ကြည့်ရာကို လှမ်းကြည့်၏။

"ဘာများလဲ ကိုကို၊ ကိုကို ဘာကို ပြောနေတာလဲ"

စေရှည်လည်း အပင်ရှိ အကိုင်းအခက်များကို လက်နှင့်ဖယ်၍ အဝေးတစ်နေရာကို လက်ညှိုးထိုး၍ ပြလေသည်။

"ချစ်ချစ် ကြည့်စမ်း၊ ဟိုနားမှာ မီးရောင်လေးလိုပဲ"

သူတို့နှင့် နှစ်မိုင် ဝန်းကျင်အကွာ၌ လှဲ့လှဲ့လှဲ့လှဲ့နှင့် မီးပြောက်ကလေးက မြူးထူးနေသည်ကို ကြားချိုလည်း တွေ့မြင်လိုက်ရသည်။



"ချစ်ချစ် စိတ်ထင်တော့ လူနေတဲ့ရွာဖြစ်မယ် ထင်တယ်၊ သွားကြည့်ကြမလား"

"အင်း… ကောင်းတော့ ကောင်းသားပဲ၊ ဒါပေမယ့် စာဝါတွေရဲ့ ရွာဖြစ်နေရင် ခွကျနေဦးမယ်"

စေရှည်က စဉ်းစဉ်းစားစားနှင့် ချင့်ချိန်ပြောလေ၏။

"ကိစ္စမရှိပါဘူးလေ၊ ချစ်ချစ်တို့က တိတ်တခိုး သွားမယ့်ဟာပဲ၊ စာဝါရွာဆိုရင် လှည့်ပြန်ရုံပေါ့၊ တကယ်လို့ သဘောကောင်းတဲ့ တမြားလူရှိင်းဆိုရင် သွားပြီး တည်းခိုခွင့် တောင်းရအောင်နော်"

ကြားချိုက သူ့ရင်ထဲရှိသည့်အတိုင်း ပြောပြလာ၏။

"ချစ်ချစ်ပြောသလို ကောင်းပါတယ်၊ ဒါနဲ့ ချစ်ချစ်ကော ဟိုနားထိရောက်အောင် ပြေးနိုင်စွမ်း ရှိရဲ့လား"

စေရှည်သည် ကြားချိုကို စိတ်မချသောကြောင့် မေးကြည့်၏။

"ရပါတယ်၊ ကိုယ်ဖော့ ကိုယ်ခံပညာဟာ ချစ်ချစ်အပိုင်ဆုံး ပညာပဲ ကိုကိုရဲ့"

ကြားချိုက သူ၏ပိုင်နိုင်သော ပညာစွမ်းကို ဂုဏ်ဖော်၍ ပြောလာလေသည်။

"ကိုင်း... ကောင်းပြီ၊ ဒါဆို ကိုကို့နောက်လိုက်ခဲ့"

စေချည်တို့သည် ကိုယ်ဖော့ပညာစွမ်းဖြင့် ပျံပျံလေး မြင်နေရသော မီးရောင်ရှိရာ အရပ်သို့ ကိုယ်ဖော့ပညာဖြင့် ပြေးလွှားသွားကြလေ၏။

တစ်ခဏအတွင်းမှာပင် သူတို့နားထဲသို့ ပလွေသံ၊ စုံသံ၊ သီချင်းဆိုသံကို ကြားရလေ၏။

ထို့ပြင် ထိုရွာကလေးရှိ လှုရိုင်းများမှာ တစ်စုံတစ်ရာကိုဂုဏ်ပြုနေသလို သုံးလေးရာသော လူရိုင်းများက မီးတုတ်ကိုမြှောက်၍ မြှောက်၍ ကွင်းပြင်ကို ပတ်ကာပတ်ကာ ကခုန်တီးမှုတ် သီဆိုနေကြ၏။

ထိုထက်နီးသော နေရာသို့ ရောက်သောအခါ စေချည်တို့ နှစ်ယောက်စလုံး ကျောတပြင်လုံး စိမ့်သွားပြီး ဖျားချင်ချင် ဖြစ်လာသည်။

မြင်နေရသော ထိုလူရိုင်းအစုက သူတို့ စိုးရိမ်ထိတ်လန့်နေသော လူမျိုးပင် ဖြစ်နေ၏။

ကြားချီသည် လူရိုင်းများကို အထိတ်တလန့် တိတ်တဆိတ် ချောင်းကြည့်နေရင်းမှ စေချည်ကို အသံတိုးတိုးလေးနှင့် မေးလာ၏။



"သူတို့တတွေ ဘာလုပ်နေကြတာလဲ ကိုကို"

"ကိုကို့အထင်တော့ သူတို့ဟာ နတ်တင်ပြီး ပျော်ပွဲရွှင်ပွဲ ကျင်းပတာနဲ့ တူတယ်"

"ဟင်...ဟုတ်ပါရဲ့၊ ကိုကို... ဟိုမှာကြည့်စမ်း၊ သူတို့ ဟိုပစ်ဒီပစ်နဲ့ လုပ်နေကြတယ် တွေ့လား"

ကြားချီက ကြောက်ရွံ့သံလေးနှင့် ပြောလာ၏။

သူတို့ တွေ့နေရသော စာဝါများမှာ ပျို့အိုမရွေး လူစုံတက်စုံ ရှိနေကြ၏။

အားလုံးက တိုင်တစ်တိုင်ကို ဝိုင်း၍ပတ်ပြီး ကခုန်တီးမှုတ်နေကြလေသည်။ တချို့က ကလေးများ ကစားသလိုလို ဟိုပစ်သည်ပစ် လုပ်လျှက် ပျော်နေကြ၏။

ကြားချီမှာ သူတို့အပြုအမူကိုကြည့်ပြီး စက်ဆုပ်ရွံရှာလာသောကြောင့် စေချည်ကို အမြန်ဆွဲ၍ပြန်ရန် ပြောသည်။

"ကိုကို... သွားကြစို့၊ ချစ်ချစ်တော့ ကြည့်တာနဲ့ ရွံလာပြီ"

"ခဏနေဦး၊ ဟိုတိုင်ပေါ်မှာ ဟန်လူမျိုး သုံးယောက်ကို ချည်ထားတာ ရှိသေးတယ်"

စေချည်စကားကြောင့် ကြားချိုလည်း အလန့်တကြား မေးမိလေသည်။

"ဘယ်မှာလဲဟင်"

စေချည်သည် ကွင်းပြင်၏ ညာဘက်ကို လက်ညှိုးထိုးပြ၏။

ကြားချိုလည်း စေချည် ညွှန်ပြသောနေရာကို လိုက်ကြည့်သောအခါ ရုပ်ရည်ခန့်ညားသော လူလတ်ပိုင်း ဟန်သုံးယောက်ကို တိုင်ပေါ်၌ တုပ်နှောင်ထားသည်ကို တွေ့မိတော့၏။

"ကိုကို သူတို့ကို သိလို့လား"

ကြားချိုလည်း စေချည်ကို စူးစမ်းသလို မေးပြန်သည်။

"ဟုတ်တယ်၊ တစ်ခါမြင်ဖူးတယ်၊ သူတို့ဟာ 'ခွန်တုံ'အဖွဲ့ရဲ့ လူစွမ်းကောင်းပဲ၊ အလယ်က ချုံဖုဖိန်လို့ခေါ်တယ်လေ၊ ဘယ်ဘက်က 'မော်ဝန်'၊ ညာဘက်က 'မော်ကျုန်'လို့ခေါ်တယ်လေ"

"လက်စသတ် တော့ ဒီလူသုံးယောက်က ကိုကိုတို့နောက်မှာ တကောက်ကောက် လိုက်နေတာကိုး"

စေချည်သည် ပြောရင်းနှင့် တစ်စုံတစ်ရာကို စဉ်းစားနေပြီးမှ ဆက်ပြော၏။



"သူတို့ ဘယ်လိုလုပ်ပြီး အဖမ်းခံရသလဲဆိုတာ စဉ်းစားလို့တောင် မရဘူး၊ သူတို့ရဲ့ သိုင်းပညာအဆင့်နဲ့ဆိုရင် ဒီစာဝါတွေကို ရှောင်ဖို့ဆိုတာ အလွယ်လေးပါ"

စေချည်က လေးလေးနက်နက် ပြောလေသည်။

✧ ✧ ✧

## အခန်း (၃၅)

## ငရဲသားလက်မှ လူသားသုံးဦး

"အဲဒါက လောဘကို အတောမသတ်နိုင်တဲ့ဒဏ်ပဲကိုကို၊ သူတို့ စာဝါလက်ထဲ ရောက်သွားတာပဲ ကောင်းတယ်၊ ဒါမှမဟုတ်ရင် ချစ်ချစ်တို့နဲ့ ထိပ်တိုက်တွေ့ရင် ပိုတောင် အလုပ်ရှုပ်ဦးမယ်"

ကြားချိုက လောဘသားသုံးယောက်ကို မနှစ်မြို့သလိုကြည့်ပြီး ပြောလိုက်၏။

ဒါပေမယ့်…

သူမစကားကြောင့် စေချည်က ခေါင်းကိုယမ်း၍ ခါပြ၏။



"မဟုတ်ဘူး ချစ်ချစ်၊ ကိုကိုတို့ သူတို့ကို သွားကယ်ရမယ်"

စေချည်စကားကိုကြားပြီး ကြားချိုမှာ မယုံသလိုနှင့် ကြည့်လာလေ၏။

"ကိုကို ရူးနေပြီလား၊ သူတို့ဟာ ချစ်ချစ်တို့ဆီက ရွှေမြို့တော်မြေပုံကို အလစ်သုတ်ချင်နေတယ်ဆိုတာ သိလျက်သားနဲ့ ကိုကိုရယ်"

"ချစ်ချစ်ပြောတာ ကိုကိုလက်ခံပါတယ်၊ သူတို့ရဲ့ စိတ်နေသဘောထားက ယုတ်မာပေမယ့် သူတို့ဟာ ဒီလောက်အဖြစ်ဆိုးမျိုးနဲ့ သေဒဏ်အစတ်ခံရလောက်အောင်တော့ အခြေအနေမဆိုးသေးပါဘူးကွယ်"

"ကိုကို သူတို့ကို ကယ်လိုက်ချင်တာတော့ ထားပါတော့၊ သူတို့ဟာ လွတ်သွားတော့ ကျေးဇူးကို ကျေးဇူးမှန်း မသိဘဲ ကိုကို့ဆီက ရွှေမြို့တော်မြေပုံကို လုယူမှာ မစိုးရိမ်ဘူးလားဟင်"

ကြားချိုက အလိုမတူသောကြောင့် မကျေမနပ်နှင့် ပြောလာပြန်၏။

"မစိုးရိမ်ဘူးလို့တော့ ဘယ်ဟုတ်ပါ့မလဲ ချစ်ချစ်ရယ်၊ လူ့မှုရေးအရတော့ ဒုက္ခရောက်နေသူကို မြင်တွေ့ရင် ကယ်တင်ဖို့ဟာ သိုင်းသမား

တစ်ယောက် လုပ်သင့်လုပ်ထိုက်တဲ့တာဝန်က ရှိသေးတယ်မဟုတ်လား၊ စေတနာဆိုတာ အကျိုးပေးတတ်ပါတယ်"

"အကျိုးက ပေးပါလိမ့်မယ် အားကြီး၊ လူကို ကျိုးအောင် လုပ်မသွားရင် ကံကောင်း"

ကြားချိုက မဲ့ကာရွဲ့ကာ ပြောနေသလောက် စေချည်က ပြုံး၍သာနေ၏။ စေချည်၏ မထုံတက်တေးအပြုအမူကို ကြည့်ပြီး ကြားချိုမှာ မချင့်မရဲ ဖြစ်ရပြန်၏။

"သူတို့ကို ကယ်တာတော့ ဟုတ်ပါပြီ၊ တကယ်တမ်း သူတို့ လွတ်သွားတဲ့အခါ ကိုကို့ဆီက မြေပုံကိုလုရင် ဘယ့်နှယ်လုပ်မလဲ"

"ပြောဆိုဆုံးမလို့မရရင် အဲဒီအချိန်ရောက်မှ သူတို့ကို ရှင်းတန် ရှင်းပစ်ရမှာပေါ့"

ကြားချိုလည်း ပြော၍ရမည်မဟုတ်သည်ကို သိသောကြောင့် လက်လျှော့လိုက်၏။

"ကောင်းပြီလေ... ရှင့်သဘောပဲ၊ တစ်ခုတော့ရှိတယ် ဒါလောက်များတဲ့ စာဝါကြားမှာ ကိုကို သူတို့ကို ဘယ်လိုလုပ် ကယ်နိုင်မှာလဲ"



"ချစ်ချစ် စောင့်ကြည့်နေလေ၊ ချစ်ချစ် ကိုကိုဘယ်လောက် အကြံပိုင်သလဲဆိုတာ မျက်မြင်ကိုယ်တွေ့ မြင်ရမှာပေါ့"

စေချည်သည် ထိုသို့ ပြောပြီးနောက် သစ်ပင်ပေါ်မှ လွှားခနဲ ခုန်ချလိုက်ပြီး ခါးကိုကိုင်း၍ မြွေလိုသွားကာ စာဝါတို့၏ တဲဆီသို့ ရှေ့ရှုလျက် တိတ်တခိုး သွားလိုက်သည်။

သူသည် တဲအိမ်သုံးလေးလုံးခန့် ဖြတ်ကျော်ပြီးနောက် ကွင်းပြင်နှင့် ခြေလှမ်းတစ်ရာခန့် ကွာဝေးသော တဲလေးရှေ့မှာ ထိုင်ချကာ မီးစတစ်ခုကိုယူ၍ တဲလေးကို မီးရှို့လိုက်ပြီးလျှင် တောအုပ်ထဲသို့ ပြန်လည်ခုန်ဝင်သွား၏။

တဲက မီးအလွယ်ကူဆုံးလောင်သော အရာဖြစ်သောကြောင့် တမုဟုတ်ချင်းမှာ မီးတောက်က တဟုန်းဟုန်းနှင့် ထလောင်လာတော့သည်။

မီးတောက်ကြီး မြင်လိုက်သည်နှင့် ကခုန်နေသော စာဝါတို့မှာ လန့်ဖျပ်သွားကြကာ ချက်ချင်း အုန်းအုန်းကျွက်ကျွက် ဖြစ်သွားပြီးလျှင် ရှိသမျှ စာဝါတို့က မီးလောင်နေသော တဲဆီသို့ အလုအယက်နှင့် ယောက်ယက်ခတ် ပြေးကြလေ၏။

တစ်ခဏအတွင်းမှာပင် ကွင်းပြင်ထဲတွင် သစ်ပင်၌ ချည်ထားသော လှည်းယောက်မှလွဲ၍ စာဝါတစ်ယောက်မျှ မရှိတော့ချေ။

စေချည်လည်း သူမှန်းသောအကွက် ဆိုက်လာခြင်းကြောင့် တစ်အား တက်သွားသည်။

သူသည် အချိန်မဖြုန်းတော့ဘဲ ချုံဖုဖိန်တို့ရှိရာသို့ လျှင်မြန်စွာ ခုန်လွှား၍ ရောက်လာပြီးလျှင် သူတို့အား တင်းကျပ်စွာ တုပ်နှောင်ထားသော နွားသားရေကြိုးကို ဓားမြှောင်ဖြင့် လှီးဖြတ်လိုက်သည်။

ချုံဖုဖိန်က မမျှော်လင့်ဘဲ သူတို့သေခါနီးမှ မိုးပေါ်မှကျလာ၍ ကယ်တင်သော ကယ်တင်ရှင် စေချည်အားကြည့်ပြီး ဝမ်းသာလုံးဆို့ကာ ကျေးဇူးတင်စကား တတွတ်တွတ် ပြောတော့၏။

"ကျုပ် ဒီတစ်သက်တော့ ကျေးဇူးဆပ်မကုန်နိုင်အောင်ပဲဗျာ၊ ဒီက ကျေးဇူးရှင် ငါ့ညီနာမည်လေး၊ တဆိတ်သိပါရစေ"

စေချည်လည်း မော်ဝန်၏လက်ကို တုပ်ချည်ထားသောကြိုးကို ခေါင်းမဖော်ဘဲ ဖြတ်နေရာမှ အေးစက်စက်အသံဖြင့် ဖြေလိုက်သည်။

"စေကျင်မင်"



"ဘယ်လို... လက်စသတ်တော့ ငါ့ညီက ဓားဝိဇ္ဇာ လော်ဂျင်ဝေရဲ့ တပည့်ကိုး"

ချုံဖုဖိန်မှာ မိတ်ဟောင်းဆွေဟောင်းကို တွေ့သူလို လှိုက်လှိုက်လဲလဲ ဝမ်းသာသွား၏။

စေချည်လည်း သူတို့ကို စကားမပြောအားတော့ဘဲ ခေါင်းကိုသာ ညိတ်ပြီး မော်ကျန်လက်မှ ကြိုးကို လှီးဖြတ်နေလိုက်၏။

ထိုစဉ်၌ စာဝါတစ်ယောက် ကွင်းထဲပြေးလာကာ စေချည်မှာ သူတို့ဖမ်းထားသောသူကို ကယ်တင်နေသည်ကိုတွေ့ပြီး မျက်နှာအကြီးအကျယ် ပျက်သွားလျက် ချက်ချင်းဆိုသလို လာလမ်းအတိုင်းအသံကုန်ဟစ်အော်ရင်း ပြေးလေသည်။

ကြိုးတွေအားလုံး ဖြေပြီးသောအခါ ချုံဖုဖိန်ကလည်း ကမန်းကတန်းနှင့် အနီးရှိ တဲတစ်လုံးထဲသို့ ပြေးဝင်သွားကာ ဓားရှည်တစ်လက်နှင့် သံကြိုးနှစ်ချောင်းကို ဆွဲယူလျက် ပြန်ပြေးလာ၏။

"ကဲ... ဒီတစ်ခေါက်တော့ ခင်ဗျားတို့သုံးယောက် အသက်တစ်ချောင်းစီ ပြန်ကောက်ရသွားပြီ၊ နောက် ဒီလိုကံကောင်းချင်မှ

ကောင်းမယ်၊ ဒီတော့ ဒီလိုဒုက္ခမျိုးကို မတွေ့ချင်ရင် အမြန်ဆုံး လာရာ
လမ်းကို ပြန်သွားကြပါ"

စေချည်က မျက်နှာထား တင်းတင်းနှင့် ခက်ထန်စွာ ပြောပြီး
နောက် တောထဲသို့ ခုန်ပေါက်ပြေးလွှားပြီး ဝင်ရောက်ပျောက်ကွယ်
သွားသည်။

ချုံဖုဖိန်က နောက်မှနေ၍ လိုက်ခေါ်သေး၏။

သို့သော်...

စေချည်လည်း နားမကြားသကဲ့သို့ ကြားချိုရှိရာသို့သာ
အရောက်ပြေးလာပြီး ကြားချိုကိုခေါ်၍ ကိုယ်ဖော့ပညာဖြင့် ရှေ့ရောက်
သည်ထက် ရောက်အောင် အစွမ်းကုန် ပြေးသွားလေတော့သည်။

အတန်ကြာအောင် ခုန်ပေါက်ပြေးလွှား သွားကြပြီးမှ ကြား
လည်း မောဟိုက်လာကာ အသက်ရှူပြင်းပြင်းနှင့် စေချည်အား
မေးကြည့်၏။

"ချုံဖုဖိန်တို့ လိုက်လာသေးရဲ့လား"

"အေး... လိုက်လာတယ်၊ ဒီလောက်ကျယ်တဲ့ တောအု
ထဲမှာ ကိုကိုတို့ကို ရှာတွေ့ဖို့ မလွယ်ပါဘူး"



"ဟို... စာဝါတွေကော"

"သူတို့ သုံ့ပန်းတွေကို ကိုကိုတို့က ကယ်လိုက်တော့မလိုက်ဘဲ
ကယ်နေပါ့မလဲ"

စေချည်က ပြောရင်း ပြေးသလို သူ့နားနှင့် မျက်စိကိုပါ
အစွမ်းကုန် ဖွင့်ထားလေ၏။

"ကံကောင်းလိုက်တာနော်၊ မှောင်မိုက်နေတဲ့ ညမျိုးမို့လို့သာ
သူတို့ ချစ်ချစ်တို့ကို ရှာမတွေ့နိုင်တာ၊ သို့မဟုတ်ရင် မလွယ်ဘူး"

"အေး... စကားမပြောနဲ့တော့နော်၊ မောနေပြီလား၊ ဒီနေရာမှာ
ထိုင်ပြီး အနားယူပါဦး"

ကြားချိုသည် စေချည်ကို ချစ်သူပီပီ စေချည်ပြောသလို တသသဝေ
မတိမ်း လိုက်နာသည်။

ယခုလည်း စေချည်ပြောသော နေရာတွင် သူမက ထိုင်လိုက်
လေ၏။

စေချည်၏ စေတနာနှင့် စေချည်၏ မြင့်မြတ်သော စိတ်ထားကို
သူမက ပို၍ လေးစားလာ၏။ ချုံဖုဖိန်တို့ကဲ့သို့ ယုတ်မာသူကိုပင်
အသေမဆိုးနှင့် မသေစေချင်သော စေတနာဖြင့် မိမိအသက်ကို ပဓာန

မထားဘဲ စွန့်စားပြီး သွေးထွက်သံယိုမှု မရှိစေဘဲ ကယ်ထုတ်လာခဲ့သည်မှာ တော်ရုံတန်ရုံ စိတ်ထားမျိုးမဟုတ်။

တစ်ခါ...

ထက်မြက်ပြောင်မြောက်သော နှလုံးရည်၊ ဉာဏ်၊ လက်ရုံးရည်နှင့် ပြည့်စုံသော စွမ်းအားရှင် စေချည်အား ပို၍ ယုံကြည်ကိုးစားလာ၏။ ဝမ်းသာကြည်နူးလျက်နှင့်ပင် မျက်စိကို စုံမှိတ်လျက် တွေးရင်း တဖြည်းဖြည်း အိပ်ပျော်သွားလေ၏။

ရှည်လျားသော ထိုတစ်ညကလည်း အေးချမ်းစွာနှင့်ပင် ကုန်ဆုံးသွားသည်။

• • •

မိုးစင်စင် လင်းသောအခါ အနောက်မှနေ၍ မိုးချုန်းသကဲ့သို့ အော်သံကို ကြားလိုက်ရ၏။

ထိုအသံသည် သူတို့ဆီသို့ ဦးတည်၍ လာနေကြောင်းသိသာထင်ရှား၏။



စေချည်သည် ထိုအသံကို ကြားရသည်နှင့် စာဝါတို့ လိုက်လာနေကြပြီကို သိရှိလေ၏။ ထို့ကြောင့် သူနှင့်ကြားချီတို့သည် ကိုယ်ဖော့ပညာကိုပင် အသုံးပြုလျက် အသက်ကိုလု၍ သေပြေးရှင်ပြေး ပြေးရပြန်သည်။

ကိုယ်ဖော့ပညာ အမျိုးမျိုးထဲ၌ လေထဲတွင် ဖော့၍ အားပြုကာ ခုန်ပျံပြေးရသော ပညာမှာ အားအင်အလွယ်တကူ ဆုတ်စေနိုင်သောကြောင့် တော်ရုံတန်ရုံ လူတို့သည် ထိုပညာကို အသုံးမပြုလိုကြချေ။ စေချည်တို့သည် မနေ့ညကတစ်ခါ အခုလည်းတစ်ခါ စာဝါတို့ထံမှ လွတ်မြောက်ရန်အတွက် တစ်ခါထပ် အသုံးပြုရပြန်သည်။

သူတို့သည် အစာရေစာကို ကောင်းကောင်းမွန်မွန် မစားသုံးခဲ့ရသည်က တစ်ကြောင်း၊ နှစ်ရက်ဆက်တိုက် အနားမယူခဲ့သည်က တစ်ကြောင်းကြောင့် ရှေ့သို့ တစ်မိုင်နှစ်မိုင်ခန့် သွားပြီးသည်နှင့် သူတို့မှာ အားအင်ကုန်ခန်းသော အခြေသို့ ဆိုက်ရောက်လာကြ၏။

နောက်ဆုံး၌ ကြားချီမှာ မအောင့်နိုင်တော့ဘဲ ဖွင့်ထုတ်ပြောလာသည်။

"ကိုကို... ချစ်ချစ် ဗိုက်ထဲဆာလာပြီ၊ ဆက်မပြေးနိုင်တော့ဘူး၊ ဆက်ပြေးရင် အားပြတ်ပြီး ကျသွားလိမ့်မယ်"

စေချည်လည်း ကြားချကို သွက်လက်စွာနှင့် လက်ဖမ်းဆွဲလိုက်ပြီး သစ်ပင်ပေါ်မှနေ မြေကြီးပေါ်သို့ ခုန်ဆင်းလိုက်သည်။

"ကဲ... အားအင်ပြည့်သွားအောင် အစာလေးဘာလေး စားလိုက်ကြရအောင်၊ စားလို့မပြီးသေးဘဲ ပြေးတန်ရင်လဲ စားရင်းပြေးကြတာပေါ့"

"ချစ်ချစ် ရေလဲသိပ်ဆာနေတယ် ကိုကိုရယ်၊ ရေမရှိရင် အစာကို မျိုချလို့ရမှာ မဟုတ်ဘူး"

ကြားချိုမှာ ငိုမဲ့မဲ့နှင့် သနားစဖွယ် ပြောလာသောကြောင့်စေချည်မှာ သူ့ကိုကြည့်ပြီး ပို၍ ကြင်နာကရုဏာ သက်သွားလေသည်။

စေချည်လည်း သက်ပြင်းတစ်ချက်ကို ခပ်လေးလေး ရှိုက်ချပြီး သူမအား ဖေးဖေးမမနှင့် တွဲရင်း အားပေးလေ၏။

"ဒါဆိုလဲ နည်းနည်း ထပ်သွားကြည့်ရအောင်၊ စမ်းချောင်းလေး ဘာလေးတွေ့မှ စားကြတာပေါ့"



နှစ်ယောက်စလုံး ရှေ့သို့ အနည်းငယ်မျှ ထပ်သွားလိုက်လျှင် စမ်းချောင်းလေးတစ်ခုကို ပက်ပင်းတိုးမိလေ၏။

ချစ်သူနှစ်ဦးမှာ တစ်နေ့တစ်ည ရေမသောက်ခဲ့ရသော ဒုက္ခကြောင့် ထိုစမ်းချောင်းကလေး၌ပင် အတိုးချ၍ အားပါးတရသောက်ကြလေတော့၏။

ရေကို ဝအောင် သောက်ပြီးသောအခါ အစာခြောက်ကို ထုတ်လိုက်ပြီး ဖောက်စားရင်း တစ်ဘက်ခရီး ဆက်ကြလေ၏။

✧ ✧ ✧

## အခန်း (၃၆)

## ကျားသေကိုအသက်သွင်းခြင်း

တစ်မိုင်ခန့် ခရီးပေါက်သွားသောအခါ ရှေ့တောအုပ်၏ သစ်ပင်တစ်ပင်အောက်၌ လူသုံးယောက် လဲနေသည်ကို တွေ့ရ၏။

သူတို့က အခြားမဟုတ်...

ချုံဖုဖိန်၊ မော်ဝန်၊ မော်ကျန်တို့ပင် ဖြစ်၏။

စေချည်သည် သူတို့သုံးယောက်ကို တွေ့ရသောအခါ ကပျာကယာ ကြားချီကို အသာလေး လက်ကုတ်၍ ပြလိုက်သည်။

"ဟိုရှေ့နားမှာကြည့်စမ်း၊ ချုံဖုဖိန်တို့လူသိုက် ဘယ်လိုလုပ်ပြီး ဒီမှာလာလဲနေကြလဲ မသိဘူး"



"ဟင်... ဟုတ်လား၊ ချစ်ချစ်အထင်တော့ သူတို့အိပ်နေတယ် ထင်တယ်၊ သူတို့ အိပ်ပျော်နေတုန်း သူတို့ဘေးက တိတ်တိတ်ကလေး သွားကြတာပေါ့"

ကြားချီက စေချည်ကို တိုးတိုးလေးပြော၏။

"မလိုပါဘူး၊ ကိုကိုထင်တာတော့ ဒီကောင်တွေ အဆိပ်သင့်နေတာပဲ ဖြစ်မယ်၊ သူတို့မျက်နှာတွေ အရောင်ပြောင်းနေတယ်"

စေချည်ပြောမှ ကြားချီလည်း သူတို့ကို သေသေချာချာ ကြည့်လိုက်တော့၏။

ဟုတ်ပါသည်။

သုံးယောက်သား၏ မျက်နှာအရောင်မှာ ခရမ်းရောင်သမ်းနေသည်ကို မြင်ရ၏။ ထို့ကြောင့် သူမလည်း ထိတ်လန့်သွားပြီး စေချည်ကို မေးကြည့်မိ၏။

"သူတို့ သေများသွားပြီလား ကိုကိုရယ်"

"အဆိပ်ငွေ့ရှိတဲ့ မြူနှင်းရဲ့အဆိပ်သင့်ရင် မြန်မြန်ဆန်ဆန်နဲ့တော့ အသက်ထွက်မှာမဟုတ်ဘူး၊ လာ... အနားကို သွားကြည့်ရအောင်"

ကြားချိုမှာ ရုတ်ခြည်းဆိုသလို မျက်မှောင်ကုပ်လိုက်ပြီး စေချည်ကိုလည်း သဘောမကျသလိုနှင့် ကြည့်လေတော့သည်။

“ကိုကို သူတို့ကို ထပ်ပြီး ကယ်ချင်ပြန်ပြီလားဟင်”

“အေးပေါ့ ချစ်ချစ်ရယ်၊ ကိုကိုပြောဖူးသားပဲ၊ ဒုက္ခရောက်သူကို ကယ်တင်တာဟာ သိုင်းသမားတိုင်းရဲ့ တာဝန်ဝတ္တရားဆိုတာလေ၊ ချစ်ချစ်မေ့သွားပြီလား၊ တစ်ဘက်ကကြည့်ရင်လဲ လူမှုရေးအရ ကုသိုလ်ရပါသေးတယ် မဟုတ်လား”

ကြားချိုလည်း စေတနာကြီးမားလှသော စေချည် စိတ်ထားကို သိလေသူမို့ ဘာမျှမပြောနိုင်ဘဲ အငိုင်သားလေး ကြည့်နေ၏။

စေချည်က ကြားချိုကို ပြောပြီးသည်နှင့် ချုံဖုံဖိန်တို့ဆီကို သွားပြီး ဆေးသုံးလုံးကိုထုတ်လျက် တစ်ယောက်စီကို တိုက်ကျွေးလေသည်။

“သူတို့ ဘယ်တော့လောက် သတိရမှာလဲကိုကို”

“ဆေးပျော်တာနဲ့ သတိရသွားမှာပါ”

“ဒါဖြင့် သူတို့သတိမရခင် ချစ်ချစ်တို့ သွားကြရအောင်”



ကြားချိုမှာ ထိုလူစုနားတွင် မနေလိုသဖြင့် စေချည်အား လောလိုက်၏။

“ခဏနေဦး၊ သူတို့ကို မေးစရာနည်းနည်းရှိသေးတယ်”

မကြာပါချေ...

ချုံဖုံဖိန်တို့ သုံးယောက်မှာ တဖြည်းဖြည်း သတိရလာကြ၏။

သူတို့သည် မျက်စိဖွင့်လိုက်သည်နှင့် စေချည်တစ်ယောက် သူတို့ ရှေ့တွင် ရပ်နေခြင်းကိုတွေ့ပြီး ယခုတစ်ကြိမ်လည်း သူတို့ အသက်ကို ကယ်တင်လိုက်မှန်း သိသွားပြီး ထိုလူစုက ကျေးဇူးတင်စကားကို အူလှိုက်သည်းလှိုက် ပြောလာလေ၏။

“စေသူရဲကောင်းက ဒီတစ်ခါလဲ ကျုပ်တို့အသက်ကို ကယ်လိုက်ပြန်ပြီ၊ ဒီကျေးဇူးက မြင်းမိုရ်တောင်မက ကြီးမားလှပါတယ်ကွယ်၊ ကျုပ်တို့တော့ ဘယ်လိုလုပ်ပြီး ကျေးဇူးဆပ်ရမှန်း မသိတော့ပါဘူး”

“ခင်ဗျားတို့ သုံးယောက်ဟာ ညက ကျွန်တော်ပြောထားခဲ့တဲ့ စကားအတိုင်း ချက်ချင်းပြန်သွားကြရင် ကျွန်တော့်ကို ကျေးဇူးဆပ်တာထက် ပိုပြီး ထိရောက်ပါတယ်”

စေချည်က သူတို့မျက်နှာကို ခပ်တင်းတင်း ကြည့်ပြီး မာဆတ်ဆတ် ပြောသည်။

ချုံဖူဖိန်သည် တစ်ချက်မျှ မသိမသာ မျက်နှာပျက်သွားပြီး ခြောက်ကပ်ကပ်အသံနှင့် ရယ်လျက် ကြားချိုကိုကြည့်၍ စပ်စုလာ၏။

"ဒီက အမျိုးသမီးက စေသူရဲကောင်းနဲ့ ဘယ်လိုများ ပတ်သက်နေပါသလဲ ခင်ဗျာ"

"သူ့နာမည်က ကန်ကြားချို၊ ကန်စေဝူးရဲ့ အသည်းရတနာ၊ ကျွန်တော့်ဇနီးလောင်းပဲ"

စေချည်က လေသံတင်းတင်းနှင့် ပြန်ဖြေသည်။

"ဪ... ကန်သခင်လေးကိုး၊ ခုလိုတွေ့ရတာ ဝမ်းသာပါတယ်၊ လေးလဲ လေးစားပါတယ်ခင်ဗျား"

ချုံဖူဖိန်သည် လက်နှစ်ဖက် လက်သီးလုံးသဏ္ဌာန် ယှက်၍ နှုတ်ဆက်စကား ဆိုလိုက်၏။

စေချည်သည် ချုံဖူဖိန်ကပင် စကားကို လှီးလွှဲနေကြောင်းကို ရိပ်မိသဖြင့် မျက်မှောင်ကုပ်ပြီး အသံကိုနှိမ့်၍ ဖြည်းလေးစွာမေး၏။

"ခင်ဗျားသဘောက ဘယ်လိုလဲ"



ထိုအခါကျမှ ချုံဖူဖိန်သည် ထိုမေးခွန်းကို မဖြေလျှင် မဖြစ်တော့သည်ကို သိလိုက်ခြင်းကြောင့် မပြောချင်ပြောချင်နှင့် ပြောလာ၏။

"စေသူရဲကောင်း နားမလည်တဲ့ နေရာလေးများ ရှိသေးတယ်လို့ ကျုပ်ထင်တယ်၊ ဘာဖြစ်လို့လဲဆိုရင် ကျုပ်တို့ညီအစ်ကို အခုပြန်သွားရင်လဲ သေလမ်းမြန်းဖို့သာ ရှိတော့တယ်"

"ဒီစကားက ဘာကိုဆိုလိုတာလဲ"

စေချည်က ဝေ့လည်လည် လုပ်လာသော ချုံဖူဖိန်စကားကြောင့် ဖြတ်၍မေးသည်။

"ဒီလိုပါ၊ လောလောဆယ် ဟိုစာခါတွေဟာ ကျွန်တော်တို့ကို ရှိသမျှအင်းအားနဲ့ လိုက်ပြီးရှာနေကြတယ်၊ ကျုပ်တို့ အခုလှည့်သွားရင် သူတို့နဲ့တိုးမိတဲ့အခါ ကိုယ့်သေတွင်း ကိုယ်ပြန်တူးသလို ဖြစ်မနေဘူးလား၊ နောက်ပြီး ကျုပ်တို့သုံးယောက် ဒီနေ့မှာ စေသူရဲကောင်းရဲ့ စေးစွမ်းကောင်းကြောင့် နာလန်ထူခါစကွ တစ်ကြောင်း၊ စေသူရဲကောင်းက ကျွန်တော်တို့ကို လာလမ်းအတိုင်း ပြန်နိုင်းရင် ဟိုအဆိပ်ငွေ့ရှိတဲ့ မြူနှင်းရဲ့ဒဏ်ကို ပြန်ခံရမှာပဲ"

စေချည်မှာ ချုံဖူဖိန်ကို စိတ်မရှည်တော့သဖြင့် ကြားဖြတ် မေးလာသည်။

"အစု ခင်ဗျားတို့ မျိုချလိုက်တဲ့ ဆေးရဲ့အစွမ်းက နှစ်ရက်တိတိ ခံပါတယ်၊ ဒီနှစ်ရက် အချိန်ကလေးမှာ ခင်ဗျားတို့ ဒီတောအုပ်ထဲကနေ ကျိန်းသေပေါက် ထွက်သွားနိုင်မယ်၊ ပြီးတော့ ခင်ဗျားတို့ရဲ့ သိုင်းပညာ အစွမ်းနဲ့ အဲဒီစာဝါတွေနဲ့ ရင်ဆိုင်တိုက်ခိုက်ရတဲ့အခါမှာလဲလွတ်မြောက် နိုင်တဲ့ အခွင့်အရေး အများကြီးရှိပါတယ်"

ချုံဖူဖိန်မှာ တစ်ချက် ရယ်သွမ်းသွေးပြီး ပြောလာပြန်သည်။

"မဟုတ်ဘူးကွယ့်၊ အဲဒီစာဝါတွေက ဒီအဆိပ်ငွေ့မြူနှင် ဆက်တောင် ကြောက်စရာကောင်းတယ်၊ ကျုပ်က ကျုပ်တို့ မနေ့က အဖမ်းခံရတဲ့အကြောင်းကို ပြောရင် ကျုပ်စကားဟာ အစစ်အမှ ဖြစ်ကြောင်း သိရပါလိမ့်မယ်"

စေချည်လည်း ကြားရိုကို တစ်ချက်လှမ်းကြည့်ပြီး ချုံဖူဖိန်အာ ကြည့်ပြန်သည်။

"ကဲ... ဆိုစမ်းပါဦး၊ ခင်ဗျားတို့သုံးယောက် ဘယ်လိုက ဘယ်လို အဖမ်းခံရတာလဲ"



"မနေ့က နေ့လယ်ဘက်မှာ ကျုပ်တို့ တောထဲမှာ အနားယူ နေတုန်း ရုတ်တရက် အင်မတန်များပြားတဲ့ လူအုပ်က အရပ်ရှစ်မျက်နှာ ကနေ တိတ်တိတ်ကလေး ရောက်လာကြတယ်၊ ကျုပ်တို့ သတိထား မိတဲ့ အချိန်မှာပဲ ကျုပ်တို့ရှေ့မှာ လှံအချောင်းငါးဆယ်က ကျုပ်တို့ ကောကနေ သီသီပွတ်သွားတယ်၊ အဲဒီ လှံကလေးတွေဟာ ကျုပ်တို့ကို လှောင်အိမ်လို ပတ်ပတ်လည် ထွက်လို့မရအောင် ပိတ်ထားလိုက်တာ ပေါ့၊ အဲဒီထက် ဆိုးတာက အယောက်သုံးရာလောက်ရှိတဲ့ စာဝါတွေက ပေါ်လာကြပြီး သူတို့လက်ထဲမှာလဲ လှံတွေ၊ လေးမြားတွေ ကိုင်ထား ကြတယ်၊ တချို့က အပင်ပေါ်မှာနေပြီး တချို့က အပင်အောက်မှာ ရှိနေကြတယ်။ လူတိုင်းဟာ တိုက်ပွဲဝင်ဖို့ အသင့်ရပ်နေကြတယ်၊ ပွဲရဲကောင်းစေပဲ စဉ်းစားကြည့်ပါဦး၊ ဒီလိုအခြေအနေမျိုးမှာ ကျုပ်တို့ ဟာ တစ်ခုခုလုပ်မိရင် အချောင်းသုံးရာရှိတဲ့ လှံစွပ်နဲ့ လေးမြားဟာ ကျုပ်တော်တို့ကို ဆန်ကာပေါက်လို လုပ်ပစ်မှာပေါ့"

ချုံဖူဖိန်သည် အသနားခံသော မျက်လုံးဖြင့် သူတို့အဖမ်းခံရပုံကို ရှင်းပြလေ၏။

"ဒါဆို ခင်ဗျားတို့ဟာ လုံးဝမခုခံဘဲ အညံ့ခံလိုက်တယ်ပေါ့"

စေချည်က သူ့မျက်လုံးထဲသို့ စိုက်ကြည့်လိုက်ပြီး မေးလိုက်လေသည်။

"ဟုတ်ပါတယ်၊ ကျုပ်တို့ဘာမှ မတတ်နိုင်ပါဘူး၊ ဒီတစ်ခေါက်တည်းနဲ့ပဲ စာဝါတို့အကြောင်းကို ကောင်းကောင်းသိနေတော့ စေသူရဲကောင်းကသာ ကျုပ်တို့ကို လာလမ်းအတိုင်း ပြန်နိုင်းရင် သေမင်းဆီကို သွားနိုင်းသလို နေမှာပေါ့"

စေချည်သည် ချုံဖူဖိန်၏ ရှင်းလင်းအသနားခံချက်ကို လက်မခံဘဲ သူတို့အား ပြန်ရန်သာ တိုက်တွန်းလာသည်။

"ဒီမှာ... စာဝါတွေဟာ ဘယ်လောက်ပဲ ကြောက်စရာကောင်းနေပေမယ့် အခု ခင်ဗျားတို့ ပြန်တဲ့အခါမှာ သူတို့နဲ့ ရင်ဆိုင်တိုးချင်မှ တိုးမှာပါ၊ နောက်ပြီး ခင်ဗျားတို့လမ်းကို ကွေ့ပတ်ရှောင်သွားလဲ ရတာပဲဟာ၊ ခင်ဗျားတို့သုံးယောက်ဉာဏ်နဲ့ သိုင်းအခြေခံကိုတွဲပြီး ခုခံတိုက်ခိုက်ရင် အလွယ်လေးနဲ့ လွတ်နိုင်ပါတယ်"

"ဟာ... မဖြစ်ဘူး၊ ကျုပ်တို့ ဒီလို အရဲစွန့်ပြီး အန္တရာယ်နဲ့ ရင်မဆိုင်ရဲဘူး"



ချုံဖူဖိန်က ပြန်မလှည့်လိုသောကြောင့် ဆင်ခြေပေး၍ ပြင်းလာ၏။

စေချည်လည်း စိတ်မရှည်တော့ဘဲ ခနဲ့တဲ့တဲ့ ပြောလာသည်။

"ဒါဆို ခင်ဗျားတို့ဟာ ဘယ်တော့မှ ကိုယ့်ဇာတိရပ်မြေကို မပြန်တော့ဘူးဆိုပါတော့"

"ဟဲ...ဟဲ စိတ်မရှိပါနဲ့၊ ကျုပ် စေသူရဲကောင်းကို ကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး မေးချင်ပါတယ်"

ချုံဖူဖိန်မှာ ဘာမှုမဖြစ်သလိုနှင့် ပြန်၍ပင် မျက်နှာချိုသွေးလျက် ပြောလာ၏။ စေချည်လည်း အမြင်ကပ်လာသောကြောင့် ခပ်ပြတ်ပြတ်ပင် ပြောသည်။

"ကဲ... ပြောစမ်း ဘာကိစ္စလဲ"

ချုံဖူဖိန်လည်း ချွေးလျက်တော့မည့် မျက်နှာမျိုးဖြင့် လုပ်လာသည်။

"ဟဲ...ဟဲ...ကျုပ်မေးချင်တာက စေသူရဲကောင်းဟာ ဟိုမြေပုံကို ရထားပြီးပြီလားလို့ပါ"

စေချည်က သဘောကျသလိုနှင့် နှုတ်ခမ်းကိုတွန့်၍ ပြုံးလိုက်လေသည်။

"ဘာလုပ်ဖို့လဲ၊ ရွှေမြို့တော်မြေပုံက ကျွန်တော့်ကိုယ်ထဲမှာ ရှိတယ်"

"ဪ... နောက်တစ်ခုက စေသူရဲကောင်းအနေနဲ့ ဒီတောရိုင်းထဲကို လူဘယ်နှစ်ယောက် ဝင်လာပြီးပြီလဲဆိုတာ သိရဲ့လား"

ချုံ့ဖွဖိန်က စပ်ဖြဲဖြဲ မခိုးမခန့် မေးလာသည်။

စေချည်လည်း လုံးဝ မသိသေးသောသူလိုလို တည်တည်ငြိမ်ငြိမ်ပင် မေးပြန်၏။

"ဆိုစမ်းပါဦး၊ လူဘယ်နှစ်ယောက်များ ဒီတောရိုင်းထဲကို ရောက်ခဲ့သလဲဆိုတာ"

"ကျုပ်တို့ သုံးယောက်ကို ထည့်တွက်ရင် အနည်းဆုံး အယောက်နှစ်ဆယ်ကျော်တော့ ရှိပါတယ်"

ချုံ့ဖွဖိန်က ထိုသို့ပြောပြီး စေချည်မျက်နှာအမူအရာကို အကဲခတ်လျက် ရှိလေသည်။ စေချည်က နည်းနည်း တုန်လှုပ်သော အမူအရာကိုမျှ မပြဘဲ ခပ်အေးအေးသာ သူသိချင်သည်ကို မေးကြည့်၏။



"ခင်ဗျားပြောတဲ့ လူတွေဟာ ဘယ်သူတွေလဲ"

"ဟွာစန်၊ ထိန်ချန်၊ ထိုင်ကြည်အဖွဲ့က ခေါင်းဆောင်တွေနဲ့ သူတို့နောက်လိုက် အဖွဲ့ဝင်တွေပဲ"

ချုံ့ဖွဖိန်က ခြောက်သော လှန့်သော လေလုံးမျိုးဖြင့် လုပ်လာ၏။

စေချည်က နည်းနည်းမျှ မမှုသော ဟန်မျိုးနှင့် ပခုံးနှစ်ဖက်ကို ကျွန့်၍ သဘောကျသလို ရယ်ကျဲကျဲ လုပ်လိုက်သေးသည်။

"သူတို့က ကျွန်တော့်နောက်ကနေ နောက်ယောင်ခံလိုက်လာကြတယ် ဆိုပါတော့"

"ဟုတ်ကဲ့... သူတို့ဟာ စေသူရဲကောင်းကို ရန်မလုပ်ရဲကြပါဘူး။ သူတို့ဆန္ဒက ရွှေမြို့တော်ကို ရောက်ရင်သာ နည်းနည်းခွဲပေးရင် ကျေနပ်ပြီလို့ ပြောကြတယ်၊ ဒါပေမယ့် လူ့စိတ်ဆိုတာ ခက်သားလား၊ သူတို့ထဲမှာ မကောင်းကြံချင်တဲ့လူလဲ ရှိချင်ရှိမှာပဲ၊ ဒါကြောင့် စေသူရဲကောင်း၊ တစ်မျိုးမထင်ရင် ကျုပ်တို့အနေနဲ့ စေသူရဲကောင်းတို့ ရွှေမြို့တော် ရောက်တဲ့အထိလိုက်ပြီး စောင့်ရှောက်ကူညီချင်တယ်၊ ရွှေမြို့တော်ရောက်တဲ့ အခါ၊ကျရင်သာ စေသူရဲကောင်းရဲ့ သဘော

အတိုင်း ကျုပ်တို့ကို ဘယ်လောက်ပဲ ခွဲပေးပေး ကျုပ်တို့က ကျေနပ်

မှာပါ"

ချုံဖုဖိန်ကပြောရင်းနှင့် သူ့လိုအင်ဆန္ဒကိုပါ တင်ပြလာ၏၊

စေချည်လည်း သူတို့ထက်ပို၍ လျှင်သူမြန်သူကြောင့် ထိုသတ္တဝါ

ဘယ်အပေါက် ချိုးသည်ကို ရိပ်စားမိသူပီပီ စပ်ပြုတ်ပြုတ်သ

ငြင်းပယ်လေ၏။

"ခင်ဗျားတို့ရဲ့ ကြီးမြတ်တဲ့စေတနာကို ကျွန်တော် လေးစ

ပါတယ်၊ ကျွန်တော်ကိုယ်တိုင်တော့ လူတစ်ဦးတစ်ယောက်ရဲ့ ကူည

စောင့်ရှောက်မှုကို မလိုအပ်တာ အမှန်ပါပဲ"

ချုံဖုဖိန်မှာ သာသာနှင့်နာနာ အပြောခံလိုက်ရခြင်းကြော

ရှက်သွားကာ မျက်နှာပင် နီမြန်းသွား၏။

သို့တိုင် သူက အရှက်ပြေ ပြောလာလေသည်။

"စေသူရဲကောင်းရဲ့ ဓားစွမ်းရည်က တကယ်ထက်မြက်မှန်

သိပါတယ်၊ ဒါပေမယ့် ဆိုရိုးစကား ရှိတယ်မဟုတ်လား၊ 'တစ်ယော

အားနဲ့ ယူသော်မရ၊ တစ်သောင်းအားနဲ့ ယူမှရ၏'လို့၊ ဒါကြော

ရွှေမြို့တော်ရောက်ရင် စေသူရဲကောင်း တစ်ယောက်တည်းအား



ပျာစန်၊ ထိန်ချုန်၊ ထိုင်ကြည် အစရှိတဲ့ သူတွေနဲ့ ဘယ်လိုလုပ်ပြီး

ရင်ဆိုင်နိုင်မှာလဲဗျာ၊ စဉ်းစားလဲ ကြည့်ပါဦး"

စေချည်လည်း သူ့စကားကြောင့် ခပ်လွှင်လွှင်လေး ရယ်

လိုက်သည်။

"ဟုတ်ကဲ့... ခင်ဗျားပြောတဲ့ ဆိုရိုးစကားကို ပြန်ပြောရရင်

တပ်လှဲပြုတ်သွားတာထက်စာရင် တစ်ယောက်တည်း ကျန်သေးတာက

ကောင်းတယ်လို့ ပြောတာကိုလဲ ခေါင်းထဲ ထည့်ထားပါ၊ ပြီးတော့

ရွှေမြို့တော်က ကျွန်တော်ပိုင်ပစ္စည်း မဟုတ်ဘူး၊ ဒါကြောင့် အသွား

ကာသာ ကျွန်တော့်ကို ရန်မရှာရင် ကျွန်တော့်အနေနဲ့ သူတို့ကိစ္စကိုလဲ

လုံးဝအရေးမစိုက်ဘူး"

ချုံဖုဖိန်မျက်နှာသည် ချက်ချင်း ဝင်းလက်သွားသည်။

ထို့ကြောင့်လည်း သူက ပို၍ သေချာအောင် စေချည်သဘောကို

သိလိုသဖြင့် စုံးစမ်းလာပြန်သည်။

"စေသူရဲကောင်းရဲ့ သဘောက တခြားလူ အနေနဲ့ ရန်မလုပ်ရင်

ရွှေမြို့တော် ရောက်သူမှန်သမျှ ကိုယ်သဘောကျ ရွှေတွေကို သယ်ယူ

နိုင်တယ်ဆိုပါတော့"

"ဟုတ်တယ်၊ ကျွန်တော့်အစ်ကို ရော်စီနန်ထားခဲ့တဲ့ နှစ်တစ်ဆောင် ဖူလင်ဆေးခြစ်ကလွဲပြီး ကျန်တာကို ကြိုက်သလို သဘောရှိ ယူနိုင်ကြပါတယ်"

စေချည်က သူ့စိတ်ထဲရှိသည့်အတိုင်း ပြောပြလေ၏။ ချုံဖူဖိန်မှာ ထိုစကားကြောင့် ဟန်ပင်မဆောင်နိုင်တော့ဘဲ ဝမ်းသာအားရ မေးလာပြန်၏။

"ဒီလိုဆို ကျွန်တော်တို့သုံးယောက် ..."

"ခင်ဗျားတို့သုံးယောက်လဲ ကိုယ့်သဘောနဲ့ကိုယ် ကြိုက်သလို နေပေါ့၊ တစ်ခုတော့ သတိထားပါ၊ ကျွန်တော့်နောက်တော့ မလိုက်နဲ့၊ ကျွန်တော့်ကို နောက်ယောင်ခံတာတွေ့ရင် ဒီတစ်ခါတော့ လက်မနှေးဘဲ ကျွန်တော်က ဓားစာကျွေးမှာ"

ချုံဖူဖိန်စကားမဆုံးမီ စေချည်က ခပ်ထန်ထန်လေး ပြောလိုက်ခြင်းအတွက် ချုံဖူဖိန်လည်း မချိသွားဖြီနှင့် တဟဲဟဲလုပ်လာ၏။

"ကောင်းပါပြီဗျာ၊ ဒီနေ့ကစပြီး ကျုပ်တို့သုံးယောက် ကိုယ့်လမ်းကိုပဲ သွားကြပါမယ်. စေသူရဲကောင်းနောက်က မလိုက်တော့ပါဘူး"



စေချည်လည်း နောက်ထပ်ဘာမျှ မပြောတော့ဘဲ ကြားချိုကို စေါ်၍ ထွက်သွားသည်။

သူတို့သည် လေဟုန်ကဲ့သို့ ပြေးလွှားဝဲပျံနေရင်းမှ ရုတ်တရက် မျှော်မြင်ရသော မြင်ကွင်းကြောင့် ရပ်တန့်သွားကြလေသည်။

သူတို့၏ မျက်စိရှေ့တွင်ရှိသော သစ်ပင်ချုံဖုတ်များသည် တဖြည်းဖြည်း ကျဲလာပြီးနောက် မြေကြီးကလည်း စိုစွတ်ညစ်ပတ်နေသော ရွံ့ရေများဖြင့် ဖုံးလွှမ်းလာကြ၏။

ကြားချိုမှာ ဘေးပတ်ပတ်လည်ကို အကဲခတ်လေ့လာသောအခါ ခြောက်သွေ့သောမြေကို တစ်ကွက်တလေမျှ မတွေ့ရတော့သော ကြောင့် စိတ်ပျက်စွာနှင့် ညည်းညူလာသည်။

စေချည်လည်း ရောက်ရှိနေသော ပတ်ဝန်းကျင်ကို ဂရုတစိုက် ပုံ၍လည်ကြည့်တော့၏။

"နည်းနည်းလောက်ထပ်ပြီး လျှောက်ကြည့်ရအောင်၊ တကယ် ပဲ ရေမနက်ရင် ခုလိုပဲ သွားကြတာပေါ့"

နှစ်ယောက်သားမှာ ထပ်မံ၍ လျှောက်ကြပြန်သည်။

လေးငါးဆယ်လှမ်းခန့် သွားမိသောအခါ ရေမှာ ဒူးဆစ်အထ
မြင့်လာပြီး သစ်ပင်ချုံနွယ်တို့မှာလည်း မရှိသလောက် ကျဲသွာ
လေသည်။

ထိုနွံ့ရေပေါ်တွင် ကိုယ်ဖော့ပညာကို အသုံးပြုလျက် ဆုံးခန်
တိုင်အောင် သွားရန်လည်း မဖြစ်သောကြောင့် စေချည်တို့မှာကမ်းစ
ရှိရာသို့ ပြန်၍ ဆုတ်လာကြသည်။

◇ ◇ ◇



အခန်း (၃၇)

## နွားပိန်ထူ၍ လူငွေ့ခြင်း

"ကြည့်ရတာ နွံ့ရေအိုင်ဟာ အတော်ကြီးကို ကျယ်ပုံရတယ်၊ ဒီကောင်းဆိုရင် သမ္ဘန်တစ်စင်းလောက် လုပ်ပြီးမှပဲ ခရီးဆက်လို့ရမှာ"

စေချည်က နွံ့ရေပြင်ကိုကြည့်ပြီး ခေါင်းကုတ်လျက် ပြော[illegible]လေသည်။

"သမ္ဘန်လုပ်ရမယ် ဟုတ်လား... အဲဒါက ပိုတောင်အလုပ်ရှုပ်[illegible]ပေါ့ ကိုကိုရဲ့"

ကြားချိမှာ မျက်နှာလေးမဲ့လျက်နှင့် ပြောတော့၏။ စေချည်လည်း သူမစကားကြောင့် ခပ်ဟက်ဟက်လေး ရယ်လိုက်လေသည်။

"ဒါထက် ပိုကောင်းတဲ့နည်းလမ်းမှ မရှိတော့ဘဲ ချစ်ချစ်ရဲ့… ကဲ… ချစ်ချစ် စဉ်းစားစမ်း"

"အမယ်လေး… ကိုကိုတောင် မကြံတတ်တဲ့နောက် ချစ်ချစ်… အနေနဲ့ ပိုဆိုးတာပေါ့၊ ကိုကိုပြောတဲ့ သမ္မန်ဆောက်တာကော… ဘယ်လောက်ကြာမှာလဲဟင်"

ကြားချိမှာ အားကိုးသောမျက်လုံးလေးများနှင့် စေချည်ကို… ကြည့်နေရှာ၏။

"ကိုကိုတို့ နှစ်ယောက်အားနဲ့လုပ်ရင် တစ်ရက်အတွင်း… ပြီးပါတယ် ချစ်ချစ်ရယ်"

"ဟင်… ဒီလိုသာလုပ်နေရင်တော့ အချိန်ကြန့်ကြာမှုကြော… နောက်ယောင်ခံသမားတွေ အမီလိုက်လာကြတော့မှာပဲ"

ကြားချိလည်း နောက်ရန် မအေးသည်ကို တွေး၍ စိုးရိမ်ကြော… ကြစွာ ပြော၏။

"ဒါလောက်လဲ ကြောက်မနေပါနဲ့ ချစ်ချစ်ရယ်၊ သူတို့ဟာ… ကိုယ်တို့လက်ထဲမှာရှိနေတဲ့ မြေပုံကို အတင်း လက်ရဲစက်ရဲ လုရဲ…



…ပါမျိုးတော့ မရှိပါဘူး၊ သူတို့မှာ ဆေးမရှိတဲ့အတွက် မကြာခင် …ပိုယင်ပြီး သေကုန်ကြမှာပါ"

ကြားချိလည်း အချိန်မဖြုန်းလိုတော့သောကြောင့် ကျောထက် …ပိုးထားသော ဝန်ထုပ်များကို အောက်သို့ချလိုက်၏။

"သမ္မန်ဆောက်မယ်ဆိုလဲ ခုကတည်းက လုပ်ကြရအောင်"

ပြီးတော့…

နှစ်ယောက်ရှာဖွေ တွေ့ရှိသော တစ်ကိုက်နီးပါးရှိသော သစ်ပင် …ဓားရှည်ကိုယ်စီထုတ်၍ တိုင်းထွာခုတ်ပိုင်း ဖြတ်ကြသည်။

…ဓားရှည်မှာ နဂိုကတည်းကပင် ပေါ့ပါးသော လက်နက်တစ်မျိုး …ကြောင့် သူတို့အဖို့ ထိုဓားရှည်ကို အသုံးပြုပြီး သစ်ပင်ခုတ်သော …အပင်ကုန်ခန်းမှုသာ အဖတ်တင်ပြီး အကျိုး ထိရောက်မှုက …လောက် မရှိကြချေ။

…ကြောင့်လည်း မနားမနေဖြင့် နှစ်နာရီနီးပါးမျှ အဆက်မပြတ် …မှုသာလျှင် အပင်ကြီးကို လှဲနိုင်စေခဲ့သည်။

…သော်…

သမ္ဘန်ဆောက်ရန်မှကား အလုပ်တစ်ခုလုံး၏ လေးပုံတစ်

ခန့်သာ ပြီးလေ၏။

နေဝင်ခါနီး၌ သူတို့သည် အကြမ်းသဘောဆောင်သော

သမ္ဘန်ကလေး တစ်စင်းကို ဆောက်လုပ်ပြီးခဲ့တော့သည်။

ထိုအချိန် ရောက်သောအခါ၌ နှစ်ယောက်စလုံးမှာလည်

ပင်ပန်းလွန်းသောကြောင့် အားအင်ပြတ်ကာ လုံးဝ မလှုပ်ရှားနိုင်သော

အခြေအနေမျိုးဖြင့် ခြေပစ်လက်ပစ် ဖြစ်သွားကြ၏။

မည်သို့ မောဟိုက်ပင်ပန်း နွမ်းနယ်စေကာမူ ရွှံ့ရေအိုင်

ကူးရန်အတွက် ပြဿနာတစ်ရပ် ဖြေရှင်းနိုင်ခဲ့ပြီး ဖြစ်ခြင်းကြော

သူတို့မှာ စိတ်ဓာတ်ရေးရာအားဖြင့် ရွှင်လန်းတက်ကြွနေလေ၏

ထို့ကြောင့် စေချည်သည် သူတို့၏ ဝန်ထုပ်များကို သမ္ဘန်လေ

ပေါ်တွင် တင်လိုက်၏။

"ကဲလာ ချစ်ချစ်၊ သမ္ဘန်လေးကို ရေထဲတွန်းချကြရအောင်

"ခဏနေစမ်းပါဦး ကိုကိုရယ်။ ဒီကဖြင့် မောလွန်းလို့ သေ

တော့မယ်"



ကြားချိုမှာ မလှုပ်မယှက်နှင့် ကျောက်ရုပ်ထားသလို ငြိမ်သက်

နေသာ ထိုင်လျက်ရှိ၏။

စေချည်ကိုယ်တိုင် အနေနှင့်လည်း ပင်ပန်းနွမ်းနယ်သော

ကြောင့် တရေးတမောအိပ်ပြီး အနားယူလိုသော်လည်း နောက်ထပ်

အနှောင့် အယှက် ပေါ်လာမည်ကို စိုးရိမ်သောကြောင့်တစ်ကြောင်း…

သမ္ဘန်ကလေးလည်း ဆောက်ပြီးနေပြီဖြစ်၍ ထိုနေရာမှ

အမြန်ဆုံးထွက်ရန် ဆန္ဒစောနေခြင်းတို့ကြောင့် ကြားချိုအား ပြောနေ

ခြင်းဖြစ်သည်။

ကြားချိုလည်း သက်ပြင်းရှည်တစ်ခုကိုချပြီး မရယ်ချင်ရယ်ချင်

နှင့် မျက်တတ်ရယ်လိုက်စဉ်မှာပင် မလှမ်းမကမ်း တောအုပ်ထဲမှ

ကြည်နူးဖွယ် လွင့်လာသော အသံတစ်သံကို ကြားလိုက်ရသည်။

"ကန်သမင်မလေး သိပ်ပြီး မောပန်းနေရင် ကျုပ်တို့ ကူညီပေးဖို့

အရန်သင့်ပါပဲဗျာ"

စကားဆုံးသည်နှင့် လူသုံးယောက် ထွက်လာကြ၏။

ထိုလူသုံးယောက်က…

ရှုံမှုဒိန်၊ မော်ဝန်နှင့် မော်ကျန်တို့ပင် ဖြစ်ကြ၏။

စေချည်သည် မျက်နှာတစ်ချက် ပျက်သွားပြီး မိမိတို့နောက်က
အရိပ်လို လိုက်ပြီးနေသော သူတို့သုံးယောက်အား မျက်နှာထ
တင်းတင်းနှင့် လှမ်းကြည့်နေလေ၏။

"လက်စသတ်တော့ ခင်ဗျားတို့က ပြန်လာပြန်ပြီကိုး၊ ကျွန်တေ
မနက်က ပြောခဲ့တဲ့ စကားကို ခင်ဗျားတို့ မေ့သွားကြပြီ ထင်တ
ဟုတ်လား"

ချုံပုဖိန်၏ အမူအရာက အချိုးပြောင်းနေပြီ။ ယခင်နှစ်ယော
တုန်း ကတည်းကကဲ့သို့ ကျိုးနွံမှုမရှိကြောင်း စေချည် သိလိုက်
စေချည်စကားကြောင့် သူက နှုတ်ခမ်းကိုတွန့်ပြီး မျက်ခုံး
ပင့်လျက် မခိုးမခန့်နှင့် တဟားဟား ရယ်လာတော့၏။

"ဟား... ခင်ဗျားက သက်သက် အထင်လွဲတာပဲ၊ ကျုပ်
သုံးယောက်က ခင်ဗျားတို့ကို နောက်ယောင်ခံ မလိုက်ပါဘူး၊
ဒီမှာလာတွေ့တာကလဲ တိုက်ဆိုင်လို့ပါ"

"ဒါဆို ကိုယ့်လမ်းကိုယ် သွားကြပေါ့"

"ဟာ... ခင်ဗျားတို့က အမိန့်ပေးလှချည်လား"



ချုံပုဖိန်က မနှစ်မြို့သော လေသံမျိုးနှင့်ပြောပြီး စေချည်အား
...ကောင်း အကဲခတ်နေပြန်သည်။

"စေသူရဲကောင်းနဲ့ ကန်သခင်မလေးတို့က သိပ်ပင်ပန်းနေ
...မြင်လို့ ကျွန်တော်တို့သုံးယောက်က တကယ့်ကို စေတနာ
...ပြီး အကူအညီ ပေးမလို့ပါဗျာ၊ ဘာဖြစ်လို့ ကျွန်တော်တို့ကို
...နေရင်း ဟိန်းဟောက် မာန်မဲနေရတာလဲ"

ချုံပုဖိန်က ထိုသို့ လေပြေပြောပြီး စေချည်တို့အနားသို့
...ပြုံးဖြည်း လှမ်းလာသည်ကို တွေ့သောကြောင့် စေချည်လည်း
...ကိုကျက်ပြီး ကျားတစ်ကောင်လို ဟိန်းလိုက်သည်။

"ဟေ့ ရပ်လိုက်၊ ရှေ့မတိုးလာနဲ့ မားစာဖြစ်သွားမယ်"

ချုံပုဖိန်သည် ခြောက်ကပ်ကပ် ရယ်လိုက်ပြီး ရုတ်တရက်
...ပေါ်ကဓားရှည်ကို ဆွဲထုတ်လိုက်ပြီး လေဟုန်ကဲ့သို့ လျှင်မြန်သော
...ဖြင့် စေချည်ရှိရာသို့ ခုန်ဝင်လာကာ တအား ခုတ်ပိုင်းတော့၏။

...တည်းမှာပင် မော်ဝန်၊ မော်ကျန်တို့ ညီအစ်ကို
...လည်း သံကြိုးကို ကချွင်ချွင်မြည်အောင် ကစားရင်း ကြားချိ
... ဝိုင်းလာကြ၏။

ကြားချီမှာ ထိတ်လန့်ခြင်းနှင့် ဒေါသကြီးခြင်းတို့ ရောထွေးပြီ
ပေါ်လာသော မာန်ဖီသံလေးဖြင့် အော်ပြောသည်။

"ဩော်... ရှင်တို့က ဒီလိုပဲ ကျေးဇူးဆပ်တာပေါ့ ဟုတ်လာ
ရှင်တို့အသက်ကို နှစ်ခါတိုင်တိုင်ကယ်ခဲ့တာကို နွားပိန်ထူလို့ လူတွေပြီ
ကျေးဇူးဆပ်တာပေါ့လေ့၊ ကျေးဇူးကန်းတွေ၊ ရှင်တို့ဟာ လူမဟုတ်ဘူ
အသိဉာဏ်မဲ့တဲ့ တိရစ္ဆာန်တွေပဲ ရှင်တို့"

သူ့စကားမဆုံးခင်ပင် မော်ကျုန်တို့ ညီအစ်ကိုနှစ်ယောက်မှ
တဟားဟား ရယ်မောရင်းနှင့်ပင် ကြားချီကို တိုက်စစ်ဆင်တော့၏

ကြားချီသည် တတ်မြောက်ထားသော မိမိ၏ သိုင်းပညာ
လွန်စွာ ယုံကြည်သောကြောင့် ထိုမော်ကျုန်တို့ ညီအစ်ကိုအ
ခပ်ပေါ့ပေါ့ ယူဆမိ၏။ ဓားရှည်နှင့် အေးအေးလူလူ ခုခံလေတော့၏

သို့သော်...

အစာရေစာ မစားရခြင်း၊ သမ္မန်ကို ဆောက်လုပ်ခဲ့ရခြင်းအတွ
တစ်ကိုယ်လုံး မောပန်းနွမ်းလျနေသော ဒဏ်ကြောင့် သူမ၏ ဓားရှ
သည် ရန်သူ၏သံကြိုးနှင့် ထိတွေ့သောအခါ သူမ၏လက်ဖဝါ



[illegible] တစ်ချက်ပွရှိန်းသွားပြီး ဓားရှည်ကိုပင် မထိန်းနိုင်တော့သော
[illegible] ဓားရှည်မှာ အဝေးသို့ လွင့်စင်သွားလေ၏။

ကြားချီလည်း မမျှော်လင့်ဘဲ လွင့်စင်သွားသောဓားကို
[illegible] ကြောင်နေစဉ်မှာပင် မော်ဝန်က သူမ၏ ထုံကျဉ်စေသော
[illegible]ကို ပိတ်လိုက်၏။

စေချည်၏ အခြေအနေမှာလည်း သူမနှင့်မခြားဘဲ အတော်
[illegible] နေတော့သည်။

[illegible]အချိန်တွင် ဆိုပါက စေချည်အနေဖြင့် ချုံဖူဖိန်ကို
[illegible]နှင့်ပင် ဖြေရှင်းနိုင်၏။

သို့သော်...

[illegible] အားပြတ်နေသောဒဏ်ကြောင့် သူကိုယ်တိုင်မှာလည်း
ချုံဖူဖိန်၏ တိုက်ကွက်ကို ခုခံနိုင်သောစွမ်းအား မရှိတော့ချေ။

ချုံဖူဖိန်သည် စေချည်၏လက်ထဲရှိဓားကို အဝေးသို့
[illegible] ပါထုတ်လိုက်ပြီးနောက် ဆက်လက်၍ တိုက်စစ်မဆင်
[illegible] နောက်ပြန်ဆုတ်ခွာရပ်လိုက်လေသည်။

"စေသူရဲကောင်းနှင့် ကန်သခင်မလေးတို့ ဒုက္ခနှင့်ထပ်
ရင်မဆိုင်ချင်ရင် အခုကတည်းက ကျုပ်တို့အပေါ် ရန်မူလိုတဲ့စိတ်
ရပ်လိုက်ပါ"

စေချည်လည်း အားမတန်၍ မာန်လျှော့ရသော အဖြစ်ကြေ
ဒေါသမီးဟုန်းဟုန်း တောက်လာကာ အတော်ပင် ခံပြင်းသွားသ

သို့သော်...

သူ့အဖို့ ရန်သူအား ခုခံနိုင်သောစွမ်းရည် မရှိခြင်းကြေ
စေချည်သည် စိတ်တင်းပြီးနောက် ခေါင်းအေးအေးထား၍ ချုံမှုမိန်
အေးစက်စက်ကြည့်လာ၏။

"ကောင်းပြီ၊ အခု ခင်ဗျားတို့ ဘာလုပ်ချင်လဲ"

ချုံမှုမိန်က စပ်ဖြီးဖြီးမျက်နှာနှင့် လှပ်လာသည်။

"တကယ်တော့ စေသူရဲကောင်းဟာ ကျုပ်တို့ကို နှစ်ကြိမ်
ကယ်ခဲ့တဲ့ကျေးဇူးက ရှိပါတယ်၊ ဒါကြောင့် ကျုပ်တို့ စေသူရဲကေ
အပေါ်မှာ ဘာမှမလုပ်ပါဘူး၊ အင်း... တစ်ခုတော့ရှိတ
စေသူရဲကောင်းအနေနဲ့ ကိုယ်ထဲမှာရှိတဲ့ မြေပုံနဲ့ ဆေးတွေကို ကျ
လက်ထဲ အပ်လိုက်ဖို့ တောင်းပန်ချင်ပါတယ်"



စေချည်မှာ ဒေါသကြောင့် ရင်တစ်ခုလုံး လှုပ်ရှားသွားပြီး
မျက်လုံးများလည်း အရောင်တောက်သလို ဝင်းနေ၏။

ထို့ကြောင့် သူက ခနဲ့တဲ့တဲ့ပင် ပြောလေ၏။

"လက်စသတ်တော့ ဒီလိုကိုး၊ ချုံသူရဲကောင်းဟာ မြေပုံနဲ့
ဆေးလက်ရဲ ယူချင်တယ်ဆိုတော့ သိပ်တရားကျဖို့ကောင်းတာပဲ"

ချုံမှုမိန်က လိုလားတပ်မက်သော မျက်နှာနှင့် အရှက်ကင်းမဲ့စွာ
ပင် ပြောလာ၏။

"ဟုတ်တယ်၊ တခြားလူသာဖြစ်ခဲ့ရင် ခင်ဗျားတို့အသက်ကို
တောင် ရန်မူသွားဦးမယ်"

စေချည်က မသိမသာနှင့် သက်ပြင်းကို ဖြည်းဖြည်းချင်း ရှိုက်ရှု
လိုက်သည်။

"တကယ်လို့ ကျွန်တော်မပေးဘူးဆိုရင်ကော"

"အား... ဒီလိုမလုပ်နဲ့လေ၊ ခင်ဗျားအမျိုးသမီး ဒုက္ခရောက်
မှာမှာပေါ့"

ချုံမှုမိန်က ကြားချိုဘက်သို့ မျက်စပစ်ပြလေသည်။

စေချည်သည် မြေကြီးပေါ်တွင် လဲနေသောကြောင် ကြားချိ

ကြည့်လျက် အတွေးနယ်ချဲ့လာ၏။ သူ့ခေါင်းထဲတွင် နောက်ကျိ

လာ၏။

ဒိုးတူဘောင်ဘက် ဆင်းရဲဒုက္ခ စသည်တို့ကို အညီအမျှမည

မညျ ဝေခွဲယူသော ချစ်သူကိုကြည့်ပြီး သနားလာသည်။

ချူဖူဖိန်တို့လို လူစားမျိုး ခေါင်းထဲတွင် ရွှေဆိုသောအ

တစ်ခုမှလွဲ၍ ဘာမျှမရှိတော့။

လောဘ၊ မောဟ၊ ဒေါသနှင့် အတ္တတို့သာ သူတို့တွင်ရှိသ

ကျေးဇူးတရား၊ ကြင်နာခြင်းတရား၊ မုဒိတာ ဆိုသည်ကို

သတ္တဝါတို့ အိပ်မက်များပင် မက်ဖူးလိမ့်မည်မဟုတ်။

သူတို့ လိုလားသောအရာကို မရလျှင် လူ့အသက်

ပုရွက်ဆိတ်လောက်ပင် တန်ဖိုးမထားဘဲ သတ်ဖြတ်လိုက်နိုင်သည်

တွေးပြီး သူတို့လိုလားချက်ကို လိုက်လျော၍ နောက်မှ တစ်နည်းတ

ကြံရန် စေချည်က ပိုင်းဖြတ်လိုက်၏။

• • •



စေချည်သည် နက်နက်နဲနဲ စဉ်းစားလိုက်ပြီးနောက်

[illegible]ကို ထုတ်၍ ချူဖူဖိန်အား လှမ်းပစ်ပေးလိုက်၏။

ချူဖူဖိန်သည် ဆေးပုလင်းကို အရဖမ်းယူလိုက်ပြီးနောက်

[illegible] ဖိုးထည့်လေ၏။

"[illegible]ကိုယ်ထဲက မြေပုံကိုလဲ ကျုပ်လက်ထဲ အပ်လိုက်ပါ

[illegible]"

[illegible]လည်း ချူဖူဖိန်ကို တစ်ချက်လှမ်းကြည့်လိုက်၏။

"[illegible]လူကို နည်းနည်းခပ်ဝေးဝေး သွားခိုင်းလိုက်ပါ၊ ပြီးမှ

[illegible]ပေးမယ်"

ချူဖူဖိန်လည်း မော်ဝန်နှင့် မော်ကျန်တို့ကို အဝေးသွားရန်

[illegible]လေသည်။

"[illegible] ... ငါ့ညီနှစ်ယောက် နည်းနည်းလောက် ဖယ်ပေးလိုက်

[illegible]"

[illegible]နှင့် မော်ကျန်လည်း အမိန့်အတိုင်း နှစ်ကိုက်ခန့်

[illegible] သွားရပ်တော့၏။

ထိုစဉ်ခိုက်မှာပင် စေချည်လည်း ကြားချိုဆီသို့ သွားပြီးလျှ[illegible]
မြေပုံကို တစ်ဘက်မှ ထုတ်ယူလျက် ချုံပုဖိန်ကို ပြောလာသည်။

"ချုံသူရဲကောင်း၊ ဒီမြေပုံကို ရပြီးရင် နည်းနည်းတော့သတိထာ[illegible]
စေချင်တယ်၊ နို့မဟုတ်ရင် အသက်အန္တရာယ်ဖြစ်လာနိုင်တယ်နော်"

ချုံပုဖိန်တစ်ယောက် သူ့စကားကို စိတ်ဝင်တစား နားထော[illegible]
နေစဉ် မှာပင် စေချည်က ရုတ်တရက်ဆိုသလို မြေပုံထောင့်ကို ဆွဲဆု[illegible]
လိုက်သည်။

"ဟော့ကောင်... မင်းမြေပုံကို ဖျက်ဆီးပစ်နေတာလား"

ချုံပုဖိန်မှာ မျက်စိမျက်နှာပျက်ပြီး ဒေါသတကြီး အော်ဟ[illegible]
လာသည်။

စေချည်လည်း သူဖြဲလိုက်သော မြေပုံထောင့်ကို ဝှေ့ယ[illegible]
ပြလေသည်။

"ကျုပ်ဖြဲလိုက်တဲ့ အစကလေးက ကျုပ်အစ်ကို ရော်စီ[illegible]
နှစ်တစ်ထောင်ဖူလင်ဆေး ထားခဲ့တဲ့ နေရာကို ပြလိုက်တဲ့ သင်္ကေတ[illegible]
ခင်ဗျားကို လို[illegible]ဘာက ရွှေ၊ ဒါကြောင့် ကျွန်တော်က ဒီထောင့်[illegible]



[illegible]လိုက်ရတာ"

စေချည်လည်း ထိုသို့ပြောပြီးနောက် ဆုတ်ယူထားသော [illegible]ကို ကြွေမှုအောင် ချေပစ်လိုက်ပြီးမှ မြေပုံကို ချုံပုဖိန်ဆီသို့ [illegible]လေသည်။

ချုံပုဖိန်လည်း မြေပုံကိုရလိုက်သည်နှင့် မော်ဝန်တို့ညီအစ်ကိုအား [illegible]ပြီး သုံးယောက်သား သမ္ဗန်လေးဆီသို့ ပြေးကြလေသည်။

[illegible]...

[illegible]သုံးယောက် လေးငါးလှမ်းသာ ပြေးမိပြီး ရုတ်တရက် [illegible]ဟူသော အသံသုံးချက်နှင့်အတူ တောအုပ်ထဲမှ လူရိပ် [illegible]လာပြီးလျှင် သူတို့သွားမည့်လမ်းကို ကာဆီးထားကြ၏။

[illegible]သုံးယောက်က...

[illegible]အဖွဲ့၏ အဖွဲ့အုပ် ဟူလော်ထိန်။

[illegible]အဖွဲ့အုပ် လော်ကွမ်ညဲ။

[illegible]ညီအဖွဲ့အုပ် တန်ဟောင်တို့တတွေပင်။

ချုံပုဖိန်တို့သုံးယောက်မှာ သူတို့ရှေ့ရှိ လူများကိုတွေ့ပြီး

မျက်စိ မျက်နှာပျက်၍ အကြီးအကျယ် ထိတ်လန့်ချောက်ချားလ တော့၏။

လူကိုယ်တိုင်မှာလည်း ကသောကမျောနှင့် နောက်ဆုတ်လို ပြီး စားရှည်နှင့် သံကြိုးကိုယ်စီထုတ်၍ တိုက်ပွဲဆင်ရန် ဟန်ပြင် တော့၏။

သို့သော်...

ချုံ့မှိန်သည် ရင်ဆိုင်တိုက်ပွဲကို ချက်ချင်း မလုပ်သေး ပရိယာယ်နှင့် စကားတောက်လိုက်ပြန်သည်။

"အဖွဲ့အုပ်များ ခုလို ရုတ်တရက် ကြွမြန်းလာတာ ဘယ် အကြောင်းကိစ္စမျိုး ရှိလို့လဲခင်ဗျား"

ဟွာခန်အဖွဲ့အုပ်မှာ သဘောကျသလိုနှင့် မုတ်ဆိတ်ကိုသပ်ရ တဟားဟား ရယ်လေ၏။

"ချုံသူရဲကောင်းကလဲဗျာ၊ သိရဲ့သားနဲ့ မေးစရာလိုသေး လား၊ မေးလာမှတော့ ပြောရသေးတာပေါ့၊ ကျုပ်တို့လာတာ ဟိုမြေ ကြောင့်ပဲ"



"ပြော်... ခင်ဗျားတို့လို ဂုဏ်သရေရှိတဲ့ အဖွဲ့အုပ်လို ပုဂ္ဂိုလ်ကြီးက ဒီလိုလုပ်တာ ခင်ဗျားတို့ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်မိမှာ မစိုးရိမ်ဘူးလား"

ချုံမှိန်က ခနဲ့သောလေသံဖြင့် လုပ်လာသည်။

"ဟေ... ဟုတ်လား၊ ကျုပ်မသိလို့ မေးစမ်းပါရစေဦး၊ ကျုပ်ကို ခုလို ခင်ဗျားတို့ ဟို... ထားခဲ့တဲ့နောက်ပိုင်းမှာ ဘယ်နေရာများ ဂုဏ်သိက္ခာကျဆင်းတဲ့ အပြုအမူမျိုးကို လုပ်ခဲ့မိလို့လဲဆိုတာ ပြောစမ်းပါဦးဗျ"

ထိန်ချန်အဖွဲ့အုပ်က လေသံအေးအေးနှင့်ပင် ပြုံးလျက်သား ဖြေလေသည်။

"ဟုတ်သားပဲ၊ ကျုပ်တို့က ခင်ဗျားတို့လို ရေနစ်သူကို ဝါးကူထိုးပြီး သူတစ်ပါး ဒုက္ခရောက်နေတဲ့ အခိုက်အတန့်မှာအခွင့်အရေးကို လက်မလွှတ်ဘဲ မြေပုံကိုလုတဲ့ အပြုအမူမျိုးနဲ့ ယှဉ်လိုက်ရင် ကျုပ်တို့ဒီလိုလုပ်တာ ဘာမှကျစရာမရှိဘူးဆိုတာ သိသာပါတယ်"

ဟိုကြည်အဖွဲ့အုပ်ကပါ ထိန်ချန်အဖွဲ့အုပ်စကားကို ထောက်ခံလေ၏။

ချုံဖူဖိန်မှာ ထိုစကားကြောင့် မျက်နှာအကြီးအကျယ် ပျက်သွား
လေသည်။

"ကျုပ်တို့အဖွဲ့နဲ့ ခင်ဗျားတို့အဖွဲ့ဟာ အင်မတန် ခင်မင်
ရင်းနှီးတဲ့ မိတ်ဆွေတွေပဲ၊ ဒါကြောင့် ဒီမြေပုံကလေးတစ်ခုကြောင့်
အချင်းချင်း မေတ္တာမပျက်စေချင်ဘူးဗျာ"

ချုံဖူဖိန်၏ ရှေ့ပြည်အေး တရားစကားကြောင့် အဖွဲ့အုပ်
သုံးယောက်မှာ သဘောကျသလိုနှင့် ပြုံးစိစိဖြစ်သွားကြ၏။

✧ ✧ ✧



အခန်း (၃၈)

## သူခိုးလက်မှ သူဝှက်လု

"ပြော်... ချုံသူရဲကောင်းက မေတ္တာစကားကို ပြောလာ
[illegible] ကျုပ်တို့သုံးယောက်နဲ့ ချုံသူရဲကောင်းရဲ့ ခင်မင်မှုဟာ
ခင်ဗျားနဲ့ စေသူရဲကောင်းတို့ရဲ့ ခင်မင်မှုလောက်တော့ မလေးနက်
[illegible] ထင်တယ်"

ကိန်းချန်အဖွဲ့အုပ်က ခပ်အေးအေးပင် မေးလေသည်။

"ဟုတ်တယ်... ဟုတ်တယ်၊ စေသူရဲကောင်းလေးက နှစ်ကြိမ်
တိုင်တိုင် မင်းတို့အသက်ကို ကယ်တင်ခဲ့လို့ မင်းတို့ဟာ ကျေးဇူးမဆပ်

တဲ့အပြင် သူတို့ အားအင်ကုန်ခန်းနေတဲ့အချိန်မှာ ထပ်ပြီး ယုတ်မာကြံစည်တဲ့ မင်းတို့ရဲ့ အောက်တန်းစား အပြုအမူဟာ စစ်မှန်တဲ့ သိုင်းသမားတိုင်း မကျင့်အပ်တဲ့ အပြုအမူလို့ ကျုပ်ယူဆတယ်၊ ဒီလို အသက်သခင် ကျေးဇူးရှင်ပေါ်တောင် ကျေးဇူးစွပ်သေးတဲ့ မင်းတို့လို ကောင်မျိုးတွေက မေတ္တာစကားပြောဖို့ မထိုက်တန်ဘူးလို့ ကျုပ်ထင်တယ်"

ချုံဖူဖိန်မှာ ရှက်စိတ်ကြောင့် ခေါင်းမှုပင် မဖော်ဝံ့ဘဲ မျက်နှာအောက်သိုးသိုးနှင့် မြေကြီးကိုသာ စိုက်ကြည့်လျက်ရှိ၏။

"ဒါဆို ခင်ဗျားတို့ ဘာလုပ်ချင်လဲ"

သူသည် မျက်လုံးချင်း မဆိုင်ရဲသောကြောင့် ခေါင်းငုံ့လျက်သား မဝံ့မရဲ မေးကြည့်၏။

ဟွာခန် အဖွဲ့အုပ်က သူ့ကိုသာ အေးစက်စက် ကြည့်နေလေသည်။

"ကျေးဇူးရှင်ကို ကျေးဇူးရှင်မှန်းမသိဘဲ၊ သားရေပေါ်အိပ် သားရေနားစားတဲ့ မင်းတို့လိုခွေးတွေကို လူတိုင်း ရွံမုန်းသုတ်သင်နိုင်ခွင့်ရှိတယ်"



စကားဆုံးသည်နှင့် ဟွာခန်အဖွဲ့အုပ်သည် ကိုယ်ကို လေထဲသို့ မြှောက်တက်သွားပြီး မိုးချုပ်သံကဲ့သို့ ပြင်းထန်သော လက်ဝါးစောင်း ရိုက်ချက်နှင့် ချုံဖူဖိန်အား အပေါ်မှစီး၍ ခုတ်ချလိုက်သည်။

ချုံဖူဖိန်လည်း မိမိသည် ထိုလူသုံးယောက်၏ ရန်သူမဟုတ်ကြောင်းကို သိရှိနေ၍ မလှုပ်မယှက် နေနေရာမှ ဟွာခန်အဖွဲ့အုပ် တိုက်စစ်ဆင်လာသည်ကို မြင်သောအခါ ချက်ချင်း နောက်ဆုတ်သွားပြီး ကျယ်လောင်စွာ အော်တော့သည်။

"နေဦး..."

ဟွာခန်အဖွဲ့အုပ်လည်း သူ့တိုက်ကွက်ကို မဆင်သေးဘဲမျက်နှာ ပြုံးရွှင်စွာနှင့် ကြည့်၏။

"ချုံသူရဲကောင်း ဘာများပြောစရာရှိလို့လဲ"

"ခင်ဗျားတို့သုံးယောက် လိုချင်တာက မြေပုံနဲ့ ဆေးဆိုတော့ ကျုပ်ကလဲ ဒါလေးအတွက်ကြောင့် မေတ္တာပျက်သွားမှာတော့ မခံနိုင်ဘူး၊ ဒီတော့ ကျုပ်အခုပဲ မြေပုံနဲ့ဆေးကို ပေးလိုက်ပါ့မယ်ဗျာ ယူသွားပါ"

ချုံဖုဖိန်မှာ ပါးစပ်ကပြောသော်လည်း စိတ်ထဲကမူ နည်းနည်းမျှ မကျေနပ်။ ဟွာခန်အဖွဲ့အုပ်ကလည်း သူ့ကို အတော်သဘောကျသလို ပြုံးပြုံးလေး ကြည့်ပြန်၏။

"ဒါဆိုလဲ မြေပုံနဲ့ဆေးကို တဆိတ်လောက် ပစ်ပေးလိုက်ပါ"

ချုံဖုဖိန်က မြေပုံနှင့်ဆေးကို ဟွာခန်အဖွဲ့အုပ်ထံ ပစ်ပေးလေသည်။

နောက်တော့ ကိုယ်ကိုလှည့်ပြီး သူ့အဖော်နှစ်ယောက်အား ခေါ်တော့၏။

"ကဲ... ညီလေးတို့ ကျုပ်တို့ပြန်ကြရအောင်"

သို့သော်... ဟွာခန်အဖွဲ့အုပ်က သူတို့ကို ပြန်ခွင့်မပြုချေ။

သူသည် ကိုယ်ကိုရှေ့သို့ ဝဲပျံလိုက်ပြီး ချုံဖုဖိန်တို့၏ရှေ့တွင် သွား၍ ကာဆီးလျက် ရပ်နေပြန်တော့သည်။

ချုံဖုဖိန်က သူ့အား နားမလည်စွာကြည့်နေသလို သူကလည်း အပြုံးမပျက်ပင် ချုံဖုဖိန်တို့လူသိုက်အား စေ့စေ့ကြည့်နေလေ၏။

"ချုံသူရဲကောင်းက ကျုပ်စကားကို နားမရှင်းသေးဘူး ထင်တယ်"



ချုံဖုဖိန်လည်း လွန်စွာ ကြောက်ရွံ့ထိတ်လန့်သွားပြီး နောက်သို့ ချက်ချင်း ဆုတ်သွားကာ ဓားရှည်ကို ဆွဲထုတ်လျက် ဒေါသတကြီးနှင့် အော်မေးလာသည်။

"ခင်ဗျား ဘာလုပ်ချင်သေးလို့လဲ"

"ကျုပ်လား... ချုံသူရဲကောင်း မေ့သွားပြီထင်တယ်၊ ကျေးဇူးရှင်ကို ကျေးဇူးစွပ်တတ်တဲ့ လူယုတ်မာတွေကို လူတိုင်း ချေမှုန်းသုတ်သင်နိုင်ခွင့် ရှိတယ်ဆိုတာလေ"

ဟွာခန်အဖွဲ့အုပ်စကားကြောင့် ချုံဖုဖိန် သွေးပျက်ချောက်ချားသွား၏။

"ခင်ဗျားတို့ဟာ ကြီးနိုင်ငယ်ညှဉ်းနဲ့ တစ်ဘက်သတ် အနိုင်ယူ ရက်စက်တဲ့ လူကြီးလူကောင်း သိုင်းသမား အရေခြုံတွေပဲ"

ချုံဖုဖိန်က မရဲတရဲနှင့် လှမ်းခွပ်လိုက်သည်။

ဟွာခန်အဖွဲ့အုပ်ကတော့ တဟားဟားနှင့်ရယ်ပြီး သူ့ရှိရာသို့ ခပ်မှန်မှန်သာ တစ်လှမ်းချင်း လျှောက်သွားလေသည်။

"မင်း ဘယ်လိုပဲပြောပြော ဒီနေ့တော့ မင်းတို့သုံးယောက်စလုံးကို သေမင်းဆီ အလည်ပို့လိုက်မယ်၊ မင်းတို့ဟာ လူ့ပြည်မှာ သိပ်ခြေရှုပ်တယ်"

ချုံဖုံဖိန်တစ်ယောက် ထိုစကားကြောင့် ခြေဖျားလက်ဖျားပင် အေးစက်လာ၏။

သည်တစ်ခါ တိုက်ပွဲမဆင်လျှင် မဖြစ်တော့သလောက် အခြေအနေသို့ ဆိုက်ရောက်နေသည်ကို နားလည်နေသဖြင့် အံကြိတ်၍ ရှိသမျှစွမ်းအားနှင့် ဟွာစန်အဖွဲ့အုပ်အား တိုက်စစ်ဆင်လာသည်။

ထိုစဉ်… ထိန်ရှုံနှင့် ထိုင်ကြည်အဖွဲ့အုပ်တို့လည်း မနေသာဘဲ မော်ဝန်တို့နှင့် တစ်ယောက်ချင်း တိုက်နိုက်ကြလေသည်။

ထိုအချိန်တွင် စေရှည်သည် ကြားချို၏ ပိတ်နေသောအကြောကို ဖွင့်ပေးလိုက်၏။

သူတို့နှစ်ယောက်မှာ အားအင် ပြန်လည်မပြည့်သေးသောကြောင့် ဘာကိုမျှ မလုပ်ဆောင်သေးဘဲ အေးအေးလူလူသာ အနားယူလျက် တိုက်ပွဲကို ကြည့်နေလေ၏။



ယခုလို အခြေအနေမျိုး ဖြစ်ရခြင်းမှာ စေရှည်၏ လူလူချင်း စာနာသနား ထောက်ထားညှာတာမှုနှင့် စေတနာထားခဲ့ခြင်းကြောင့်သာ ဟူ၍ ကြားချိုက မကျေမချမ်းနှင့် အပြစ်တင်လာတော့သည်။

"ကဲ… ချစ်ချစ် မပြောဘူးလား၊ သူတို့ထိုက်နဲ့ သူတို့ကံ ရှိပါစေလို့ အတန်တန် တားလျက်နဲ့ ကိုကိုက ကရုဏာရှေ့ထားပြီး ကယ်လိုက်တာကိုး၊ ခုတော့ တွေ့တယ်မဟုတ်လား၊ ခွေးမြီးကောက်ဟာ ခွေးမြီးကောက်ပဲဆိုတာ"

စေရှည်လည်း ကြားချိုမျက်နှာကို အငေးသားလေး ကြည့်ပြန်သည်။

"ချစ်ချစ်ပြောတာတော့ ဟုတ်ပါတယ်၊ ဝဋ်ငြိတာ လည်တတ်တယ်လေ၊ ခုပဲ ကြည့်ပါလား၊ သူတို့စေတနာ သူတို့ကို အကျိုးပေးလာပြီပဲ၊ မယုံရင်ကြည့်နေ၊ ဒီတစ်ချီတော့ သူတို့ ဘယ်နည်းနဲ့မှ အသက်ချမ်းသာရာရကြမှာ မဟုတ်ဘူး"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် ကိုကိုရဲ့ဆေးနဲ့ခမြပုံကိုတော့ ဆုံးရှုံးလက်လွှတ်လိုက်ရပြီ မဟုတ်လား"

ကြားချိုက ဆေးနှင့်မြေပုံအတွက် နှမြောနေလေ၏။

"ခဏကြည့်ပါဦးလေ… ဒီအဖွဲ့အုပ် သုံးယောက်က ပြန်ပေးချင်လဲ ပေးမှာပါ"

"အမယ်လေး"

သည်းပျက်တုန်လှုပ်ချောက်ချားစရာကောင်းသော အော်သံကြောင့် စေချည်တို့ပင် ကားပြတ်သွား၏။

မော်ကျုန်၏ ဆီးအိမ်ကို ထိန်ချုံအဖွဲ့အုပ်၏ ဓားရှည်က ထိုးဖောက်လိုက်ခြင်းကြောင့် မော်ကျုန်မှာ မချိမဆန့်အော်လျက် နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွား၏။

ချုံဖူဖိန်နှင့် မော်ဝန်တို့နှစ်ယောက်မှာ ကြောက်လန့်စွာနှင့် ဆက်၍ မတိုက်ဝံ့ဘဲ ပြေးပေါက်သာ ရှာကြရတော့၏။

သူတို့၏ ထွက်ပြေးလိုသော စိတ်ဆောမှုနှင့် ကြောက်လန့်တုန်လှုပ်ခြင်းကို အခွင့်ကောင်းယူ၍ ဟွာစန်အဖွဲ့အုပ်သည် ရုတ်ခနဲ သူ့အနားရောက်လာ၏။

ပြင်းထန်စွာ ရိုက်လိုက်သဖြင့် ချုံဖူဖိန်မှာ ပါးစပ်ကို တစ်ချက်မျှမဲ့လျက် အသံမျှမထွက်တော့ဘဲ ကိုယ်တွင်းရှိ အသည်း၊



အဆုတ်တို့ကွာပြီး နေရာတွင် ပုံလျက်သား ကျသွားကာ ပါးစပ်ထဲမှ သွေးများ ကျလာပြီးနောက် လူမှာလည်း တဆတ်ဆတ် ဖြစ်နေရာက လုံးဝငြိမ်ကျသွားလေ၏။

မော်ဝန်မှာတော့ ထိုင်ကြည်အဖွဲ့အုပ် လက်ချက်ဖြင့် နောက်စေ့ကို ထိသွားသောကြောင့် တစ်ချက်တည်း ကိစ္စတုံးသွားလေသည်။

ချုံဖူဖိန်တို့သုံးယောက်ကို အပြတ်စာရင်းရှင်းပြီးသောအခါ ဟွာစန်အဖွဲ့အုပ်လည်း စေချည်တို့ရှိရာသို့ ရောက်လာ၏။

"ကဲ… စေသူရဲကောင်း၊ ကျုပ်တို့တော့ မင်းအတွက်နဲ့ သစ္စာမရှိ၊ လူ့စိတ်ကင်းမဲ့တဲ့ ဒီသုံးကောင်ကို သုတ်သင်ပေးခဲ့ပြီ၊ ဒါကြောင့် မင်းဘယ်လို ကျေးဇူးတင်မှာလဲ"

စေချည်လည်း မတ်တတ်ရပ်၍ လက်နှစ်ဖက်ကို လက်သီးသဏ္ဍာန်ယှက်ပြီး အရိုးအသေပေးသည်။

"ခင်ဗျားသာ မြေပုံနဲ့ဆေးကို ပြန်ပေးနိုင်ရင် အဲဒီကျေးဇူးကို ကျွန်တော်ဆယ်သက် မမေ့ပါဘူးဗျာ"

"အို… စေသူရဲကောင်းကလဲကွာ၊ ရယ်စရာ စကားမပြောနဲ့လေ၊ မြေပုံနဲ့ဆေးကို ကျုပ်တို့က ချုံဖူဖိန်လက်ထဲက ရခဲ့တာပါပဲ"

ဟွာစန်အဖွဲ့အုပ် ရယ်ရယ်မောမောနှင့် ပြောသည်။

"ဟုတ်ပါတယ်၊ အဲဒီမြေပုံနဲ့ဆေးက ကျွန်တော်ပိုင်ပစ္စည်းပဲလေ"

စေရှည်က အလျှော့မပေးဘဲ ပြန်၍ပြောသည်။

ဟွာစန်အဖွဲ့အုပ်က သဘောကျစွာနှင့်သာ ပြုံးပြုံးလေး လုပ်ပြန်သည်။

"စေသူရဲကောင်းပြောတာ ကျုပ်မငြင်းပါဘူး၊ စေသူရဲကောင်းဟာ ချုံဖုတ်ဆိုက ပြန်လှုနိုင်တဲ့ အင်အားမရှိဘူး မဟုတ်လား၊ ကျုပ်တို့က စေသူရဲကောင်းအတွက် ဝင်ပြီး ကလဲ့စားချေပေးရတယ်ဆိုတာလဲ စဉ်းစားပါ၊ ဒါကြောင့် ကျုပ်တို့ကို ကျေးဇူးပြုတဲ့အနေနဲ့ မြေပုံနဲ့ဆေးကို လက်ဆောင်အဖြစ် ပေးလိုက် စေချင်တယ်"

စေရှည်မှာ ဟွာစန်အဖွဲ့အုပ်စကားကြောင့် အူလှိုက်သည်းလှိုက် ရယ်ချင်လာသည်။

အကျိုးလို၍ ညောင်ရေလောင်းသော သူတို့ကိုလည်း စိတ်ထဲတွင် ခပ်ချဉ်ချဉ် ဖြစ်သွားမိ၏။



ဒါပေမယ့် မိမိအနေနှင့် မာန်သာရှိ၍ ဟန်မရှိခြင်းအတွက် သူက စိတ်လျှော့လိုက်သည်။

"ကောင်းပြီလေ၊ ကျေးဇူးဆပ်စေချင်တာကို မျှော်ကိုးပြီး ကူညီတဲ့နောက် ကျုပ်အဖို့ ဘာမှပြောစရာ မရှိပါဘူး"

"ဒီလိုနဲ့ မပြီးသေးဘူးကွယ့်၊ ကျုပ်တို့က စေသူရဲကောင်းနဲ့ တစ်ခု ဆွေးနွေးချင်တယ်"

သူတို့ ဘာဆိုလိုသည်ကို အကင်းပါးစွာနှင့် ရိပ်စားမိသော စေရှည်ကလည်း ကောက်ကာငင်ကာ ပြောပစ်လိုက်၏။

"ဘာလဲ ခင်ဗျားတို့က ခင်ဗျားတို့လုပ်ရပ်တွေ ခင်ဗျားတို့ရဲ့ သူငယ်ချင်းကြီးတွေသိမှာကို မပြောဖို့ မေတ္တာရပ်ခံမှာပဲ မဟုတ်လား"

"အေး ဟုတ်တယ်၊ ပြီးတော့ စေသူရဲကောင်း သဘောတူမယ်ဆိုရင် ကျုပ်တို့နဲ့အတူ တစ်ခါတည်း ရွှေမြို့တော်ဆီကို ခေါ်သွားမယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်တော် မလိုက်ဘူး"

သူ့စကားကြောင့် ဟွာစန်အဖွဲ့အုပ်မှာ အံ့ဩသောမျက်နှာမျိုးဖြင့် ကြည့်လာ၏။

"ဘာလဲ၊ စေသူရဲကောင်းဟာ ဟိုနှစ်တစ်ထောင် ဖူလင်ဆေးကို မလိုချင်တော့ဘူးပေါ့"

စေချည်လည်း မျက်နှာသုန်မှုန်စွာနှင့်ပင် ပြေသည်။

"နှစ်တစ်ထောင် ဖူလင်ဆေးမြစ်က ကျွန်တော် ဒီခရီးကိုလာခဲ့ရတဲ့ အဓိကရည်ရွယ်ချက်ပါပဲ၊ ဘာဖြစ်လို့ မလိုချင်ရမှာလဲ"

"ဒါဆို စေသူရဲကောင်း မလိုက်ချင်တာက ကျုပ်တို့ ချုံမှုဖိန်တို့ သုံးယောက်ကို သုတ်သင်ခဲ့တဲ့အကြောင်းကို ရှာစဉ်လိုက်ပြီး ကြေညာမလို့ ဆိုပါတော့"

ဟွာစန်အဖွဲ့အုပ်က မျက်နှာထားတင်းမာစွာနှင့် မေးလာလေသည်။

"ကျွန်တော်ဟာ အချိန်ကို ဒီလိုအဓိပ္ပါယ်မရှိတဲ့အလုပ်မျိုးမှာ သွားမဖြုန်းတတ်ဘူး"

"ဒါဆိုရင် စေသူရဲကောင်းက ဘာဖြစ်လို့ ကျုပ်တို့နဲ့အတူ ရွှေမြို့တော်ကို မသွားချင်ရတာလဲဆိုတာ ပြောစမ်းပါဦး"

စေချည်လည်း ခပ်ပြုံးပြုံးပြတ်ပင် ပြောလေ၏။



"ကျွန်တော်ဟာ ကိုယ်စိတ်တိုင်းမကျတဲ့သူနဲ့အတူ ခရီးမသွားချင်ဘူး"

ဟွာစန်အဖွဲ့အုပ်မှာ ရုတ်တရက် မျက်နှာနီမြန်းသွားပြီးမှ တဟဲဟဲလုပ်လာသည်။

"စေသူရဲကောင်းက ဓားဝိဇ္ဇာရဲ့တပည့်လို့ မပြောရဘူး၊ စိတ်နေစိတ်ထား သဘောထားကအစ မင်းဆရာနဲ့ တထေရာတည်းပါပဲ၊ လေးစားပါတယ်ကွာ၊ နို့ မင်းဆီမှာ မြေပုံနဲ့ဆေး မရှိတော့ ရှေ့ခရီးကို ဘယ်လိုဆက်မလဲ"

အမွေးကျွတ်သော်လည်း အားမာန်မလျှော့သော စာမရိုင့်ကက်လို စေချည်က ရင်ကိုကော့၍ မာန်တင်းတင်းပင် ပြောလိုက်သည်။

"ဒီနေရာနဲ့ ရွှေမြို့တော်ကြားမှာ ဆယ်ရက်ခရီး ကျန်ပါသေးတယ်၊ ဒီဆယ်ရက်ခရီးအတွင်းမှာ ခင်ဗျားတို့ဆီကနေ မြေပုံနဲ့ဆေးကို ပြန်ရအောင်ယူမယ်လို့ ကျွန်တော့်မှာ ယုံကြည်မိတ် အပြည့်ရှိပါသေးတယ်"

ဟွာစန်အဖွဲ့အုပ်မှာ တဟားဟားနှင့်အော်၍ ရယ်လိုက်ပြီးလျှင် အတူရှိနေသော ထိန်ချုံနှင့် ထိုင်ကြည်အဖွဲ့အုပ်တို့ဘက် လှည့်ပြောလိုက်၏။

"ခင်ဗျားတို့လဲ ကြားကြပြီးပြီနော်၊ ဒီပုံအတိုင်းဆိုရင် ကျုပ်တို့ ဓားဝိဇ္ဇာဆရာတပည့်နဲ့ ချစ်ကြည်ရေး ရွှေလမ်းငွေလမ်း ဖောက်လို့ မဖြစ်သေးဘူးထင်တယ်"

ထိန်ချုံအဖွဲ့အုပ်က တည်ကြည်သော မျက်နှာထားနှင့် စေချည်တို့ကို တစ်ချက်မျှ မျက်လုံးလှန်ကြည့်လေသည်။

"စေသူရဲကောင်းက တကယ်ပဲ ကျုပ်တို့နဲ့ မလိုက်ချင်ဘူး ဆိုပါတော့"

"မှန်ပါတယ်၊ ကျွန်တော်က ကျွန်တော့်မူအတိုင်း နေတတ်တဲ့ လူတစ်ယောက်ပါ၊ ကျွန်တော့်မူကို ဖျောက်ဖျက်ရင် ကျွန်တော့်အသက် ကို သတ်သလိုပါပဲ၊ ဒါကြောင့် ခင်ဗျားတို့ ဆန္ဒကို မလိုက်လျောနိုင်တဲ့ အတွက် ခွင့်လွှတ်ပါ"

"ကောင်းပြီလေ၊ ဒါဆိုလဲ ကျုပ်တို့နှစ်ဦးနှစ်ဘက်ကြားမှာတော့ စကားကို ရှင်းအောင်ပြောထားရမှာပဲ၊ မြေပုံနဲ့ဆေးကို ကျုပ်တို့ ချုံဖုဖိန်ရဲ့ လက်ထဲကနေ ရယူခဲ့တာ၊ ဒါကြောင့် ကျုပ်တို့နဲ့ စေသူရဲကောင်းကြား မှာ ဘာပြဿနာမှ မရှိဘူးဆိုတဲ့အချက်ကို စေသူရဲကောင်း ဝန်ခံမလား"



ထိုန်ချုံအဖွဲ့အုပ်မှာ သူတို့သိက္ခာကို အဖတ်ဆယ်လိုသောကြောင့် စေချည်၏သဘောထားကို အရတောင်းသည်။

စေချည်လည်း လောလောဆယ်တွင် ဘာမျှမတတ်နိုင်သေး သော အခြေမျိုး၌ ရှိနေသောကြောင့် စိတ်ထဲက မပါသော်လည်း ခေါင်းကိုမူ ညိတ်ပြသည်။

"ဟုတ်ကဲ့… ကျွန်တော်ဝန်ခံပါတယ်"

"အင်း ဟုတ်ပြီ၊ နောက်တစ်ခုကတော့…"

ထိန်ချုံအဖွဲ့အုပ်သည် ချက်ချင်းမပြောသေးဘဲ မေးစေ့ကို ပွတ်သပ်လျက် စဉ်းစားနေပြီးမှ တစ်လုံးချင်း ပြောလေသည်။

"ကျုပ်တို့ ချုံဖုဖိန်ကို သတ်တာဟာ တစ်နည်းပြောရရင် စေသူရဲကောင်းရဲ့ ရင်ထဲက မုန်းတီးနာကျည်းမှုကို တစ်ဖက်တစ်လမ်း က နေပြီး ပြေပျောက်အောင် အကူအညီပေးတဲ့အတွက် စေသူရဲကောင်း အနေနဲ့ ကျုပ်တို့အပေါ်မှာ မေတ္တာစိတ်ထားစေချင်တယ်၊ သဘော ကတော့ ကျုပ်တို့ ချုံဖုဖိန်ကို သတ်တဲ့အကြောင်း မပေါက်ကြားစေချင် ဘူး၊ ဟုတ်တယ်မဟုတ်လား"

"ကျွန်တော် ပြောပြီးပြီမဟုတ်လား၊ ကျွန်တော်ဟာ ဒီကိစ္စကို အရေးလုပ်ဖို့ အချိန်မပေးနိုင်ဘူးဆိုတာ"

စေချည်က လူကြီးလူကောင်း အယောင်ဆောင် လူသတ်ကောင်တို့၏ သည်ဘူတာသာ ဆိုက်လာသော စကားကြောင့် ခပ်ဆတ်ဆတ်လေး ပြန်ပြော၏။

ထိန်ချုံအဖွဲ့အုပ်က ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်လေသည်။

"ဟုတ်ပြီ… စေသူရဲကောင်း ကျုပ်တို့နဲ့ မလိုက်နိုင်ဘူးဆိုတဲ့အတွက် ဝမ်းတော့နည်းပါတယ်၊ ဒါဆို ကျုပ်တို့ အလျင်သွားနှင့်တော့မယ်၊ မြေပုံနဲ့ဆေးကို လုယူနိုင်တဲ့ ယုံကြည်ချက်ရှိရင် လိုက်လာခဲ့ပေါ့လေ ဟုတ်လား"

ထိန်ချုံအဖွဲ့အုပ်သည် ထိုသို့ ပြောပြီးနောက် ဟွာစန်နှင့် ထိုင်ကြည် အဖွဲ့အုပ်တို့အား လက်ပြပြီးလျှင် သမ္ဗန်လေးရှိရာသို့ ဦးတည်သွားလေ၏။

သူတို့သုံးယောက်သည် သမ္ဗန်လေးကို မ,ပြီး ရွှံ့ရေအိုင်ထဲသို့ ချလိုက်၏။



ပြီးမှ…

သမ္ဗန်ကလေးထဲသို့ ဝင်ထိုင်ပြီးလျှင် လှော်တက်ကိုခတ်လျက် အရှေ့သို့ တစိုက်မတ်မတ်နှင့် သွားရာမှ ခဏကြာလျှင် အမှောင်ထဲသို့ ပျောက်ကွယ်သွား၏။

✧ ✧ ✧

## အခန်း (၃၉)

## နုရာဝဲစွဲ လဲရာသူခိုးထောင်း

သူတို့ သမ္ဘန်ကလေးစီးပြီး ပျောက်ကွယ်သွားသည့်အထိ မျက်စိတဆုံး ကြည့်ပြီးနောက် ကြားရှိသည် ခြေကိုသာ တွင်တွင်ဆောင့်လျက် အမျိုးမျိုး ကျိန်ဆဲလာသည်။

"ဟင်း… ခွေးသူခိုးကြီးတွေ၊ သူတို့ကများ ချုံပုဖိနိတ်ကို ရေနစ်သူ ဝါးကူထိုးတယ်လို့ ပြောချင်သေးတယ်၊ သူကိုကကော ဘာထူးသေလို့လဲ၊ ချစ်ချစ်တို့ကို အနိုင်ကျင့်သွားတာပဲ မဟုတ်လား၊ မသာတွေ သေချင်းဆိုးနဲ့ သေပါစေတော်၊ နည်းနည်းမှ ဂုဏ်သိက္ခာ မရှိတဲ့ တိရစ္ဆာန်ကြီးတွေ"



ကြားရှိ၏ ယမ်းပုံမီးကျ ဒေါသကိုကြည့်ပြီး စေရှည်မှာ စိတ်မကောင်းဖြစ်နေ၏။

သို့တိုင်…

သူက ချစ်သူကို အားပေးဖျောင်းဖျလာသည်။

"ကဲ… တော်ပါတော့ ချစ်ချစ်ရယ်၊ သူတို့ဟာ ကိုကိုတို့ နှစ်ယောက်ကို အသေမသတ်ဘဲ အသက်ချမ်းသာပေးသွားတာကိုပဲ ကျေးဇူးတင်ရမယ်၊ မဆီးနဲ့ မြေပုံက ကိုကိုနဲ့ချစ်ချစ်ရဲ့အသက်ထက် ပိုပြီး တန်ဖိုးမရှိပါဘူး"

ကြားရှိက အမျက်မပြေသေးသောကြောင့် စေရှည်ကိုပါ မကျေမနပ် ကြည့်လာ၏။

"ကိုကိုကော ဘာလုပ်ဖို့ စိတ်ကူးသေးလဲ"

စေရှည်မှာ စိတ်ဓာတ်ကျနေသောကြောင့် ခေါင်းကိုသာ ခါပြသည်။

"ဘာကိုမှ စိတ်မကူးသေးဘူး"

နဂိုက ဒေါပွနေသော ကြားရှိလည်း စေရှည်၏ အေးစက်စက် စကားကြောင့် ပို၍ အစ်ရစက်သွားပြီး မျက်နှာထားကလည်း တင်းသွားသည်။

"ဒါနဲ့ပဲ ကိုကိုက သူတို့ဆီက ဆေးနဲ့မြေပုံကို ပြန်ရအောင် တစ်နည်းနည်းလုပ်မယ်ဆို"

"ဟဲ...ဟဲ...ဒီတုန်းကတော့ မျက်နှာလေးရအောင် လုပ်ကြံပြီး ပြောရတဲ့စကားပဲ အချစ်ရဲ့"

စေချည်က ရယ်နေသလောက် ကြားချီမှာတော့ ပို၍ အခံရခက်နေပြီး ဧဒါသစိတ်များကြောင့် မျက်ရည်များပင် လည်လာ၏။

"ဩော်... ဒီလိုကိုးရှင့်၊ ပြန်ရအောင်ယူဖို့ မတတ်နိုင်ရင်လဲ စောစောကတည်းက သူတို့ခေါ်ရာ လိုက်သွားလိုက်ရင် ကောင်းသား"

"ဒီလူယုတ်မာ ကောက်ကျစ်တဲ့လူမျိုးနဲ့ ကိုကိုမသွားချင်ဘူး"

စေချည်က သူ့စိတ်ထဲတွင် ရှိသည့်အတိုင်း ပြောလေ၏။

နောက်တစ်ခုက သူ့အနေဖြင့် ကြားချီကို မကောင်းတတ်၍ ဖွင့်မပြောခြင်းသာ ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ကြားချီကြောင့်လည်း တစ်ပိုင်းပါသည်။

ကြားချီသည် ကြွေရုပ်လိုလှသော မိန်းမလှ။

ကြားချီမှာ ရုပ်သာလှသည်မဟုတ် ကိုယ်ခန္ဓာ ဖွံ့စည်းမှုကပါ အပြစ်ဆိုရက်စရာ မရှိအောင် အလှကြီး လှနေသူဖြစ်၏။



စေချည်က ကြားချီတစ်ယောက် ကျားစာဖြစ်သွားမည့် သမင်မလေးလို အဖြစ်ဆိုးသို့ ရောက်မည်စိုး၍ မကောင်းဆိုးဝါးတို့နှင့် အပေးအယူလုပ်၍ မလိုက်ခြင်းဖြစ်သည်။

သိုင်းပညာအရာတွင် ထိုအဖွဲ့အုပ် သုံးယောက်နှင့်စာလျှင် ကြားချီမှာ အတော်ပင် နုနယ်သူဖြစ်၏။

စေချည်ကိုယ်တိုင်ပင် သူတို့အား အတော်လေး အသေအလဲ ယှဉ်ရမည်ဖြစ်သည်။

ထိုအကောင်ကြီးများမှာ အများအမြင်၌သာ သိက္ခာသမာဓိ ရှိသယောင်ယောင် ကိုယ့်ကိုယ်ကို သိဒ္ဓိတင်ပေမယ့် ကွယ်ရာတွင် မိုက်တွင်းနက်သူများ ဖြစ်ကြသည်။

ကြားချီ ပါနေခြင်းကြောင့် သူတို့က စေချည်ကို ကြားချီနှင့် အကျပ်ကိုင်နိုင်သည်ကို ကြိုတင်တွက်မိ၍ စေချည်က သူတို့နှင့်လိုက်ရန် ခါးခါးသီးသီး ငြင်းပယ်နေခြင်းဖြစ်သည်။

အမှန်ကို အမှန်အတိုင်းသာ ပြောလိုက်လျှင် ကြားချီမှာ ဆတ်ဆတ်ထိမခံဘဲ သူ့ပညာကို အထင်သေးသည်။

ဓားဘုရင် ကျူလင်ဂျင့်မြေးကို ညွှံသည်၊ သတ္တိနည်းသည် ထင်သလားဆို၍ ဆွေ့ဆွေ့ခုန်မည်စိုးသောကြောင့် စေချည်က ပြောမထွက်။

ကြားချီသည် သူ့ရှေ့သို့သွားကာ လက်ပိုက်၍ စေချည်အား ခြေဆုံးခေါင်းဆုံး ကြည့်ပြီးလျှင် နားမလည်သော ပုံစံမျိုးနှင့် အပြစ်တင် ပြန်၏။

"ချစ်ချစ်တော့ ကိုကို့ကို အတော်နားလည်ရ ခက်နေပြီ၊ ကိုကို့လို လူပါးလူနပ်တစ်ယောက်က ဒီပြဿနာတစ်ရပ်နဲ့ ရင်ဆိုင်တဲ့ အခါမှာ ဘာဖြစ်လို့ ကိုယ့်စိတ်နဲ့ ဖွတ်ချည်းပဲ ဒီပြဿနာကို ပိုင်းဖြတ် ရတာလဲဟင်၊ ကိုကို့အနေနဲ့ ဒီကိစ္စမှာ အရှုံးအမြတ်ဆိုတဲ့ အဖြေကို ထည့်တွက်ပြီး နည်းနည်းမှ မစဉ်းစားတော့ဘူးလား"

ကြားချီသည် မထုံတက်တေးနှင့် ငိုင်တွေတွေကြီး လုပ်နေသော စေချည်အား မခံချင်အောင် ပြောလေတော့၏။

စေချည်ကသာ ဘာမျှမဖြစ်သလိုနှင့် အေးဆေးသောအပြုံးကို ပြုံးပြလေသည်။



"ရိုးသားဖြောင့်မတ်ခြင်းသည် အစစ်အမှန်မည်၏ ဆိုပြီး ကိုကို့ဆရာဟာ အစကတည်းက ကိုကို့ကို တပည့်အဖြစ် လက်ခံတာလဲ ကိုကို့ရဲ့ ဒီလိုစိတ်ထားမျိုးကို သဘောကျလို့ပဲဆိုတာ ချစ်ချစ် သိထား ပါကွာ"

"ဩော်… ကောင်းပါပြီတဲ့ရှင့်၊ စစ်မှန် စစ်မှန်ပါ၊ မြေပုံနဲ့ ဆေးမရှိတော့ ရွှေမြို့တော် မရောက်နိုင်တာက ပိုတောင် စစ်မှန် သေးတယ်"

ကြားချီက ဆောင့်ဆောင့်အောင့်အောင့်နှင့် ပြောပြီး နှုတ်ခမ်းကို စူလျက် တစ်ဘက်လှည့်၍ ထိုင်ချလိုက်သည်။

စေချည်သည် ဒေါသူပုန်ထနေသော ချစ်သူကို ပခုံးကိုင်လျက် နှစ်သိမ့်တော့၏။

"ချစ်ချစ်ကလဲ ဒေါသချည်းပဲကွာ၊ ကဲ… ကိုကို ချစ်ချစ်ကို ရှင်းရှင်းနဲ့ ဘွင်းဘွင်းပဲ ပြောတော့မယ်၊ ဟိုမြေပုံရဲ့ လမ်းကြောင်းတွေ ကိုကို အားလုံး အလွတ်ရထားပြီးပြီ သိလား"

"ဟင်… တကယ်"

ကြားချီသည် အံ့သြတုန်လှုပ်စွာမေးပြီး စေချည်မျက်နှာကို စေ့စေ့ကြည့်နေတော့၏။ သူ့မျက်လုံးတို့က စေချည်စကားကို မယုံသေး

ကြောင်း အတိုင်းသား ဖော်ပြလျက် ရှိသည်ကို အကဲခတ်မိသော စေချည်က ချစ်သူကို ရှင်းပြလာ၏။

"ဟုတ်တယ်...၊ ကိုကို အစောကြီးကတည်းက မြေပုံကို တခြားလူ လာလုမှာစိုးရိမ်လို့ မြေပုံမှာ ရှိသမျှ ၏၊ သည်မရွေး အကုန်လုံး အလွတ်ကျက်မှတ်ထားပြီးပြီကွယ်"

"ဟင်း... ပျော်လိုက်တာ ကိုကိုရယ်၊ ဒါဆို ချစ်ချစ်တို့ ရွှေမြို့တော်ကို ရောက်နိုင်သေးတာပေါ့နော်...နော်"

ကြားချိုမှာ ကလေးငယ်တစ်ယောက်လို ဝမ်းသာအားရ ဖြစ်သွားပြီး စေချည်လည်ပင်းကိုဖက်၍ မြူးထူးနေ၏။

ဝမ်းသာကြည်နူးမှုကြောင့် သူမရင်ထဲတွင် ပို၍ ချမ်းမြေ့သွားသည်။

စေချည်ကလည်း ချစ်သူ၏ ရွှင်ပျပျမျက်နှာကို ကြည့်လျက် ရင်ထဲတွင် အေးမြလာ၏။

"ကိုကိုတို့ သမ္ဘန်နောက်တစ်စင်းကို ဆောက်ပြီးမှ ခရီးဆက်လို့ ဖြစ်မယ် ချစ်ချစ်"



ကြားချိုလည်း ဝမ်းသာနေရာမှ ရုတ်ခြည်း တစ်ခုခုကို သတိရလာသူလို ချက်ချင်းပင် မျက်နှာကလေး တည်ငြိမ်သွားပြီး မေးလာပြန်သည်။

"ချစ်ချစ်တို့မှာ ဆေးမှမရှိဘဲ ကိုကို၊ ဘယ်လိုလုပ်ပြီး ခရီးဆက်ကြမလဲ"

စေချည်လည်း ဝတ်ထားသော သူ့လက်ရှည်ကို အသာလေး ပင့်တင်လာသည်။

"ကိုကို့ အင်္ကျီလက်ရှည်ထဲမှာ ဆေးဆယ်လုံး သိမ်းထားသေးတယ်"

သည်တစ်ကြိမ်တော့ ကြားချိုမှာ ဟန်မှုပင်မဆောင်နိုင်တော့ဘဲ ဝမ်းအသာကြီး သာသွားပြီး စေချည်အား ပြေးဖက်၍ ပါးနှစ်ဖက်ကို အထပ်ထပ် နမ်းလေတော့သည်။

"ဟွန်း... ကိုကိုလူညာကြီး၊ ဒီကဖြင့် စိတ်ပူလိုက်ရတာ သူကတော့ အားလုံး ကြိုတွက်ပြီး အဆင်သင့် လုပ်ထားတာကို။ သွား... မခေါ်တော့ဘူး၊ သူများကို အစောကြီးက ကြိုပြီး ဘာကြောင့် မပြောထားတာလဲ၊ ခုတော့ သူများမှာ စိတ်အဆင်းရဲကြီး ဆင်းရဲနေခဲ့တာ"

စေချည်က ဘာမျှမပြောဘဲ မတ်တတ်ရပ်ရန် ပြင်နေသော ကြားချိုလက်ကို ဆွဲလိုက်သည်နှင့် သူမခမျာ မဟန်နိုင်ဘဲ အလိုက်သင့် စေချည်ရင်ခွင်ထဲသို့ ရောက်လာ၏။

စေချည်လည်း အလွှတ်မပေးတော့ဘဲ ပြေရှင်းသောကျောပြင်ကို ခပ်တင်းတင်းလေး ဖက်ထားပြီး မျက်နှာတစ်ခုလုံး နေရာမလပ် အထပ်ထပ် နမ်းနေလိုက်သည်။

ကြားချိုမှာ မရှန်းမကန်ဘဲ ချစ်သူထံမှ ပေးလာသောအနမ်းပန်းကို ငြိမ်သက်စွာ ခံယူရင်း ချစ်သူရင်ခွင်ဝယ် မိန်းမောနေလိုက်သည်။

"ကိုကို... လွှတ်ပါကွယ်၊ ချစ်ချစ်အသက်ရှူကျပ်လာပြီ"

"ဟင့်အင်း... မလွှတ်ဘူး၊ ချစ်လို့ ဖက်ထားတာပဲ၊ အသက်ရှူကျပ်ရအောင် အဆိပ်နှင်းမြူလဲ ဒီမှာမရှိဘူး"

စေချည်က မလွှတ်ဘဲ ပို၍ တင်းကျပ်စွာ ဖက်ခြင်းကြောင့် ကြားချိုက ညည်းလာ၏။

"အမယ်လေး... အရိုးတွေ ကျိုးကုန်ပါ့မယ် ကိုကိုရယ်၊ လွှတ်နော်... ကိုကိုက လိမ္မာပါတယ်"

နားဝင်ချိုစွာ ချော့မောလာသော စကားကြောင့် စေချည်လည်း ပြန့်ပြူးသော နဖူးပြင်လေးကို ခပ်ဖွဖွနမ်းပြီး လွှတ်လိုက်သည်။



ကြားချိုကတော့ စေချည်ရင်ခွင်မှ ထွက်သည့်တိုင် ဘဝင်ဖို၍ ရင်ခုန်နေလေသည်။

"ကဲ... ကိုကိုတို့လဲ အနားယူကြရအောင်နော်၊ တရေးတမော ကောင်းကောင်းအိပ်ပြီး မနက်ဖြန်ကျရင် အားရှိရှိနဲ့ နောက်သမ္မန်တစ်စင်းကို ဆောက်တာပေါ့ကွယ်"

ကြားချိုလည်း စေချည်စကားကြောင့် ခေါင်းကိုခပ်သာသာ ညိတ်ပြ၏။

• • •

နောက်တစ်ရက်၏ နေ့လယ်အချိန်သို့ ရောက်သောအခါ သူတို့နှစ်ယောက်သည် နောက်ထပ်သမ္ဗန်တစ်စင်းကို ဆောက်လုပ်ပြီးစီးလေ၏။

ပထမသမ္ဗန်နည်းတူ ထပ်မံ၍ အနိုင်ကျင့်လုယူမည့်သူများ ရောက်လာမည် စိုးသောကြောင့် စေချည်တို့သည် ပင်ပန်းနွမ်းနယ် နေသည်ကိုပင် အလေးမထားတော့ဘဲ သမ္ဗန်ကလေးကို ရေထဲသို့ တွန်းချလိုက်သည်။

နောက်တော့ သမ္ဘန်ပေါ်သို့ နှစ်ယောက်သား တက်ထိုင်ကာ ခပ်တက်ကို အမြန်ခတ်၍ ခပ်သွက်သွက် လှော်လိုက်၏။

ထိုသို့ မြန်မြန်နှင့်မှန်မှန် ခပ်သွားရင်း စေချည်သည် ကြားချို၏ ပင်ပန်းမှုကြောင့် ချောင်ကျ၍ ညှိုးနွမ်းနေသော မျက်နှာလေးကို ကြည့်ပြီး ကရုဏာသက်လာသည်။

"ချစ်ချစ်... ကိုကို့ကို လှော်တက်ပေးလေ၊ ချစ်ချစ်အနားယူလိုက်ပါဦးလား"

"ဟင့်အင်း... ချစ်ချစ် မမောဘူး၊ ဗိုက်ပဲ ဆာနေတာ ကိုကိုရဲ့"

သူတို့နှစ်ယောက်၏ အစာထုပ်ကို မနေ့က စေချည်သည် သမ္ဘန်ကလေးပေါ်တွင် တင်လိုက်ခဲ့သည်။

ထိုသမ္ဘန်ကလေးကို ဟွာစန်အဖွဲ့က လုသွားသောကြောင့် သူတို့အစာထုပ်လည်း တစ်ပါတည်း ပါသွားလေ၏။

စေချည်ငသည်း မသိမသာ သက်ပြင်းချပြီး ကြားချိုကို နှဝ်သိမ့်၏။



"နည်းနည်းတော့ သည်းခံပါ ချစ်ချစ်ရယ်၊ ဒီရွှေရေအိုင်ကြီးကို ကူးပြီးတဲ့အခါကျတော့ တောထဲရှိသမျှ တိရစ္ဆာန်တွေကို ကိုကိုပစ်ပြီး ချစ်ချစ်ကို ကင်ကျွေးမှာပါ"

ကြားချိုလည်း ပင့်သက်ကလေးကို ရှိုက်လိုက်ပြီး အားနည်းသော လေသံနှင့် မေးကြည့်၏။

"ဒီရွှေရေအိုင်ကြီးကလဲ ဘယ်လောက်သွားရဦးမလဲ မသိဘူးနော် ကိုကို၊ တကယ်လို့ သုံးလေးရက်များ ဆက်သွားရရင်တော့ ချစ်ချစ်တို့ သမ္ဘန်လေးပေါ်မှာပဲ ငတ်သေသွားမှာ သေချာပါတယ်"

စေချည်မှာ သူမစကားကြောင့် မျက်လုံးများပင် ပြူးကျယ်သွား၏။

"ဖွ... လွဲပါစေ ဖယ်ပါစေ၊ မဖြစ်နိုင်တာ ချစ်ချစ်ရယ်၊ ခဏလေးဆို ဒီရွှေရေအိုင်ကြီးကို ကူးပြီးသွားမှာပါကွ၊ ဦးနှောက်အခြောက်မခံချင်ပါနဲ့နော်၊ ဟောဟိုက ဘာကြီးလဲ မသိဘူး"

စေချည်သည် ကြားချိုကိုပြောရင်း ရှေ့တွင် မြင်ရသော အရာကြောင့် အလန့်တကြား ကြည့်၏။

"ဘာများလဲ ကိုကို"

ကြားချီလည်း စိတ်ဝင်စားစွာ ကြည့်လေသည်။

စေချည်လည်း ညာဘက်၌ ပေါ်နေသော မည်းမည်းအရာကို လှမ်းပြသည်။

"ချစ်ချစ် ကြည့်စမ်း၊ ဟိုဘက်ကမျောလာတာ သစ်တုံးတစ်တုံးလား မသိဘူး"

ကြားချီက လိုက်၍ ကြည့်နေစဉ်၌ပင် ထိုမည်းမည်းအရာသည် သူတို့သမ္ဗန်ကလေးဆီသို့ လျင်မြန်စွာ ကူးခတ်လာသည်ကိုတွေ့ပြီး ကြားချီမှာ ကြောက်ရွံ့လာသည်။

"ကိုကိုက သစ်တုံးလို့သာ ပြောတယ်၊ ရေကူးတတ်တယ် ကိုကိုရဲ့၊ ကြည့်ရတာ ထူးဆန်းတဲ့သတ္တဝါ တစ်ကောင်ကောင်ပဲ"

ထိုသို့ပြောနေစဉ်၌ပင် မည်းမည်းအရာမှာ သူကို့သမ္ဗန်နားသို့ ကပ်လာ၏။

စေချည်လည်း အသာအယာ ကြည့်ပြီး အကြောက်ကြီး ကြောက်သွားသည်။

"ဟာ... ဒုက္ခပဲ၊ မိကျောင်းကြီးပါလား"



ကြားချီလည်း မျက်နှာတွင် သွေးမရှိတော့ဘဲ လှော်တက်ကို ခပ်မြန်မြန် ခပ်လေ၏။

"ကိုကိုရယ်... မြန်မြန်ခပ်ပါ၊ သူကပ်လာနေပြီ"

နှစ်ယောက်သား ရှေ့သို့ မည်မျှပင် ကြိုးစား၍ လှော်နေပေမယ့် မိကျောင်းက သူတို့ထက် မြန်ဆန်နေ၏။

တစ်ခဏအတွင်းမှာပင် မိကျောင်းသည် သမ္ဗန်နှင့်အတူ ယှဉ်တွဲ၍ လိုက်ပါလာ၏။

စေချည်သည် လှော်တက်ဖြင့် မိကျောင်း၏ခေါင်းကို အားကုန် လွှဲရိုက် နေသော်လည်း အားသာကုန်ပြီး မိကျောင်းက လုံးဝမဖြုံချေ။

ထို့ကြောင့် စေချည်လည်း ကပျာကယာ ဓားရှည်ကို ဆွဲထုတ်လျက် ကြားချီအား လှမ်းပြောလိုက်သည်။

"ချစ်ချစ်... ဒီကောင်ကြီးကို တစ်ချက်ထုရိုက်ကြည့်စမ်း"

ကြားချီသည် လှော်တက်ဖြင့် ရှိသမျှအားနှင့် လွှဲရိုက်လိုက်သည်နှင့် မိကျောင်းလည်း ကိုယ်ကို တစ်ပတ်လှည့်လိုက်၏၊

စေချည်လည်း မိကျောင်းက ကိုယ်ကို လှည့်သည်နှင့် အကွက်ကောင်းကိုဖမ်းပြီး မိကျောင်း၏ လည်ချောင်းတည့်တည့်ကို ဓားရှည်ဖြင့် တအားထိုးချလိုက်သည်။

မိကျောင်း၏ ကြီးမားသော ကိုယ်လုံးမှာ လူးလှိမ့်တွန့်ခေါက်နေရင်းပင် ဒဏ်ရာထဲမှ သွေးများ တရဟော ပန်းထွက်လာပြီးနောက် မိကျောင်းမှာ နွံ့ရေအိုင်ထဲသို့ တဖြည်းဖြည်း နစ်သွားလေတော့၏။

ထိုအခါမှ ကြားချိုလည်း အသက်ကို ခပ်ရဲရဲ ရှူလာနိုင်သည်။

"ဘုရား... ဘုရား... ချစ်ချစ်တော့ ဒါလောက်ကြီးတဲ့ မိကျောင်း တစ်ခါမှ မမြင်ဖူးဘူး"

စေချည်က စိတ်မချသေးဘဲ ဘေးနှစ်ဖက်ကို ထပ်၍ လှမ်းကြည့်၏။

ခက်ချေပြီ...။

မိကျောင်းနှစ်ကောင်မှာ ဘေးနှစ်ဖက်စီမှ ညှပ်ပူးညှပ်ပိတ် ကူးလာသည်ကို တွေ့ရသောအခါ ကြားချိုကိုလှမ်း၍ သတိပေးလာသည်။

"ချစ်ချစ်... ဟိုမှာ နှစ်ကောင်လာနေပြန်ပြီ"

ကြားချိုမှာ ထိတ်လန့်တကြား ကြောက်ရွံ့စွာ အော်လိုက်ရှာ၏။

"အမယ်လေး... ချစ်ချစ်တော့ ဒီတစ်ချီ ပါသွားလိမ့်မယ် ကိုကို"



"မကြောက်ပါနဲ့ ချစ်ချစ်၊ ဓားရှည်ကိုသာ မြန်မြန်ထုတ်၊ စုနနည်းအတိုင်း လုပ်မယ်"

စေချည်စကားမဆုံးမီ မိကျောင်းနှစ်ကောင်မှာ သမ္ဗန်ဘေး တစ်ဘက်တစ်ချက်ဆီသို့ ရောက်လာကြသည်။ စေချည်သည် ညာဘက်မှ ဓားရှည်ကိုကိုင်ထားပြီး ဘယ်ဘက်လက်က လှော်တက်ကို ထောင်ကာ မိကျောင်းနှာခေါင်းကို တအားရိုက်ချသည်။

သို့သော်... ထိုမိကျောင်းသည် ပထမမိကျောင်းကဲ့သို့ ကိုယ်ကို တစ်ပတ်မလှည့်ချေ။

မိကျောင်းကြီးမှာ စေချည်ရိုက်ချက်ကြောင့် ဖြုန်းခနဲ ရေထဲသို့ ငုံ့သွားပြီး ရေအောက်၌ တစ်ပတ်လှည့်ကာ သမ္ဗန်ဆီသို့ တစ်ကျော့ တိုက်ကွက် ဆင်လာပြန်၏။

မိကျောင်း၏ တိုက်ကွက်နည်းဗျူဟာမှာ သမ္ဗန်ကို မှောက်သွားအောင် လုပ်ပြီး အားပါးတရ လူသားစားရန် ကြံသော တိုက်ကွက်ပင်။

ထို့အတူ...

ကြားချို ရင်ဆိုင်နေရသော မိကျောင်းကလည်း လျင်လှ၏။

ကြားချိုမည်မျှ ထုနေရိုက်နေသော်လည်း သူ၏ဟာကွက်ကို ကား တစ်ချက်မျှ မပြပေ။

ထို့ကြောင့် ကြားချိုလည်း ကြံရာမရ ဖြစ်လာသည်။

"ကိုကို... ဒီကောင်ကြီးက ဘယ်လိုမှ ကိုယ့်ကို မလွှတ်ဘူး၊ သူ့လည်ချောင်းကို ထိုးခွင့်မရတော့ ဘယ်လိုလုပ်ရမလဲဟင်"

သူမသည် ကြောက်လန့်စွာနှင့်ပင် စေချည်ကို အကြံဉာဏ်တောင်း၏။

စေချည်လည်း သူ့ဘက်တွင်ရှိသော အကောင်ကို အလစ်မပေးရဲဘဲ ဖြစ်နေသည်။

"ခဏလေးတော့ အချိန်ဆွဲပြီး ရိုက်နေစမ်းပါ၊ ကိုကို ဒီကောင်ကို အပြတ်ရှင်းပါရစေဦး"

စေချည်စကားဆုံးသည်နှင့် မိကျောင်းက သုတ်ခနဲ စေချည်၏ လှော်တက်ကို တအားလှမ်းကိုက်လိုက်သည်။

ထိုသို့ လှမ်းကိုက်ခြင်းက စေချည်အတွက် အခွင့်ကောင်း ဖြစ်သွားသည်။

ထို့ကြောင့်...

သူသည် လှော်တက်ကိုင်ထားသောလက်ကို အားစိုက်ပြီး လှော်တက်ကို ထောင်မ,လိုက်သည်နှင့် မိကျောင်းကြီးကလည်း လှော်တက်ကိုကိုက်၍ လိုက်ပါလေသည်။



စေချည်လည်း လက်မနှေးတော့ဘဲ မိကျောင်း၏ လည်ချောင်းဆီသို့ ဓားရှည်ဖြင့် အားကုန်ထိုးချလိုက်သည်။

စေချည်သည် သူ့ဘက်မှ မိကျောင်းကို အပြတ်ရှင်းပြီးသော အခါ မိကျောင်းပါးစပ်ထဲမှ လှော်တက်ကို ဆွဲထုတ်၍ ကြားချိုဘက်သို့ လှည့်ကြည့်၏။

ကြားချိုမှာ မိကျောင်းကို လှော်တက်ဖြင့် ရိုက်ထုနေသော်လည်း သူက တုန့်ယင်နေ၏။

စေချည် သူ့ဘက်မှ မိကျောင်းကို အပြတ်ရှင်းလိုက်ကြောင်းလည်း သူ မမြင်မိခဲ့ချေ။

ကြားချိုမှာ မိကျောင်းတစ်ကောင်နှင့် ဒုက္ခတပျားတုပ်သလို ဖြစ်နေသောကြောင့် စေချည်လည်း လှမ်းပြောလေသည်။

"အဲဒီကောင်ကြီးကို လှော်တက် ပေးကိုက်လိုက်ပါ"

"ဘာ၊ ဒီကောင်ကို လှော်တက်ပေးကိုက်ရမယ်၊ ဘယ်ဖြစ်မလဲ၊ ချစ်ချစ်ကိုပါ ရေအောက် ဆွဲချသွားမှာပေါ့"

ကြားချိုက မျက်လုံးအပြူးသားနှင့်ကြည့်လျက် ပြော၏။

နောက်တော့ သူမက ကြောက်ကြောက်နှင့် ဆက်ကာဆက်ကာ ရိုက်ပြန်၏။

"ချစ်ချစ်ကို ရေထဲဆွဲမချပါဘူး၊ သူ့ကိုသာ လှော်တက်ကို ပေးလိုက်၊ ပြီးမှ ငါးမျှားသလို လှော်တက်ကို အပေါ်ထောင်ဆွဲလိုက်"

ကြားချိုမှာ အစကတည်းက ဉာဏ်ကောင်းသူဖြစ်ခြင်းကြောင့် စေချည်၏စကားကို ကြားရသည်နှင့် အရိပ်ကို အကောင်မြင်လာပြီး ချက်ချင်း နားလည်သွား၏။

စေချည်စကားအတိုင်း လှော်တက်ကို သူ့အား ဒုက္ခပေးနေသော မိကျောင်း၏ပါးစပ်ထဲသို့ ထိုးထည့်လိုက်၏။

မိကျောင်းကလည်း ရမိရာ လှမ်းကိုက်သည်နှင့် အတော် ဖြစ်ကာ ကြားချိုသည် လှော်တက်ကို အားယူ၍ ထောင်မ,လိုက်သည်နှင့် စေချည်လည်း အကွက်ကောင်းကို လက်မလွှတ်ဘဲ မိကျောင်း၏ လည်ပင်းကို အချက်ကျကျ ထိုးစိုက်လိုက်၏။

ထိုမိကျောင်းလည်း ပထမ မိကျောင်းနှစ်ကောင်လို ရေထဲ နစ်ဝင်သွားလေ၏။

မိကျောင်းသုံးကောင်လုံး၏ အန္တရာယ်ကို ဖြေရှင်းပြီးသောအခါ နှစ်ယောက်သားမှာလည်း အတော်လေးခြေကုန်လက်ပန်း ကျသွား တော့၏။



ကြားချိုလည်း ဓားရှည်နှင့်လှော်တက်ကို ဘေးတွင် ချထားပြီး သက်ပြင်းရှည်တစ်ချက်ကိုသာ ခပ်လေးလေး ချလိုက်သည်။

"အမယ်လေး... ဘုရား ကယ်တော်မူပါရှင်၊ နောက်ထပ် တစ်ကောင်နှစ်ကောင်များ ထပ်လာခဲ့ရင် ကျွန်မ ကန်ကြားချိုတော့ အနိစ္စသဘောနဲ့ ကိစ္စချောမှာပဲ"

အခါတိုင်းသာဆို ကြားချို၏ ထိုညည်းညူချက်ကြောင့် စေချည်မှာ ရယ်မိလိမ့်မည်ဖြစ်သော်လည်း...

ယခုတော့ သူကိုယ်တိုင် အနီးအနားၵ် မိကျောင်းရှိမည်ကို စိုးကြောက်၍ လှော်တက်ကို ခပ်သွက်သွက်နှင့် အားသွန်ခွန်စိုက် လှော်ပြီး အန္တရာယ်နယ်မြေမှ အမြန်ဆုံး လွတ်မြောက်နိုင်ရန် ကြိုးစား နေလေ၏။

✧ ✧ ✧

## အခန်း (၄၀)

## အချစ်ခြေရာပျောက်

သူတို့ ကံကောင်းသည်ဟု ဆိုရမည်လား မသိချေ။

လမ်းတစ်လျှောက်လုံး၌ အခြားမိကျောင်းတစ်ကောင်တလေမျှ မတွေ့ခဲ့ရတော့ပေ။

ဤနည်းဖြင့် သူတို့သည် နောက်တစ်ရက်၏ ညနေစောင်း၌ပင် ရွှံ့ရေအိုင်ကြီး၏ ကမ်းစပ်သို့ ရောက်ရှိခဲ့ကြလေ၏။

သူတို့ရပ်နေသော နေရာ၏ မလှမ်းမကမ်း၌ ပွာစန်အဖွဲ့အုပ်တို့ စီးလာသော သမ္ဗန်လေးကို တွေ့ရ၏။



ထို့ကြောင့် စေချည်သည် ထိုအဖွဲ့အုပ်တို့ သူတို့နှင့်ဝေးရာသို့ ခရီးနှင်ခဲ့ကြလေပြီ ဆိုသော အသိက ခေါင်းထဲဝင်လာ၏။

သူသည် အနားမယူနိုင်သေးဘဲ ကြားချီကို မှာကြားပြန်၏။

"ချစ်ချစ် ဒီမှာ ခဏနားနေဦးနော်၊ ကိုကို အနီးအနား တစ်ဝိုက်မှာ တောယုန်ကလေးဘာလေး သွားရှာကြည့်ဦးမယ်"

"ကိုကို ဝေးဝေးမသွားနဲ့နော်၊ ချစ်ချစ်တစ်ယောက်တည်း ဒီမှာထိုင်ရတာ ကြောက်တယ်"

ကြားချီက ကြောက်ကြောက်ရွံ့ရွံ့နှင့် ပြောလေသည်။

"ကောင်းပြီ၊ ကိုကို ချစ်ချစ်နဲ့ ခြေလှမ်းတစ်ရာလောက်ကွာတဲ့ နေရာမှာပဲ ရှာမယ်၊ တကယ်လို့ အရေးကြုံရင် ကိုကို့ကို အော်ပြီး အသံပေးလိုက်၊ ကိုကို ချက်ချင်းပြန်လာခဲ့မယ်"

စေချည်လည်း ကြားချီကိုမှာပြီး တောအုပ်ထဲဝင်၍ တစ်ပတ်ပတ်သည့်တိုင် သူတို့အတွက် စားသောက်ရန် တောကောင်ဆို၍ ဘာမျှမရ။

မိုးချုပ်စ ပြုနေပြီ ဖြစ်သောကြောင့် တောကောင်များ နားခိုရာသို့ ဝင်ရောက်သွားပြီကို သိသော စေချည်လည်း စားစရာ အသီးအနှံကို လိုက်ရှာပြန်သည်။

သို့သော်…

ခေါင်းမူးအောင် ရှာသော်လည်း မည်သည့် သစ်သီးသစ်နှံမျှ မတွေ့သောကြောင့် သူလည်း စိတ်ဓာတ်ကျပြီး ကြားချိလည်း တစ်ယောက်တည်း ကျန်နေခဲ့သည့်အတွက် ပြန်လှည့်ခဲ့သည်။

သမ္မန်ရှိရာသို့ ပြန်လာသောအခါ ကြားချိကို မတွေ့ရသောကြောင့် စေချည်လည်း အကြီးအကျယ် တုန်လှုပ်သွား၏။

ထို့ကြောင့် သူသည် ကျယ်လောင်သောအသံနှင့် ကြားချိကို တကြော်ကြော် အော်ခေါ်ကြည့်သည်။

ပတ်ဝန်းကျင်တစ်ခုလုံးသည် ဆိတ်ငြိမ်နေ၏။

လှိုင်းသံသည်သံပမှ၍ကား ဘာကိုမျှ မကြားရ။

ရုတ်တရက်…

စေချည်မှာ ကြက်သီးမွေးညင် တဖြန်းဖြန်း ထသွားသည်။

အကြောင်းကား တုန်လှုပ်ချောက်ချားဖွယ် ကောင်းသော ကျားဟိန်းသံပင်။



"ဘုရားရေ… သူ့ကို ကျားများ ချီသွားပြီလား မသိဘူး"

ထိုအတွေးကြောင့် စေချည်မှာ လိပ်ပြာ လွင့်စဉ်သွားမတတ် ဖြစ်သွား၏။

သူသည် ဓားရှည်ကို အမြန်ဆွဲထုတ်ကာ လေ၏ အလျင်မြန်ခြင်းမျိုးဖြင့် ကျားဟိန်းသံရှိရာသို့ တဟုန်ထိုး လိုက်သွားသည်။

လေးငါးဆယ်လှမ်း ပြေးမိသောအခါ ရုတ်တရက် သူ့ရှေ့မှ ကြီးမားလှသော အရိပ်တစ်ခုက မျက်နှာချင်းဆိုင်မှ အရှိန်နှင့် ခုန်အုပ်လာ၏။

စေချည်သည် ဘာကိုမျှ တွေတွေထူးထူး စဉ်းစားမနေဘဲ ထိုမည်းမည်း အရိပ်ကိုသာ တအား ခုတ်ပိုင်းလိုက်လေ၏။

တကယ်ပင်… မည်းမည်းအရိပ်မှ ကြီးမားသော ကျားကြီး တစ်ကောင်ပင် ဖြစ်သည်။

စေချည်သည် ကျား၏အရှိန်ကိုကြည့်၍ ကိုယ်ကို အောက်သို့ ရုတ်ခနဲ ကျုံ့လိုက်၏။

ကျားကြီးသည် သူ၏ ခုန်အပ်နေသော အရှိန်နှင့် စေချည်၏ ခေါင်းပေါ်ကနေ ကျော်ဖြတ်သွားသောအခါ စေချည်သည် သူ့ဓားရှည်

ဖြင့် ကျား၏ဝမ်းဗိုက်ကို တအားဆောင့်ဆွဲလိုက်ရာ ကျားကြီး၏ ဝမ်းဗိုက်အတွင်းရှိ အူများသည် အခွေလိုက် အရစ်လိုက် ထွက်ကျလာလေ၏။

ကျားကြီးမှာ ဗူးရှကျယ်လောင်စွာ မာန်ဖီဟိန်းပြီးနောက် မြေကြီးပေါ်သို့ ကျလာပြီးလျှင် သုံးလေးချက် ဆန့်ငင်ဆန့်ငင် လုပ်ပြီးနောက် အသက်ချုပ်ငြိမ်းသွားလေ၏။

စေချည်၏ပုံစံမှာ ကျားရဲထက်ပင် ပို၍ ဆိုးနေ၏။

ကြားချိုကို မတွေ့ရှိခြင်းကြောင့် သူ့အသွင်က ကျားထက်ပင် ကြောက်စရာကောင်းနေတော့သည်။

သူသည် သေနေသော ကျားဆီသို့ စုန်သွားပြီးလျှင် ကျား၏ ပါးစပ်ကို ဆွဲဖြဲပြီး ကြည့်လိုက်သောအခါ ကျားပါးစပ်ထဲတွင် သွေးတစ်စက်မျှ မရှိသည်ကို တွေ့ရသောအခါ ကြားချိုကို ကျားကိုက်ချီသွားသည့် မဟုတ်ကြောင်းကို သိပြီး စိတ်သက်သာရာ ရသွား၏။

သို့သော်သူသည် သွေးရူးသွေးတန်းနှင့်ပင် ထိုပတ်ဝန်းကျင်တစ်ခုလုံးကို ဒိုက်စိပ်ကိုက် ရှာဖွေရင်း နှုတ်မှလည်း တဖွဖွနှင့် မြည်တမ်း၍ ဆွေးမြည့်ကြေကွဲစွာ အော်ဟစ်ခေါ်ပြန်၏။



စေချည်သည် ကိုက်တစ်ရာပတ်ဝန်းကျင်ရှိ မြေတစ်လက်မကိုပါ မကျန် ရှာဖွေခဲ့သော်လည်း ကြားချို၏ အရိပ်အရောင်ကိုမျှ ရှာဖွေမတွေ့ခဲ့ချေ။

ကြားချိုတစ်ယောက် ပျောက်ခြင်းမလှ ပျောက်ချေပြီ။

စေချည်သည် စိတ်ပျက်လက်ပျက်နှင့် ဖြစ်သွားကာ တစ်ဖန်ပြန်၍ တွေ့လိမ့်နိုးနှင့် သမ္မန်ရှိရာသို့ လာသော်လည်း ကြားချိုအရိပ်အရောင်ကိုမျှ မတွေ့ရသဖြင့် စေချည်မှာ ဝမ်းနည်းကြေကွဲဆို့နင့်သွားပြန်သည်။

သူသည် ပင်ပန်းနွမ်းနယ်စွာနှင့် ကိုယ်ကို သမ္မန်ထဲသို့ ပစ်ချလိုက်ပြီး ငေးကြောင်သော မျက်လုံးအစုံဖြင့် ပြာလဲ့သော မိုးကောင်းကင်သို့ အဓိပ္ပါယ်မဲ့ ကြည့်နေလေ၏။

သူ့ရင်ထဲတွင် လှိုက်မော၍ တလိပ်လိပ်ဖြစ်နေသလို မျက်ရည်များက မျက်လုံးထဲ ရစ်ဝိုင်းလာပြီး သူ့နှုတ်ကလည်း တိုးတိတ်စွာနှင့် ကြားချိုကို မြည်တမ်းလိုက်သည်။

“မင်း ဘယ်များရောက်နေလဲ ကြားချိုရယ်”

စေချည်မှာ ဆောက်တည်ရာမရ ဖြစ်လာသည်။

ဝမ်းနည်းကြေကွဲခြင်းကြောင့် မျက်ရည်စီးကြောင်း နှစ်ခုက ပါးပြင်ပေါ်သို့ လိမ်းကျံလာ၏။

စေချည်သည် ဖြေသိမ့်၍မရအောင် လှိုက်လှဲလာသည်။

သူနှင့်အတူ ကြောက်မက်ဖွယ်ကောင်းသော တောရိုင်း၌သူနှင့် အေးအေးအတူ ပူအမျှ၊ သေအတူ ရှင်မကွာ လက်တွဲခဲ့သော ချစ်သူမှာ ရုတ်တရက် ခြေရာပျောက်၍ ရေနောက်မတတ် ပျောက်သွားသောကြောင့် စေချည်မှာ ပို၍ ဆွေးမြည့်လာသည်။

ရဲရင့်သတ္တိနှင့် ပြည့်စုံ၍ စိတ်ဓာတ်ကြံ့ခိုင်သော စေချည်သည်ပင် ယခုတစ်ကြိမ်တော့ သူ့ကိုယ်သူ ထိန်းကျောင်းနိုင်စွမ်းမရှိဘဲ အားငယ်ချင်သလိုလို ဖြစ်လာသည်။

ကြာအုံးချို မည်ကဲ့သို့ ပျောက်ဆုံးသွားသည်ကို စေချည် စဉ်းစား၍ မရ။

တောဘုရဲတိရစ္ဆာန် တစ်ကောင်ကောင်များ ကိုက်ချီသွားသလား။

မဖြစ်နိုင်။

ကြာအုံးချို သာမန်မိန်းကလေးတစ်ယောက် မဟုတ်ပါချေ။

ထက်မြက်သော ကိုယ်ခံသိုင်းပညာရှင်တစ်ဦးဖြစ်၏။



ယခုလို မောပန်းနွမ်းလျှပြီး အစာငတ်မွတ်နေသည့်တိုင်အောင် သူမ၏ ရှေ့၌ ကျားတစ်ကောင် လာလင့်ကစား သူမသည် ရင်ဆိုင်သတ်ဖြတ်နိုင်စွမ်းရှိ၏။

အကယ်၍ ကျားရန်ကို မခုခံနိုင်ပါက သူမသည် မိမိကို အော်၍ အသံပြုလိမ့်မည်။ မိမိကလည်း ကြာအုံးချိုနှင့် အလှမ်းသိပ်မကွာသော နေရာ၌ ရှိနေသောကြောင့် သူမ၏ အော်သံကို မကြားရစရာ အကြောင်းမရှိ။

သို့တည်းမဟုတ်...

ကြာအုံးချိုသည် ဆာလောင်မွတ်သိပ်နေသော ဒဏ်ကြောင့် ကိုယ့်ဘာသာကိုယ် ထွက်၍ အစာရှာနေသည်လားဟူ၍ စေချည် စဉ်းစားကြည့်သည်။

ဒါလည်းမဖြစ်နိုင်။

သူမသည် ထက်မြက်သော သိုင်းပညာရှင်တစ်ယောက် ဖြစ်နေပေမယ့် အသည်းငယ်လွန်းသည်။

မြွေကြောက်သူ ဖြစ်သောကြောင့် သည်လို မှောင်မိုက်နေသော ညချမ်းဝယ် တောထဲသို့ သူမတစ်ယောက်တည်း ဘယ်နည်းနှင့်မျှ ဝင်ရဲမည်မဟုတ်။

အကယ်၍ သူမက တစ်ယောက်တည်း အရှဲစွန့်လျက် တောထဲသို့ ဝင်ရောက်လျက် အစာရှာသည့်တိုင် မိမိသည်မှု တကြော်ကြော် ခေါ်သည်ကို ကြားလျှင် မထူးဘဲနေမည် မဟုတ်ချေ။

ဒါမှမဟုတ်...

တစ်ယောက်ယောက်ကများ ပြန်ပေးဆွဲသွားလေသလား။

လက်ရဖမ်းသွားလေသလား။

စေချည်သည် ထိုသို့ စဉ်းစားမိသောအခါ စိတ်ဓာတ်တက်ကြွလာ၏။

သို့သော်...

နိုက်နိုက်နဲ့နဲ့ စဉ်းစားလိုက်သောအခါ သူသည် စိတ်ဓာတ်ကျစွာဖြင့် ခေါင်းငိုက်စိုက်သွားပြန်၏။

ကြားချီအား ပြန်ပေးဆွဲသွားသည်ဖြစ်စေ...

ဖမ်း၍ ဓားစာခံ ခေါ်သွားသည်ဖြစ်စေ...

ထိုသို့ လုပ်သူတို့၏ အဓိကရည်ရွယ်ချက်မှာ မြေပုံနှင့် ဆေးအတွက်သာ ဖြစ်ရန်များသည်။

သို့သော်...



မြေပုံနှင့်ဆေးကို ဟွာစန်အဖွဲ့အုပ်က ရယူသွားခြင်းကြောင့် ရန်သူအနေဖြင့် ထိုအကြောင်းကို မသိစရာအကြောင်းမရှိချေ။

ဒါဆိုလျှင် ကြားချီအား ဖမ်းသွားသော အကြောင်းရင်းကဘာလဲ။

မြေပုံနှင့်ဆေး မိမိလက်ထဲတွင် ရှိသေးသည်ပဲထားဦး၊ ရန်သူအနေနှင့် ယခုအချိန်၌ ကိုယ်ရောင်ပြပြီး သူ့ကို ကြားချီနှင့် အကျပ်ကိုင်မှာက နည်းလမ်းကျမည်။

ရန်သူဆို၍ သူမြင်ခဲ့သည်က အထင်အရှား ကိုးဦးသာရှိသည်။

ထို ကိုးဦးထဲတွင်လည်း ငါးယောက်က သေ၍ ခေါင်းမြီးခြုံ တစ်ဦးနှင့် ဟွာစန်၊ ထိန်ချုံ၊ ထိုင်ကြည့် လေးဦးသာလျှင် ကျန်ရှိတော့၏။

ဒါပေမယ့်...

ပြော၍တော့မရ။ ချုံဖုံမိန် ပြောဖူးသည်။ သူတို့သုံးယောက်ကို ထည့်မတွက်လျှင် အနည်းဆုံး အယောက်နှစ်ဆယ်ကျော် ဟူ၍ပင်။

သို့သော်...

ကျန်သော ရန်သူများ ယခုတိုင်အောင် ကိုယ်ရောင်မပြသေးသည့်အတွက် စေချည်မှာ ကြားချိုပျောက်ခြင်းမလှ ပျောက်နေခြင်းအတွက် ကြံရာမရ ဖြစ်လာသည်။

တောင်တွေးမြောက်တွေးနှင့် ရှိနေရာမှ နောက်ဆုံးတော့ သူ့အနေဖြင့် ကြားချိုကို ကျားရဲတိရစ္ဆာန် တစ်ကောင်ကောင် ဆွဲချီသွားသည်ဟု ကောက်ချက်ချလိုက်၏။

ထိုအတွေးက ခေါင်းထဲ ဝင်လာသောအခါ စေချည်မှာ အသည်းကို ဓားနှင့်မွှန်းသလိုပင် နာကျင်စွာနှင့် ပို၍အခံရခက်သွားပြန်တော့သည်။

ရင်တစ်ခုလုံးလည်း ပူလောင်နာကျင်သော ဝေဒနာကို ခံစားရပြန်၏။

စေချည်သည် လေးကန်စွာနှင့် ထလိုက်ပြီး ခြောက်သွေ့သော အကိုင်းအခက်နှင့် မြက်ခြောက်၊ သစ်ရွက် စသော အမှိုက်များကိုစုပုံပြီး မီးရှို့လိုက်သောအခါ မီးရောင်မှာ အနီးပတ်ဝန်းကျင်ကို ဖြာထွက်၍ အလင်းရောင် ဖြန့်ပေးသဖြင့် စေချည်လည်း ထိုအလင်း အားကိုးလျက် တစ်ကျော့ ရှာလေတော့၏။



သည်တစ်ခါတော့ သူသည် မြေကြီးကိုသာ အာရုံစူးစိုက်လျက် ရှာလေသည်။

ကြားချိုအား တောရဲတိရစ္ဆာန် တစ်ကောင်ကောင်က ရန်ပြု၍ ကိုက်ချီသွားလျှင် သွေးစသွေးနများ ကျန်နိုင်သည်ကို တွေးပြီး စေ့စေ့စပ်စပ် ကြည့်လေ၏။

သူတွေ့လိုသော သွေးစက်များကိုကား လုံးဝမတွေ့မိချေ။

သို့တိုင်…

စေချည်မှာ အားမလျှော့ဘဲ မကျေမနပ်ဖြင့် ခေါက်တုံ့ခေါက်ပြန် အထပ်ထပ် ရှာခဲ့ပေမယ့် အဆုံးတွင် မောပန်းစွာနှင့် လက်မြှောက်၍ သမ္မန်ဆီသို့သာ ခေါင်းငိုက်စိုက်ချ ပြန်ခဲ့ရ၏။

ကြားချိုနှင့်ပတ်သက်သော သဲလွန်စကား မတွေ့နိုင်အောင် စုပ်စမြုပ်စ ပျောက်နေခဲ့၏။

နောက်ဆုံး စေချည်မှာ မိုးလင်းချိန်ကိုသာ အားထားစွာနှင့် စောင့်စား မျှော်လင့်လာ၏။

မိုးမြန်မြန် လင်းစေရန်သာ ဆုတောင်းနေခဲ့သည်။

အဆုံးတွင်တော့ စေချည် မျှော်လင့်တောင့်တခဲ့သော အရုဏ်ဦးက ပေါ်လာလေတော့၏။

မိုးလင်းလျှင်လင်းချင်း သူသည် စိတ်သစ်လူသစ်နှင့် ကြားချိုကို ရှာပုံတော်ဖွင့်ပြန်သည်။ မနက်ပိုင်းမှစ၍ မနားမနေ ရှာဖွေလိုက်သည်မှာ နေ့လယ်သို့သာ တိုင်လာပြီး လူလည်း ဖတ်ဖတ်မော၊ စိတ်ဓာလည်း လျှော့လာသည်။

ကြားချို၏ အရိပ်အရောင်ကိုမျှ စေချည်မှာ မတွေ့မမြင်ခဲ့ရ။

နောက်ဆုံး...

ကိုက်နှစ်ရာခန့်အကွာ၌ ဂူတစ်လုံးကို တွေ့လိုက်ပြီး ဂူထဲတွင်လည်း လူရိပ်တစ်ခုကို ဖျတ်ခနဲ တွေ့လိုက်သောကြောင့် စေချည်မှာ ဝမ်းသာအားရနှင့် ဂူရှိရာသို့ အားသွန်ခွန်စိုက် ပြေးလာခဲ့မိသည်။

✧ ✧ ✧



အခန်း (၄၀)

## အပျိုရှာ ကညာတွေ့

ဂူဝသို့ ရောက်သောအခါ သူသည် ခြေလှမ်းကိုရပ်လိုက်ပြီး အထဲကို အသံပေးလိုက်၏။

"ဂူထဲက ဘယ်သူလဲ"

ဂူထဲမှာ မည်သူတစ်ဦးတစ်ယောက်၏ ပြန်ထူးသံကိုမျှ မကြားရချေ။ သူသည် ငြိမ်သက်စွာနှင့်ရပ်ပြီး အခြေအနေကို စောင့်ကြည့်သော်လည်း တစ်စုံတစ်ရာမျှ မထူးခြားသောကြောင့် စေချည်သည် သူ့လက်ထဲရှိ ဓားရှည်ကို တင်းတင်းဆုပ်ကိုင်ပြီး ဂူတွင်းသို့ တန်းဝင်သွား၏။

ထိုဂူသည် သဘာဝက ဖန်တီးထားသော ဆန်းကြယ်ထွေပြားသော လိုဏ်ဂူဖြစ်၏။

ဂူထဲ၌ရှိသော လမ်းကြောင်းမှာ မြွေလိမ်မြွေကောက်ပမာ တွန့်လိမ်နေကြသည်။ အပြင်ဘက်မှ အမြင်ကျဉ်းသလောက် အတွင်းထဲတွင် အတော်ကျယ်ဝန်း၏။

တစ်နေရာသို့ ရောက်သောအခါ စေရှည်သည် အပေါ်ကို မော့ကြည့်လေသည်။

အမိုးပေါ်၌ နာရီပုံ လင်းနို့ကျောက်လေးများသည် ပုံစံအမျိုးမျိုးနှင့် တွဲလွဲခိုကျလျက်ရှိ၏။

အတွင်းပိုင်း၌ အလင်းရောင်မှာလည်း ဖျော့တော့တော့အားနည်းလာသည်။

သို့သော်...

ကြားချိုကို တွေ့လိုစောသာ ပြင်းပြနေသော စေရှည်မှာ ကြောက်စိတ် ကင်းမဲ့လျက် ရဲမာန်သတ္တိ စိတ်ဓာတ် အပြည့်အဝနှင့်ပင် ဓားရှည်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ အထဲသို့ ဆက်၍ ဝင်လာခဲ့၏။



ဆယ့်နှစ်ကိုက်ခန့်အနက်သို့ ရောက်လာသောအခါ ရုတ်တရက် ဆိုသလို ကြီးမားကျယ်ပြန့်သော ဂူပေါက်ကြီးတစ်ခုကို တွေ့ရပြန်၏။

ထိုဂူကြီး၏ ဘေးဘက်ရှိ ကျောက်ဆောင်သည် တစ်ဆင့်ပြီး တစ်ဆင့် တစ်ထပ်ပြီးတစ်ထပ်နှင့် အတော်ပင် ထူးဆန်းသောဂူတစ်ခု ဖြစ်နေပြန်လေသည်။

စေရှည်လည်း ဂူနံရံကို လိုက်၍ပတ်ကာ မျက်စိကိုလည်း အနားမပေးဘဲ သေချာ လိုက်လံကြည့်ရှုရှာဖွေပြန်သည်။

ထိုစဉ်...

ကျောက်ဆောင်၏ အောက်ခြေ၌ အကျိုးဖြူနှင့် မိန်းကလေး တစ်ယောက် ခေါင်းငုံ့လျက် ကျုံ့ကျုံ့ကလေး ထိုင်နေသည်ကို သူတွေ့လိုက်လေသည်။

မိန်းကလေးမှာ ဝမ်းလှမျိုးပုံပန်း ရှိနေသည်။

အသက်အားဖြင့်လည်း ဆယ့်ခုနစ်နှစ်ထက် ကျော်လွန်ပုံမရ။

မျက်နှာလေးမှာ အပြစ်ကင်းစင်သော ပန်းပွင့်လေးလို လှပနေလျက် ပါးအိုလေးကလည်း သဘာဝအရ နီမြန်းနေလေ၏။

သူကလေး၏ ပုံပန်းသဏ္ဌာန်ကို ကြည့်ရသည်မှာ သနားကမား အသွင် ရှိနေ၏။

စေချည်သည် အမှတ်မထင် မြင်လိုက်သော ထိုမိန်းကလေးကို ကြည့်ပြီး ရုတ်ခြည်းပင် လန့်ဖျပ်သွားသည်။

လူလော၊ နာနာဘာဝလောဟူ၍ ကြည့်ပြီး သွေးဆုလာ၏။ ကြားချိုကိုစွဲ၍ ရှာမိသည့်အတွက် သူ့စိတ် ဇဝေဇဝါဖြစ်သည်လားဟူ၍ မျက်စိမယုံနိုင်ဘဲ အထပ်ထပ် ပွတ်သပ်ကြည့်သော်လည်း သူမြင်ရသည်က စွဲလမ်းမှုမှ ပေါ်လာခြင်းမဟုတ်ဘဲ အမှန်တကယ် စင်စစ် မြင်ရခြင်းကြောင့် စေချည် ရင်ထိတ်သွားသည်။

နောက်တော့ သူက စိတ်ကိုတင်း၍ ဓားရှည်ကိုင်ပြီး ထိုမိန်းကလေးရှိရာသို့ လျှောက်လာကာ သံပြတ်ဖြင့် မေးလိုက်တော့သည်။

"ဒီမှာ... ခင်ဗျားဘယ်သူလဲ၊ ဘာဖြစ်လို့ ဒီထဲမှာ ဝင်ပုန်းနေရတာလဲ"

"ရှူး..."

ဝမ်းမလေးသည် စုနေသာ သူ့နှုတ်ခမ်းလေးပေါ်တွင် လက်ညှိုးကိုထောင်၍ တိတ်တဆိတ်နေရန် အမူအရာလုပ်ပြီး တိုးတိတ်ညင်သာသော အသံလေးဖြင့် စကားပြောလာ၏။



"အသံမထွက်ပါနဲ့၊ သူတို့တွေ လာပြီး လိုက်ရှာမှဖြင့် ဒုက္ခ"

စေချည်မှာ သူ ဘာကိုဆိုလိုခြင်း မသိသောကြောင့် သူမနည်းတူပင် အသံတိုးတိုးနှင့် ပြန်၍ မေးကြည့်လေတော့၏။

"ဘယ်သူက လာပြီးရှာရမှာလဲ"

အကိုျဖြူဖြင့် ဝမ်းမလေးက တစ်ချက်မျှ ခေါင်းမော့ကြည့်ပြီး မဝံ့မရဲသော လေသံလေးဖြင့် ပြောလာပြန်သည်။

"ဟို... ဟိုလေ စန်တိုတွေပေါ့ရှင်"

စေချည်လည်း သူမစကားကြောင့် စန်တိုလူမျိုးက ရက်စက်ကြမ်းကြုတ်သော နေရာ၌ ပြိုင်ဘက်မရှိလောက်အောင် ကြောက်စရာကောင်းလှ၏။

ထို့ကြောင့်လည်း...

သူသည် ထိုမိန်းကလေးပြောသောစကားကို ကြားရသောအခါ တုန်လှုပ်သွားမိသည်။

"စန်တိုတွေက ခင်ဗျားကို လိုက်ဖမ်းနေတာလား"

စေချည်သည် သူမအား သက်ဘမကင်းသော မျက်လုံးမျိုးဖြင့် သေချာ အကဲခတ်ကြည့်ပြန်ပြီးမှ တည်ငြိမ်သော လေသံမျိုးနှင့် ထပ်၍ မေးကြည့်၏။

"ဟုတ်တယ်ရှင့်၊ စန်တိုတွေရဲ့ ခေါင်းဆောင်သားက ကျွန်မကို လုမလို့ပါ"

ဝှမ်းမလေးအသံမှာ စိုးရိမ်မှုတို့ဖြင့် ရော၍ လွင့်စင်လာသည်။

စေချည်သည် သူမမျက်နှာကို သေချာစိုက်ကြည့်၍ သေချာအောင် မေးမြန်းလေသည်။

"ခင်ဗျားဟာ ဝှမ်းလူမျိုးမဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်မနာမည် ခါလီနာလို့ ခေါ်တယ်"

စေချည်မှာ ကြားလိုက်ရသော သူကလေးနာမည်ကြောင့် စိတ်ထဲတွင် အတိုင်းမသိ လှုပ်ရှားသွားတော့၏။

သူသည် အံ့သြလွန်းသော အကြည့်မျိုးဖြင့် သူမကို စူးစူးရဲရဲပင် ကြည့်နေမိတော့သည်။

တိုက်တိုက်ဆိုင်ဆိုင် သူ့အစ်ကို ရော်စီနန်၏ ဇနီးနာမည်နှင့် လာရောက် ဆင်တူနေခြင်းကြောင့်လည်း စေချည်အနေဖြင့် သည်မျှ အံ့သြလာခြင်း ဖြစ်သည်။



ကြည့်လေ...

သူ့အစ်ကို ချစ်ဇနီး နာမည်က...

ခါလာနာ မဟုတ်ပါလား။

"ဒါနဲ့ စန်တို့က ခင်ဗျားကို ဘာဖြစ်လို့ ဖမ်းချင်ရတာလဲ"

"သူတို့က ကျွန်မကိုလုချင်တာ၊ ဖမ်းချင်တာမဟုတ်ဘူးရှင့်"

စေချည်သည် သူမစကားကြောင့် ခေါင်းရှုပ်၍ မျက်စိပင် လည်သွားမိသည်။

"လုတာနဲ့ ဖမ်းတာက ဘာကွာလို့လဲ"

"စန်တိုတို့ရဲ့ ခေါင်းဆောင်သား ရှင်ပါက ကျွန်မကိုသူ့မိန်းမ အဖြစ် လုယူချင်တယ်၊ ဒါပါပဲ၊ ခုတော့ ရှင်နားလည်ပြီပေါ့နော်"

ခါလီနာက စေချည်ကို သဘောပေါက်အောင် ရှင်းပြသည်။

"ဪ... ဒီလိုကိုး၊ သူဘာဖြစ်လို့ ခင်ဗျားကိုမှ လုချင်ရတာလဲ ခါလီနာ"

စေချည်စကားကြောင့် သူမသည် သက်ပြင်းရှည်တစ်ချက်ကို မှုတ်ထုတ်လေတော့သည်။

"အစတုန်းက သူတို့ဟာ ကျွန်မကို လာပြီး စေ့စပ်ပါတယ်၊ ကျွန်မအဖေကပဲ ကျွန်မကို စန်တိုနဲ့ မပေးစားချင်ဘူး၊ ကျွန်မ ကိုယ်တိုင်ကလဲ ရှင်ပါကို မကြိုက်လို့ စကားအပြတ်ပြောခဲ့ပါတယ်၊ ဒါကြောင့် ရှင်ပါဟာ အရမ်းစိတ်ဆိုးသွားတယ်လေ၊ ဒါနဲ့ သူက အတိအလင်းကြေညာခဲ့တယ်၊ ကျွန်မကို လာလုမယ်လို့၊ ဒါနဲ့ ကျွန်မအဖေက ကျွန်မကို ပုန်းခိုင်းခဲ့လို့ ကျွန်မဒီမှာ လာပုန်းနေတာ သုံးရက်လောက် ရှိသွားပြီရှင့်"

"တော်... အတော် မိုက်ရိုင်းတဲ့ စန်တိုတွေပဲ၊ ကိုယ့်ကို မချစ်မနှစ်သက်မှန်း သိလျက်သားနဲ့ အချစ်ကို အတင်းဓားပြတိုက် ယူချင်တဲ့ကောင်တွေပဲနော်"

စေချည်က ခံပြင်းစွာဖြင့် တက်တစ်ချက်ခေါက်၍ ဒေါသတကြီး ရေရွတ်ပြော၏။

"ခက်တာက ဒီနေရာရဲ့ထုံးစံကိုက မိန်းမကို လုတဲ့အကျင့်ဆိုး ရှိနေတယ်၊ ကျွန်မကိုသာ ရှင်ပါက အရလုနိုင်ခဲ့ရင် သူ့မိန်းမအဖြစ် လွယ်လွယ်နဲ့ သူ အသုံးတော်ခံရတော့မှာ"

ခါလီနာက သနားစဖွယ် ပြောလာသည်။



"ဒီဓလေ့ထုံးစံရှိသေးတာကိုး၊ ဒါနဲ့ သူတို့က လာလုတော့ ခင်ဗျားတို့ဘက်ကကော မခုခံကြဘူးလား"

စေချည်မှာ မခံချင်တော့၍ မေးလာ၏။

"ခုခံလို့တော့ ရတာပေါ့ရှင်၊ ဒါပေမယ့် ကျွန်မတို့က စန်တိုတွေရဲ့ရန်ကိုမှ မတွန်းလှန်နိုင်တာ၊ ဒါကြောင့် ခုလိုထွက်ပြေးပြီး ပုန်းနေရတာပေါ့"

"ဒီနေရာက ခင်ဗျားတို့ရွာနဲ့ ဘယ်လောက်ဝေးသလဲ"

စေချည်သည် သူမ၏မျက်နှာကို လှမ်းကြည့်လျက် မေးလိုက်ပြန်သည်။

ခါလီနာလည်း ခပ်တွေတွေလေးလုပ်၍ စဉ်းစားနေပြီးမှ တစ်လုံးချင်း ပြော၏။

"မိုင်ငါးဆယ်လောက်တော့ ဝေးမယ်လို့ ထင်တာပဲ"

"ဟ... ဒါဆို ရှင်ပါက ခင်ဗျားတို့ကို အချိန်မရွေး လာတွေ့သွားနိုင်တာပေါ့"

စေချည်လည်း သူမစကားကြောင့် စိုးရိမ်တကြီး ပြောလေသည်။

"ဟုတ်ပါတယ်၊ အဲဒါကြောင့် ရှင့်ကို စကားအကျယ်ကြီး မပြောပါနဲ့လို့ ကျွန်မ တောင်းပန်နေတာပါ၊ ရှင်က ဟန်လူမျိုးလား"

ခါလီနာသည် ပြောရင်းနှင့် စေချည်ကို အကဲခတ်သလို မေးကြည့်တော့သည်။

"ဟုတ်ပါတယ်၊ ကျွန်တော့်နာမည် စေချည်အင်ပါ"

"ရှင် ဒီနေရာမှာ ဘာလာလုပ်တာလဲ"

စေချည်သည် ခါလီနာကို တစ်ချက်မျှ မျက်လုံးလှန်ကြည့်လေ၏။

"ဆေးမြစ်ကို လာရှာတာ၊ ဪ... ဟုတ်ပြီ ခင်ဗျားမိန်းကလေး တစ်ယောက် ဒီကနေ ဖြတ်သွားတာကို မမြင်လိုက်မိဘူးလား"

စေချည်သည် ခါလီနာတစ်ယောက် ကြားချိုကို မြင်လိုက်လေသလားဟူ၍ အားကိုးတကြီးနှင့် မေးရှာသည်။

"ရှင်... မိန်းကလေးတစ်ယောက် ဟုတ်လား"

ခါလီနာမှာ ခေါင်းကို ဆတ်ခနဲမော့ပြီး စေချည်ကို ပြန်မေးလေသည်။

"ဟုတ်တယ်၊ ကျွန်တော်နဲ့အတူ ပါလာခဲ့တာ၊ မနေ့ညက ပျောက်သွားလို့"



"ဟင့်အင်း... ကျွန်မတော့ မတွေ့မိလိုက်ဘူး၊ ကျားများ ဆွဲသွားမလား ရှင်ရယ်"

ခါလီနာမှာ ပြောရင်း စိုးရိမ်ကြောင့်ကြသလို မျက်စိမျက်နှာ ပျက်လာလေသည်။

"ကျွန်တော်လဲ ဒီလိုပဲ စဉ်းစားမိတယ်၊ ဒါပေမယ့် အသေအချာ လိုက်ရှာကြည့်တော့လဲ သွေးအစအန တောင် ကျွန်တော် မတွေ့ခဲ့ဘူး၊ ဘယ်လိုလုပ်ပြီး ပျောက်ခြင်းမလှ ပျောက်သွားတယ်ဆိုတာ လုံးလုံး မစဉ်းစားတတ်အောင်ပါပဲဗျာ"

စေချည် အသံက ပြောရင်းနှင့် ဆို့နင့်ကြေကွဲလာသည်။

ဝမ်းနည်းစိတ်ကြောင့် သူ့မျက်နှာက ညှိုးရော်သွားပြန်၏။

သူသည် သက်ပြင်းရှည်တစ်ချက်ကို ခပ်လေးလေး မှုတ်ထုတ်ပြီး မှ ခါလီနာကို မေးကြည့်ပြန်၏။

"ဒါမှမဟုတ် စန်တိုတို့က တွေ့ပြီးများ ဖမ်းသွားသလားဗျာ"

"မဖြစ်နိုင်ဘူးထင်တယ်၊ စန်တိုတို့က ဘယ်လောက်ဆိုးဆိုး ညရောက်ရင် ဘယ်တော့မှ တောရိုင်းထဲကို ဝင်မလာရဲဘူးရှင့်"

စေချည်လည်း ကြားချီအားတွေ့ရန် မျှော်လင့်ချက် ကုန်သွားပြီကို သိသွားသဖြင့် စိတ်မောစွာနှင့်ပင် လေပူတစ်ချက်ကို မှုတ်ထုတ်၍ ခါလီနာဘေးတွင် ထိုင်ချလေ၏။

"သူက ရှင်နဲ့ ဘာတော်လဲ"

ခါလီနာသည် စိတ်မောလူမော ဖြစ်နေသော စေချည်ကို ကရုဏာသက်စွာ ကြည့်ကာ မေးရှာ၏။

"သူဟာ ကျွန်တော့်ချစ်သူပဲ၊ ဒါပေမယ့် ကျွန်တော်တို့ဟာ တိတ်တခိုးနဲ့ ချစ်ထားကြတာ၊ တကယ်လို့ သူသာမသေဘူးဆိုရင် တစ်နေ့နေ့မှာ ကျွန်တော်တို့ လက်ထပ်ကြမှာပဲ"

ခါလီနာမှာ ပို၍ စိတ်မကောင်းဖြစ်သွားရှာပြီး စေချည့်ကို ဖျောင်းဖျလေသည်။

"သူဟာ တောထဲမှာ လမ်းပျောက်သွားတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့ရှင်ရယ်၊ ရှင် တစ်နေ့နေ့တော့ သူ့ကို ကျိန်းသေရှာတွေ့မှာပါ"

စေချည်သည် အားပေးသော ခါလီနာစကားကြောင့် မချိပြုံးတစ်ချက် ပြုံးလိုက်၏။

သို့သော်လည်း...



သူ့စိတ်ထဲ၌မူ ကြားချီတစ်ယောက် ပြန်ပေးဆွဲခံရလျှင်ခံရ၊ သို့မဟုတ်...

သေဆုံးသွားခြင်း ဖြစ်နိုင်သည်ဟူ၍ စေချည် စိတ်ချွဲနေမိလေ၏။ ထိုအတွေးကို တွေးပြီးသောအခါ သူ့အသည်းမှာ ပိုလို့သာ နာကျင်လာပြန်သည်။

ခါလီနာ၏ ပြောချက်အရ ကြားချီသည် စန်တိုတို့အဖမ်းကို မခံရသည်မှာ သေချာလေပြီ။

အဘယ်ကြောင့်ဆိုသော်...

စန်တိုတို့သည် ညဆိုလျှင် တောရိုင်းထဲသို့ ဝင်မလာရဲကြောင်းကို သိရပြီ မဟုတ်ပါလား။

စေချည်သည် အတွေးသံသရာဝယ် နစ်မျောကျင်လည်နေစဉ်မှာပင် ခါလီနာအသံကို ကြားရမှ သတိဝင်လာသူလို လှည့်ကြည့်သည်။

"ရှင်တို့ ဒီတောရိုင်းထဲမှာ ဘာဆေးကို လာရှာတာလဲဟင်"

"နှစ်တစ်ထောင် ဖူလင်ဆေး"

"ရှင်... နှစ်တစ်ထောင် ဖူလင်ဆေး ဟုတ်လား"

ခါလီနာမှာ ပြောရင်း ပါးစပ်အဟောင်းသားဖြစ်ကာ တောက်ပသောမျက်လုံးများနှင့် စေချည်ကို ခြေဆုံးခေါင်းဆုံး ကြည့်လေတော့သည်။

သူမအကြည့်နှင့် အမူအရာကြောင့် စေချည်က ချက်ချင်းမေးပြန်လေသည်။

"ဘာဖြစ်လို့လဲ ခါလီနာ"

"ဩော်… မဟုတ်ပါဘူး၊ ရှင်တို့လဲ နှစ်တစ်ထောင် ဖူလင်ဆေးကို ရှာချင်နေတာကြောင့်ပါ"

ခါလီနာ၏စကားနှင့် မျက်နှာမှ အံ့ဩသော အသွင်ကိုကြည့်ပြီး စေချည်လည်း စိတ်ဓာတ်တက်ကြွလာကာ စူးစမ်းသလို မေးကြည့်ပြန်၏။

"ခင်ဗျားက နှစ်တစ်ထောင် ဖူလင်ဆေးကို သိလို့လား ခါလီနာ"

"သိပ်သိတာပေါ့ရှင်၊ မကြာသေးခင်ကပဲ ဟန်လူမျိုးတစ်ယောက် ဒီမှာလာပြီး နှစ်တစ်ထောင် ဖူလင်ဆေးမြစ်ကို ရှာခဲ့ပါသေးတယ်"



စေချည်မှာ ထိုစကားကြောင့် စိတ်ထဲတွင် အတိုင်းမသိ လှုပ်ရှားသွား၏။ ချက်ချင်းဆိုသလိုပင် သူစကားကို အလျင်စလို ဆက်တော့သည်။

"အဲဒီလူဟာ ဘယ်သူလဲ ခါလီနာ"

သူသည် မျှော်လင့်တကြီးနှင့် ခါလီနာပြောလာသည့် စကားကို ရင်တထိတ်ထိတ်ဖြင့် စောင့်နေမိလိုက်သည်။

"သူ့နာမည်က ရော်စီနန်တဲ့၊ ကျွန်မအစ်ကိုပါပဲ"

သည်တစ်ခါ ပြောလာသော ခါလီနာ အသံမှာ တက်ကြွမှုမရှိဘဲ ဆွေးမြည့်ကြေကွဲမှုတို့ဖြင့် ရော၍သာပေါ်ထွက်လာ၏။

"ဗျာ၊ လက်စသတ်တော့ ခင်ဗျားဟာ ခါလာနာရဲ့ ညီမလေးကိုး"

စေချည်မှာ ခါလီနာကိုကြည့်ပြီး ဝမ်းနည်းဝမ်းသာ ဖြစ်သွားသည်။

ခါလီနာမှာလည်း ကြောင်တက်တက်ကလေးနှင့်ကြည့်ပြီး ခေါင်းကလေးမော့ကာ အလန့်တကြား မေးလာပြန်တော့သည်။

"ရှင်… ရှင်… ကျွန်မကိုသိတယ် ဟုတ်လား"

ထိတ်လန့်ခြင်း၊ အံ့သြခြင်းတို့နှင့်အတူ ခါလီနာ၏ အသံမှာလည်း မပီမသနှင့် လွင့်လာ၏။ စေချည်က ခေါင်းကို ခပ်သာသာလေး ညိတ်ပြသည်။

"သိပ်သိတာပေါ့ ခါလီနာ၊ ရော်စီနန်ဟာ ကျွန်တော့်အစ်ကိုပဲ၊ ဒီတော့ ခင်ဗျားအစ်မဟာ ကျွန်တော့်ရဲ့မရီးပဲပေါ့ဗျာ"

ခါလီနာမှာ ကိုယ့်နားကိုပင် မယုံသလိုနှင့် မျက်လုံးလေးပြူးပြီး စေချည်ကို မျက်တောင်မခတ် စိုက်ကြည့်နေပြန်၏။

"ရှင် တကယ်ပြောတာလား၊ ရှင်ဟာ အမှန်ပဲ ရော်စီနန်ရဲ့ ညီလေးပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်တော့်အစ်ကိုက ဆရာရဲ့ စေခိုင်းချက်အတိုင်း ဒီတောရိုင်းထဲမှာ နှစ်တစ်ထောင် ဖူလင်ဆေးကို လာရှာတာ၊ နောက်ဆုံးမတော့ ဘယ်လိုဖြစ်ပြီး သူဟာ ခြေလက်အင်္ဂါမဲ့တဲ့ဒုက္ခိတ ဖြစ်နေတယ်ဆိုတာ မသိလိုက်ရဘူး၊ ဒါပေမယ့် သူရှာတွေ့တဲ့ နှစ်တစ်ထောင် ဖူလင်ဆေးကိုတော့ ရွှေမြို့တော်မှာ ဝှက်ထားခဲ့တဲ့ အကြောင်း ကျွန်တော်တို့သိအောင် စာရေးခဲ့တယ်၊ ဒါကြောင့် ကျွန်တော် အခုလာတာ ဒီနှစ်တစ်ထောင် ဖူလင်ဆေးကို ပြန်ယူချင်လို့ပဲ"



စေချည်က ခါလီနာကို ယုံကြည်စွာနှင့်ပင် သူ့ရည်ရွယ်ချက်ကို ထုတ်ဖော်ပြောလာသည်။

"ရှင်… ရှင်… ကျွန်မအစ်မနဲ့တွေ့တော့ ရှင့်အစ်ကို ဘယ်လိုလုပ်ပြီး ဒုက္ခိတဖြစ်သွားတယ်ဆိုတာ မသိလိုက်ရဘူးလားရှင်ရယ်"

ခါလီနာလည်း စေချည်ကို ဝမ်းနည်းသောလေသံဖြင့် ပြောလေသည်။

"အင်း… ပြောရဖို့အကြောင်းက ဖန်လာပြီဆိုတော့ ပြောရမှာပေါ့လေ၊ အဖြစ်က ဒီလိုပါ၊ ကျွန်တော့်အစ်ကိုက တရုတ်ပြည်အတွင်းပိုင်းကို ပြန်ရောက်လာတဲ့အခါမှာ ကျွန်တော်က သူတို့လင်မယားကို…"

စေချည်သည် ကျုံးယော်ယောင်ဆောင်၍ သူ့အစ်ကို ရော်စီနန်ကို ရှာဖွေတွေ့ခဲ့ပုံ၊ တစ်ဖန် သူတို့လင်မယား ပြန်ပေးဆွဲခံခဲ့ရပုံကို အသေးစိတ် ရှင်းပြလေ၏။

ခါလီနာမှာ ခဲအိုနှင့် အစ်မဖြစ်သူ၏ ဒုက္ခပင်လယ်ဝေမှုကို ကြားရလေသောအခါ အားနွဲ့သူ မိန်းမသားပီပီ စိတ်မထိန်းနိုင်ဘဲ မျက်ရည် ပေါက်ပေါက်ကျကာ ရှိုက်ကြီးတငင် ငိုကြွေးလာတော့၏။

စေချည်ကိုယ်တိုင်လည်း ခါလိနာအဖြစ်ကိုကြည့်ပြီး စိတ်မကောင်း ဖြစ်သွား၏။

"ဪ... အစ်မ... အစ်မ... ကုသိုလ်ကံက ဆိုးရှာပါတယ်ရှင်၊ ဒါတွေအားလုံး ရှင်ပါကြောင့် ခုလို ဖြစ်ရတာပါရှင်၊ ဒီ ရှင်ပါဆိုတဲ့ ခွေးတိရစ္ဆာန်ကြောင့်"

ခါလိနာမှာ ပြောရင်းနှင့် အံကလေးကြိတ်၍ ခံပြင်းစွာဖြင့် ပြောလာသည်။

ဒေါသအမျက်ကြောင့် ခါလိနာမျက်လုံးတို့က အတိုင်းမသိ အရောင်လက်၍ တဖျပ်ဖျပ် တောက်ပြောင်နေလေတော့၏။

"ရှင်ပါ ဟုတ်လား၊ ခင်ဗျားပြောတော့ ခင်ဗျားကိုလုမယ့်လူပဲ မဟုတ်လား"

စေချည်မှာ နားမလည်သလို ဖြစ်သွားပြီး ရုတ်ခြည်းပင် မေးလာ၏။

"ဟုတ်ပါတယ်၊ သူ အစက ကျွန်မအစ်မကို လုယူမလို့ပဲ၊ ကျွန်မအစ်မက တောထဲဝင်ပုန်းတော့ အခြေအနေက အခု ကျွန်မ ဖြစ်သလိုပဲ ဆိုပါတော့၊ အဲဒီလို ပုန်းနေတုန်းမှာပဲ ရှင့်အစ်ကိုရဲ့ ခြေထောက်ကို မြွေကိုက်ခံရတော့ မြွေဆိပ်တက်ပြီး သူဟာ



ဂူတစ်ဂူထဲကို တွားပြီး ဝင်သွားလိုက်တယ်၊ ကံကောင်းချင်တော့ ကျွန်မအစ်မဟာလဲ အဲဒီဂူထဲမှာ ဝင်ပုန်းတာနဲ့ ကြုံကြိုက်နေတော့ သူ့ခြေထောက်က ဒဏ်ရာကို ပါးစပ်နဲ့ စုပ်ထုတ်ခဲ့တယ်၊ နောက်တော့ သူတို့ဟာ အဲဒီဂူထဲမှာပဲ အကြင်လင်မယား ဖြစ်သွားခဲ့ကြတယ်လေ"

ခါလိနာသည် သူ့စကားကို ဖြတ်ထားပြီး ညှိုးငယ်သော အကြည့်မျိုးနှင့် စေချည်အား ကြည့်ပြီးမှ သူ့စကားကို ပြန်ဆက် လေ၏။

"ကျွန်မအဖေဟာလဲ ကျွန်မအစ်မ ဟန်လူမျိုးတစ်ယောက်နဲ့ အိမ်ထောင်ကျသွားတာကို တော်တော်လေး ဝမ်းသာသွားပါတယ်၊ ဒါပေမယ့် ရှင်ပါရဲ့ရန်ကို စိုးရိမ်တဲ့အတွက် အဖေဟာ သူတို့ကို အဲဒီဂူထဲမှာ ဆက်ပုန်းခိုင်းခဲ့တယ်၊ နောက်ပိုင်းမှာတော့ သူတို့အတွက် အစားအသောက်ကို ပို့ပေးတယ်၊ ဒါပေမယ့် မကြာပါဘူး၊ ဒီသတင်း ရှင်ပါရဲ့နားထဲကို ပေါက်ကြားသွားတယ်၊ သူဟာ သူ့လူတွေ သုံးလေးရာကို ခေါ်ပြီး ရှင့်အစ်ကိုကိုသတ်ဖို့ ခေါ်ဆောင်ခဲ့တယ်"

ခါလိနာမှာ ပြောရင်း မျက်ရည်များ ပါးပြင်ပေါ်သို့ တစ်ပေါက် ချင်း စီးကျလာသည်။ ရှိုက်သံတစ်ချက်ကပါ မသိမသာ လွင့်စင် လာ၏။

နောက်တော့…

ခါလီနာသည် မျက်ရည်များကို အင်္ကျီလက်ဖြင့် သုတ်လျက် ဆက်ပြောလာသည်။

"ရှင့်အစ်ကိုက တော်ရှာပါတယ်၊ ရှင်ပါနဲ့ လူသုံးလေးရာ ခွေးပြေးဝက်ပြေး ပြေးတဲ့အထိ လိုက်ပြီး တိုက်ခိုက်ခဲ့တယ်၊ ဒါပေမယ့် နောက်ဆုံးမှာတော့ ဘယ်လိုဖြစ်သွားတယ် မသိဘူး၊ အစ်ကိုရော်စီနန် ဟာ ဖြုန်းခနဲ မြေကြီးပေါ် လဲကျသွားပြီးတော့ ရှင်ပါတွေရဲ့ အဖမ်းအဆီ ကို ခံလိုက်ရတာပါပဲ"

စေချည်မှာ ခါလီနာ စကားကြောင့် မအောင့်အည်းနိုင်ဘဲ အလုအယက်ပင် မေးကြည့်မိ၏။

"ကျွန်တော့်အစ်ကိုက သူတို့ကို မနိုင်လို့ အဖမ်းခံရတာလား"

"မဟုတ်ဘူးရှင့်၊ ရှင့်အစ်ကိုပြောတော့ သူဟာ စန်တိုတွေနဲ့ အပြင်းအထန် တိုက်နေတဲ့အချိန်မှာပဲ သူ့ရဲ့အကြောကို တစ်စုံ တစ်ယောက်က ကျောက်တုံးလေးကို လက်နက်ပုန်းအဖြစ်နဲ့ ပစ်ပြီး သူ့ကို လုပ်ကြံတယ်လို့ ပြောတာပဲ၊ ဒီလို လက်နက်ပုန်းလိုနည်းမျိုး နဲ့ သူ့ကို လုပ်ကြံတာဟာ သိုင်းပညာစွမ်းရည် အတော်တတ်ကျွမ်းတဲ့လူ



ဖြစ်ရမယ်တဲ့၊ စန်တိုတို့က လူရိုင်းတွေဆိုတော့ သိုင်းပညာမှ မတတ် ကြတာပဲရှင်ရယ်"

ခါလီနာပြောသလို လူရိုင်းတို့ သိုင်းပညာမတတ်ကြောင်းကို သိသော စေချည့်လည်း အကြွင်းမဲ့ လက်ခံလိုက်၏။

"ဟုတ်ပါတယ်၊ ဒါနဲ့ ကျွန်တော့်အစ်ကိုက သူ့ကိုလုပ်ကြံတဲ့ လူကို မမြင်လိုက်ရဘူးလား"

✧ ✧ ✧

## အခန်း (၄၂)
## လွမ်းပုံပြင်လေးတစ်ပုဒ်

"ဟုတ်တယ်ရှင့်၊ အဲဒီအချိန်မှာ သူက အာရုံနိုက်ပြီး စန်တိုတွေနဲ့ တိုက်ခိုက်ရတော့ ချောင်ထဲပုန်းနေတဲ့ရန်သူကို သတိမထားလိုက်မိဘူးလို့ ပြောပါတယ်"

စေချည်မှာ ခါလီနာစကားကို အလေးအနက်ထားလျက် စဉ်းစားလေ့လာသည်။

"အင်း... အဖြစ်က ဆန်းသထက် ဆန်းလာတယ်ဗျို့၊ ဒါနဲ့ ကျွန်တော့်အစ်ကို အဲဒီအချိန်မှာတုန်းက ရွှေမြို့တော်ကို မတွေ့မိသေးဘူး ထင်တယ်"



ခါလီနာက ခေါင်းတစ်ချက်ညိတ်ပြသည်။

"ဟုတ်ကဲ့၊ သူဟာ ဒုက္ခိတဖြစ်သွားပြီးမှ ရွှေမြို့တော်ကို ရောက်သွားရတာပါ"

စေချည်သည် ဘယ်လိုမှ စဉ်းစားမရတော့သည့်နောက် ဖွင့်ပြော၏။

"ကျွန်တော် မတွေးတတ်တာက သူ့နောက်ကို ဘယ်က သိုင်းသမားက နောက်ယောင်ခံလိုက်ပြီး ဘာအတွက်ကြောင့် လုပ်ကြံခဲ့သလဲဆိုတာပဲ"

"ရှင့်အစ်ကို ကိုယ်တိုင်လဲ ဒီအချက်ကို စဉ်းစားလို့ မရခဲ့ဘူး၊ သူ့အနေနဲ့ တစ်မျိုးလှည့်ပြီး တွေးသေးတာကတော့ သူ စန်တိုတွေနဲ့ တိုက်ခိုက်တဲ့အခါမှာ အမှတ်တမဲ့ ကျောက်တုံးလေးတစ်ခုက တိုက်တိုက်ဆိုင်ဆိုင် သူ့အကြောကို ပိတ်မိအောင် လာထိသွားသလိုပဲ အောက်မေ့ခဲ့တယ်"

ခါလီနာက ရော်စီနန် ထင်မှတ်တွက်ဆသည်ကို ပြောလေ၏။

"ကျွန်တော်တော့ တိုက်ဆိုင်မှုလို့ကို မထင်ဘူး၊ တမင်လုပ်တာပဲ ဖြစ်ရမယ်"

စေချည်က ခါးခါးသီးသီးပင် သူ့အပူအဆကို ပြောလာသည်။

"ဒါဆိုလဲ ရှင်ပါက ဒီအကြောင်းကို သိချင်သိမယ်၊ ရှင်သူနဲ့တွေ့ရင် မေးကြည့်ပါလား"

ခါလီနာလည်း စေချည်ကို သူတတ်နိုင်သည့်အကြံမျိုး ပေးကြည့်၏။ စေချည်က ဘာမျှမပြောဘဲ သူသိချင်သည်ကိုသာ မေးလေသည်။

"ရှင်ပါဆိုလို့ ကျွန်တော့်အစ်ကိုရဲ့ ခြေလက်တွေကိုကော သူတို့က ဖြတ်ပစ်လိုက်တာလား"

"ဟုတ်ကဲ့၊ ရှင်ပါကိုယ်တိုင်ကိုယ်ကြပ် မဖြတ်ခဲ့ပေမယ့် သူလုပ်ခဲ့တဲ့ ဒဏ်တွေကြောင့် ရှင့်အစ်ကိုရဲ့ ခြေလက်တွေ လုံးဝ သုံးမရတော့လို့ ကျွန်မတို့က ဖြတ်ပေးလိုက်ရတာပါ"

"ဗျာ... ဆိုစမ်းပါဦး၊ ရှင်ပါက ဘယ်လိုလုပ်ခဲ့လို့လဲ"

ဪ ဗုဒ္ဓော၊ တုန်လှုပ်ချောက်ချားသော အသံဖြင့် အလုအယက် မေးကြည့်သည်။ အစ်ကိုဖြစ်သူအတွက် သူ့ရင်ထဲတွင် ပို၍ ကြေကွဲလာလေ၏။

"ဒီလိုပါ၊ ရှင်ပါက ရှင့်အစ်ကိုကို ရွာထဲကဖမ်းသွားပြီးတဲ့နောက်မှာ ရှင့်အစ်ကိုကို ကြိုးနဲ့အတင်းအကျပ် ချည်နှောင်ထားပြီးတော့



ရှင့်အစ်ကိုရဲ့ ခြေနဲ့လက်အားလုံးပေါ်ကို ကြီးမားလေးလံတဲ့ ကျောက်တုံးလေးတုံးယူလာပြီး ဖိထားလိုက်တယ်၊ ကျောက်တုံးတစ်တုံးရဲ့အလေးချိန်က ပိဿာနှစ်ဆယ်လောက်ရှိတယ်လို့ ပြောတယ်၊ အဲဒီလိုတောက်လျှောက် တစ်ချိန်လုံး ဖိထားခဲ့တဲ့ဒဏ်ကြောင့် အကြောတွေပြတ်သွားတာပဲ"

စေချည်မှာ ခါလီနာစကားကို နားထောင်လျက်နှင့် ကြက်သီးမွေးညင်း ထလာပြီး ဒေါသလှိုင်းများ ရင်ထဲတွင် အုံကြွလာလေသည်။

သူ့ခေါင်းထဲသို့ အသိဉာဏ်တစ်ခုကပါ ပြေး၍ ဝင်လာ၏။

အကယ်၍ သူ့ကို အကြောအပိတ်မခံခဲ့ရပါက ပိဿာနှစ်ရာရှိသော အလေးချိန်ရှိသည့် ကျောက်တုံးနှင့် ပိဿာနှစ်ထောင်ရှိသော ကျောက်တုံးကိုပင် မှုလိမ့်မည်မဟုတ်ကြောင်း စေချည်သိ၏။

သို့သော်...

တောတွင်းသားအရိုင်းအစိုင်း ရှင်ပါမှာ သည်လိုနည်းတို့ဖြင့် ညှဉ်းပန်းနှိပ်စက်သည်မှာ လူစိတ်ကင်းမဲ့လွန်းသည်ကို တွေးပြီး စေချည်မှာ ကြိတ်မနိုင်ခဲမရ ဖြစ်လာ၏။

ပွင့်အံလာသော ဒေါသအမျက်ကို မချုပ်တည်းနိုင်သောကြောင့် စေချည်သည် ဓားကိုင်လက်ကို မြှောက်၍ ကြုံးဝါးလာ၏။

"တွေ့ကြသေးတာပေါ့ ရှင်ပါရာ၊ အကြံပက်စက်ပြီး ယုတ်မာလွန်းတဲ့ မင်းကို ငါ့အစ်ကိုအတွက် လှလှပပကြီး ကလဲ့စားချေရမယ် ဆိုတာ သိထားဟေ့"

စေချည်၏ တစ်ကိုယ်တည်း ကြုံးဝါးချက်ကြောင့် ခါလီနာပင် လန့်ဖျပ်သွားလေ၏။

နောက် သူက တဆက်တည်း ပြောလာသည်။

"ကျွန်မအဖေလဲ ရှင့်အစ်ကို အဖမ်းခံရလို့ အခြေအနေ မဟန်တော့ဘူးဆိုတာ သိလိုက်တာနဲ့ ချက်ချင်း ရွာမှာရှိသမျှ သန်စွမ်းတဲ့ ယောကျ်ားတစ်ထောင်လောက် စည်းရုံးပြီး အဲဒီညမှာပဲ စန်တိုတို့ရွာထဲ တိတ်တခိုးဝင်စီးပြီး ရှင့်အစ်ကိုကို ကယ်ထုတ်ခဲ့ပါတယ်၊ ဒါပေမယ့် ဝမ်းနည်းစရာ ကောင်းပါတယ်ရှင်"

ခါလီနာမှာ စကားမဆက်နိုင်ဘဲ မျက်ရည်တွေတွေ ကျလာလေသည်။ သူ့မျက်နှာကလေးမှာလည်း နေထိသောပန်းပွင့်လေးလို ညှိုးနွမ်းသွားတော့၏။

နောက်တော့ သူမက အားရပါးရ ရှိုက်ငိုပြီးမှ စကားကို ဆက်ပြော၏။



"ရှင့်အစ်ကိုရဲ့ ခြေထောက်တွေဟာ လူကောင်းပကတိလို ဖြစ်မနေတော့ဘူး၊ ရှင့်အစ်ကိုပြောတော့ သုံးရက်အတွင်းမှာမှ နှစ်တစ်ထောင် ဖူလင်ဆေး ဒါမှမဟုတ်ရင် စပက်စိုအူကို ရှာတွေ့ခဲ့ရင် သူ့ခြေလက်တွေ ပြန်ရှင်သန်လာမယ်လို့တော့ သိရပါတယ်၊ ဒါနဲ့ ကျွန်မ အဖေဟာ ကိုယ်တိုင်ဦးဆောင်ပြီး သန်မာထွားကျိုင်းပြီး တောကျွမ်းတဲ့ ရွာသားဆယ်ယောက်နဲ့ ကျွန်မအစ်မအပါအဝင် ရှင့်အစ်ကိုကိုထမ်းပြီး တောထဲကို ဆေးရှာထွက်ခဲ့ကြပါတယ်"

ခါလီနာသည် ပြောရင်းနှင့် မောလာပြီး ခဏနား၍ စကားကို ဆက်ပြန်လေသည်။

"နှစ်ရက်တိုင်တိုင် ရှာပြီးတဲ့နောက် နှစ်တစ်ထောင် ဖူလင်ဆေးကို တွေ့မိခဲ့ပါတယ်၊ ဒါပေမယ့် ရှင့်အစ်ကိုက ဒီနှစ်တစ်ထောင် ဖူလင်ဆေးကို စားဖို့ အတန်တန် ငြင်းပယ်ခဲ့တယ်၊ တစ်ရက်နှစ်ရက် ထပ်ဆိုင်းပြီး နှစ်တစ်ထောင်ဖူလင်ဆေး နောက်တစ်ပင်ထပ်ရှာပြီးမှ လက်ရှိနှစ်တစ်ထောင်ဖူလင်ဆေးကို သူစားမယ်လို့ ပြောလာပါတယ်"

ခါလီနာစကားကြောင့် စေချည် အကြီးအကျယ် စိတ်ထိခိုက်သွားသည်။

သူ့အစ်ကို ဖူလင်ဆေးမြစ်ကို ဘာကြောင့်အတန်တန်ငြင်းသည်ကို သူသာအသိဆုံး ဖြစ်၏။

သူ့အစ်ကိုသည် အတိတ်ကိုမေ့၍ မှတ်ဉာဏ်ပျောက်နေလေသော ရင်ဟုန်ဝေအတွက် ဖူလင်ဆေးမြစ်ကို ချန်ထားလိုက်ခြင်းသာ ဖြစ်၏။

ကြီးမားမြင့်မြတ်သော စိတ်ထားရှိသူ အစ်ကိုကို စေချည်က ဂုဏ်ယူဝမ်းသာမိသလို တစ်ဘက်မှာလည်းတစ်ပါးသူအတွက် အနစ်နာခံပြီး ဘဝဆုံးသွားသည့် အစ်ကိုကြောင့် ဝမ်းနည်းကြေကွဲ ယူကျုံးမရ ဖြစ်သွားရှာသည်။

ထို့ကြောင့်...

စေချည်သည် မျက်ရည်ဝိုင်းသော မျက်လုံးနှင့် အဝေးသို့ အငိုင်သား ငေးကြည့်လာသည်။

"နောက်ပိုင်းကော ထပ်ပြီး ရှာတွေ့သေးလား"

ခေါင်းငုံ့လျက်သား ထိုင်နေသော ခါလီနာထံမှ စကားက ငိုသံလေးနှင့် လွင့်ပျံလာ၏။

"မတွေ့ရတော့ပါဘူးရှင်၊ နှစ်တစ်ထောင် ဖူလင်ဆေးက အလွယ်တကူ ရနိုင်တာမှ မဟုတ်တာ"



"ဒါဆို ကျွန်တော့်အစ်ကိုက တတိယရက် ကုန်ဆုံးသွားတဲ့အထိ နှစ်တစ်ထောင် ဖူလင်ဆေးကိုစားဖို့ ငြင်းဆန်နေခဲ့တယ်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်၊ အဲဒီနေ့မှာပဲ သူတို့ဟာ နှစ်တစ်ထောင် ဖူလင်ဆေးကိုရှာရင်း ရွှေမြို့တော်ကို ရောက်သွားကြတာ"

"ဟင်... ဟုတ်လား"

စေချည်မှာ ခါလီနာစကားကြောင့် စိတ်ဝင်တစားနှင့် ကြည့်လာသည်။

ခါလီနာကလည်း စေချည်စိတ်ဝင်စားနေကြောင်း သိလိုက်သဖြင့် တစ်လုံးချင်း ပြောပြလာလေသည်။

"ဟုတ်ကဲ့... အဲဒီ ရွှေမြို့တော်ကို ကျွန်မတို့ ဘိုးစဉ်ဘောင်ဆက် ကတည်းက တည်လာခဲ့တာ၊ ဒါပေမယ့် ကျွန်မ တတ်သိနားလည်နိုင်တဲ့ အရွယ်ကိုရောက်တဲ့ အချိန်ကစပြီး ရွှေမြို့တော်ထဲ ဝင်ဖူးခဲ့တဲ့သူဆိုလို့ တစ်ခါမှ မကြားခဲ့မိဘူး၊ ဘာဖြစ်လို့လဲဆိုရင် ရွှေမြို့တော်တစ်ခုလုံးကို မကောင်းဆိုးဝါး နာနာဘာဝတွေက ကြီးစိုးထားပြီး စုန်းကဝေတွေဟာ ရှေးကတည်းက ကျိန်စာဆိုထားခဲ့တယ်လို့ ပြောကြတယ်၊ ဒါကြောင့် ရွှေမြို့တော်ထဲဝင်တဲ့လူတိုင်းဟာ တစ်ဦးတစ်ယောက်မှ အသက်ရှင်လျက်နဲ့ ပြန်မထွက်လာခဲ့ပါဘူးရှင်"

စေချည်မှာ စိတ်မတင်မကျနှင့် မေးကြည့်ပြန်၏။

"အဲဒီ ကျိန်စာဆိုတာကကော တကယ်ပဲလား"

"အဲဒါတော့ ကျွန်မလဲ မသိဘူးလေ၊ အဲဒီ နေရာတစ်ဝိုက်ကို တော့ ရက်စက်ကြမ်းကြုတ်ပါတယ်ဆိုတဲ့ စန်တိုတွေတောင် မြို့ထဲ မဝင်ရဲကြဘူးရှင့်၊ အားလုံးလိုလိုက ရွှေမြို့တော်ကို မကောင်းဆိုးဝါးတွေ ဖန်ဆင်းထားတဲ့မြို့လို့ အယူရှိနေကြတယ်"

စေချည်မှာ အတွေးရ အစဉ်စားရခက်သော ခါလီနာစကား ကြောင့် ထပ်၍သာ မေး၏။

"ခင်ဗျားအဖေကျတော့ကော ဘာကြောင့် ကျွန်တော့်အစ်ကိုကို ရွှေမြို့တော်ထဲအရောက် ခေါ်သွားရဲရတာလဲ"

"အမှန်ပြောရရင် ကျွန်မအဖေ ကိုယ်တိုင်လည်း ကြောက်တာပဲ၊ နောက်ဆုံး ရှင့်အစ်ကိုရဲ့ အတင်းအဓမ္မ မေတ္တာရပ်ခံချက်ကြောင့် ဆိုပါတော့၊ သူက အဲဒီ ရွှေမြို့တော်ထဲမှာ နှစ်တစ်ထောင် ဖူလင်ဆေး ရှိချင်ရှိမယ်တဲ့၊ တကယ်တော့ သူက ရွှေမြို့တော်ကို စိတ်ဝင်စားလို့ စူးစမ်းလေ့လာချင်လို့ပါ၊ ဒါပေမယ့် ကျွန်မအဖေနဲ့ အစ်မက သူ့ရဲ့ ကျန်းမာရေးကို ငဲ့ညှာတဲ့အတွက် အရဲစွန့်ပြီး ရှင့်အစ်ကိုကို ရွှေမြို့တော်



ထဲထိ ထမ်းသွားခဲ့ကြတယ်လေ၊ မြို့ထဲကိုရောက်တော့ သူက လူအားလုံး နှစ်တစ်ထောင် ဖူလင်ဆေးရှာဖို့ နိုင်းလိုက်တယ်၊ သူ့အတွက် လူတစ်ယောက်ကိုပဲ စောင့်ရှောက်ကြည့်ရှုဖို့ နေနိုင်းခဲ့တယ်"

"အဲဒီနောက်ကော…"

စေချည်က သိချင်စိတ်ကို မမျိုသိပ်နိုင်ဘဲ အလုအယက် မေးလိုက်သည်။

"သူ့ကို စောင့်ကြည့်ဖို့ ထားခဲ့တဲ့လူကလဲ သန်မာထွားကျိုင်းပြီး သန်စွမ်းပေမယ့် အသိဉာဏ်ကျတော့ ထုံထိုင်းဆွဲ့အနေတဲ့လူ တစ်ယောက်ပဲ"

"ဒါနဲ့ အဲဒီလူက ကျွန်တော့်အစ်ကိုကို ပျောက်ဆုံးအောင် စောင့်ကြည့်ခဲ့တာပေါ့နော်"

ခါလီနာ စကားမဆက်မီ စေချည်က အလွန်းဖောက်၍မေးလိုက် သောကြောင့် သူကလည်း မနေနိုင်ဘဲ ရယ်ပြုံးလာလေသည်။

"ရှင်ကလဲ ကြံကြံဖန်ဖန်တွေ ပြောတာပဲနော်၊ ဒီလိုပါ ကျွန်မ အဖေတို့က နှစ်တစ်ထောင် ဖူလင်ဆေးကို ရှင့်အစ်ကိုဆီမှာ ထားခဲ့ပြီး နောက်တစ်ပင်အတွက် လူစုခွဲ ရှာကြတာပါ"

"ဩော်... ဩော်... မသိဘူးလေ၊ အသိဉာဏ်မဲ့တဲ့လူနဲ့ ထားခဲ့တော့ ရန်းတွေက ကလေတွေကများ ဝှက်ပစ်လိုက်သလားလို့ မေးကြည့်တာပါ"

စေရျည်က အတည်ပေါက်လိုလိုနှင့် နောက်၍ ပြောလာသော ကြောင့် သူမကလည်း မနေနိုင်တော့ဘဲ ကိုယ်လုံးလေး သိမ့်သိမ့်ခါသွား မတတ် ရယ်မောလာသည်။

စေရျည်လည်း ဓာတဖြုတ်အားဖြင့်တော့ စိတ်သောက ဖြစ်ခြင်းမှ လွတ်သွား၏။

ဓာကြာလျှင်တော့ ခါလီနာလည်း သူ့စကားကိုဆက်၍ ပြောပြန်လေ၏ ။

"ရှင့်အစ်ကိုဟာ ဒီအခွင့်ကောင်းကို စောင့်ပြီး ထုံထိုင်းဆွံ့အတဲ့ လူကို နှစ်တစ်ထောင် ဖူလင်ဆေးဝှက်ဖို့ နေရာတစ်ခုခု ညွှန်ကြား ခဲ့တယ်၊ နောက်ပိုင်း အဖေတို့လဲ နှစ်တစ်ထောင် ဖူလင်ဆေးကို ထပ်ပြီး ရှာမတွေ့လို့ အသီးသီး စိတ်ခတ်ကျပြီး ပြန်လာကြတယ်၊ ဒါ အဖေတို့အစ်မတို့က တစ်ပင်တည်းရှိတဲ့ ဖူလင်ဆေးကို ရှင့်အစ်ကို အတင်းတိုက်တွန်းပြီး စားနိုင်းတယ်လေ၊ ဒီလိုစားနိုင်းမှပဲ ရှင့်အစ်ကို



ကလဲ သူ့ဆီမှာ ဖူလင်ဆေးမရှိကြောင်း ပြောပြတယ်၊ ကျွန်မအစ်မ ဆိုတာ ခံပြင်းလိုက်တာ မပြောပါနဲ့တော့၊ ကျွန်မတော့ ရှူးပြီလို့ကို ထင်တာ၊ ရှင့်အစ်ကိုကို ဘယ်လိုမေးလို့မှလဲ မရဘူး၊ နောက်ဆုံးတော့ သူဝှက်ထားတယ်လို့ ဖွင့်ပြောတယ်၊ ဆေးမြစ်ဝှက်ပေးခဲ့တဲ့ ရွာသားကို မေးကြည့်တော့လဲ ထုံထိုင်းဆွံ့အနေတဲ့ ဦးနှောက်ကြောင့် ဘာမှ မေးလို့မရဘူး၊ ရွှေမြို့တော်ဟာလဲ အကျယ်ကြီးဆိုတော့ ဘယ်ဆီမှာ သွားရှာရမှန်းမသိဘူး၊ မကြံစည်တတ်တဲ့အဆုံးမှာတော့ လက်မြှောက် ပြန်လာကြတာပဲ"

စေရျည်သည် အတော်ကြာအောင် တွေဝေငေးမောနေပြီးမှ ခါလီနာကို တိုးညင်းသောလေသံဖြင့် ပြောလာသည်။

"ကျွန်တော့်အစ်ကိုဟာ အဲဒီ နှစ်တစ်ထောင် ဖူလင်ဆေးကို ဘာဖြစ်လို့ မစားခဲ့သလဲဆိုတာကော ခင်ဗျားသိရဲ့လား"

"ဟုတ်ကဲ့၊ သူပြောတာကတော့ မှတ်ဉာဏ်ပျောက်သွားခဲ့တဲ့ မိန်းကလေးတစ်ယောက်ရဲ့ ရောဂါကို ပြန်ကုချင်တယ်ဆို၊ အဲဒါကော တကယ်လား"

ခါလီနာသည် ပြောရင်းနှင့် စေရျည်အား မေးကြည့်၏။

"ဟုတ်တယ်၊ ဒီနှစ်တစ်ထောင် ဖုလင်ဆေးဟာ ရှာမှရှားတဲ့ ဆေးစွမ်းကောင်း တစ်လက်ပါပဲ၊ အင်မတန် ကံကောင်းမှလဲ ရှာလို့ ရတာ၊ ဒါကြောင့် ကျွန်တော့်အစ်ကိုက သူသာ ဒုက္ခိတအဖြစ်ခံမယ်၊ သူသာ အနစ်နာခံမယ်၊ ဟို မိန်းကလေးကိုတော့ မှတ်ဉာဏ် အပျောက် မခံနိုင်ဘူးဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီဆေးကို မစားတာပါ"

စေရှည်သည် ပြောရင်းနှင့်ပင် စိတ်လှုပ်ရှားလာကာ မျက်ရည်များ ထိန်းမရတော့ဘဲ ပါးပြင်ပေါ်သို့ အဆက်မပြတ် ကျလာလေ၏။

"ဟင်… ရှင် ရှင် ရှင် ငိုနေတယ် ဟုတ်လား"

စေရှည်လည်း ချက်ချင်းဆိုသလို စိတ်တင်းလိုက်ပြီး မျက်ရည်များကို သုတ်လေ၏။

"ကျွန်တော့်အစ်ကို အဲဒီလိုလုပ်တာကို ခင်ဗျားအနေနဲ့ သူ့ရဲကောင်း ပီသတယ်လို့ မထင်ဘူးလား"

"ဟုတ်ပါတယ်ရှင်၊ ကျွန်မအစ်မဆိုရင်လဲ သူ့ရဲ့ ဒီမွန်မြတ်တဲ့ စိတ်ထားကြောင့် ရှင့်အစ်ကိုရဲ့ ခြေတွေလက်တွေ ပြတ်သွားခဲ့ပေမယ့် အယင်ကထက်ပိုပြီး ယုယကြင်နာ မြတ်နိုးလာပါတယ်၊ သေတစ်ပန်



သက်တစ်ဆုံးလဲ ရှင့်အစ်ကိုရဲ့ ဘဝအဖော်မွန်အဖြစ် ဆိုးတူကောင်းဘက် စောင့်ရှောက်ပြုစုတော့မယ်လို့ ဆုံးဖြတ်ခဲ့တယ်"

စေရှည်သည် အတန်ကြာအောင် ငြိမ်ချက်သား ကောင်းနေပြီးမှ ကောက်ကာငင်ကာ မေးပြန်သည်။

"အစ်ကိုဟာ ဘာဖြစ်လို့ ဒီကသွားတော့ နှစ်တစ်ထောင် ဖုလင်ဆေးကို သူနဲ့တစ်ပါတည်း မယူသွားလဲ ဆိုတာကော သိလား"

ခါလီနာမှာ အဝေးကိုကြည့်နေရာမှ စေရှည်အမေးကြောင့် အတွေး ပြတ်သွားပြီး ငုံ့စောင်းလျက် ကြည့်လာ၏။

"ကျွန်မ အဖေက ရှင့်အစ်ကိုရဲ့ ခြေလက်တွေကို သံဖြတ်လွှနဲ့ ဖြတ်ပေးလိုက်ပြီးတဲ့နောက် ရှင့်ပါက လူစုပြီး ထပ်လိုက်လာနေတဲ့ သတင်းကို ရတဲ့အတွက် ရှင့်အစ်ကိုကိုထမ်းပြီး အမြန်ဆုံး ရွှေမြို့တော်ကနေ ထွက်ပြေးခဲ့ရပါတယ်၊ အဲဒီအချိန်မှာတုန်းက ရှင့်အစ်ကိုဟာ သတိမေ့နေတဲ့အတွက် နှစ်တစ်ထောင် ဖုလင်ဆေးကို မယူနိုင်ခဲ့တာပဲ"

"ဒါဆို ခင်ဗျားအဖေဟာ ကျွန်တော့်အစ်ကိုကို တောရိုင်း အပြင်ဘက်ရောက်အောင် တစ်ခါတည်း ပို့ပေးတယ် ဆိုပါတော့"

စေချည်မှာ အစ်ကို ဒုက္ခိတ၏ ကံကြမ္မာကို သိလိုစိတ် ပြင်းပြစွာနှင့် မေးပြန်လေ၏။

"ဟုတ်ပါတယ်၊ အဖေက သူတို့လင်မယား အပြင်ကို ရောက်သွားမှ လုံခြုံစိတ်ချရတယ်ဆိုပြီး ရှင်ပါနဲ့ ဝေးသထက်ဝေးအောင် ခပ်မြန်မြန်ပို့တာ"

စေချည်သည် တစ်စုံတစ်ရာကို လေးနက်စွာ တွေးပြီးမှ တစ်လုံးချင်း ပြောပြန်လေသည်။

"ပြဿနာ အားလုံးကို ခြုံကြည့်လိုက်တော့ ကျွန်တော်သိပ်ပြီး နည်းလမ်းမကျတဲ့ အချက်တစ်ချက်ကို သွားတွေးမိတယ်"

"ဘယ်အချက်များလဲရှင့်"

ခါလီနာသည် စေချည်မျက်နှာကို စပ်ငေးငေးကြည့်ပြီး မေးမိ၏။

စေချည်လည်း သူ့ရင်ထဲတွင် မတင်မကျ ဖြစ်နေသော အကြောင်းကို ဖွင့်ထုတ်လျက် ပြောလာပြန်တော့၏။

"ခင်ဗျားပြောတော့ ကျွန်တော့်အစ်ကိုဟာ ခြေလက်တွေ အကြောပြတ်ပြီးမှ ရွှေမြို့တော်ကို ရောက်ခဲ့တယ်လို့ ဆိုတယ် မဟုတ်လား"



"ဟုတ်ကဲ့"

ခါလီနာလည်း စေချည်အမေးကြောင့် ခေါင်းညိတ်၏။

"ဒါဆို သူဟာ ဘယ်လိုလုပ်ပြီး ကျွန်တော်တို့ဆီ မြေပုံတစ်ခု ဆွဲပို့လိုက်တာလဲ"

"ဩော်... သူက ရှင်တို့ဆီကို မြေပုံပို့ဖူးသေးတယ် ဟုတ်လား"

ခါလီနာမှာ အံ့ဩသော မျက်နှာအမူအရာလေးဖြင့် မေးလိုက်လေသည်။

"ဟုတ်တယ်၊ မြေပုံပေါ်က လက်ရေးဟာ ကျွန်တော့်အစ်ကို လက်ရေးပဲ"

"ဒါဆိုရင်တော့ ကျွန်မလဲ နားမလည်တော့ဘူး"

သူမမှာ တကယ်နားမလည်ကြောင်း၊ မသိကြောင်းကို စေချည်မှာ သူ့မျက်နှာလေးကြည့်ရုံဖြင့် ရိပ်စားမိသည်။

"ကျွန်တော့်အထင်တော့ အစ်ကိုဟာ ခင်ဗျားအစ်မနဲ့ မတွေ့ခင်ကတည်းက ရွှေမြို့တော်ကို ရောက်ဖူးခဲ့တာဖြစ်မယ်"

"ရှင်ပြောသလိုသာဆို ဖြစ်နိုင်ပါတယ်"

ခါလီနာ သူ့စကားကို ထောက်ခံလာသည်။

"နောက်ပြီးတော့ သူနောက်ဆုံးလွှတ်လိုက်တဲ့ ခိုကလေးနဲ့ အတူ ပါးလိုက်တဲ့စာထဲမှာ သူဟာ သေမင်းနဲ့ ရင်ဆိုင်နေရတဲ့အကြောင်း ရေးထားတယ်၊ စိတ်ထင်တော့ သူမြေပုံကို ခိုကလေးနဲ့ ပါးလိုက်ပြီးမှ မြွေကိုက်ခံရတယ်၊ မြွေဆိပ်တက်လို့ သူ မနေရတော့ဘူးလို့ထင်ပြီး နောက်ဆုံး သေတမ်းစာ ရေးတဲ့သဘောပဲ ဖြစ်မယ်၊ ဒါပေမယ့် မမျှော်လင့်ဘဲ ဂူထဲရောက်တော့ ခင်ဗျားအစ်မက သူ့ကို ကယ်ခဲ့ တယ်လေ"

"ရှင်ပြောတဲ့အတိုင်းဆို အဲဒီလိုဖြစ်ဖို့ များပါတယ်"

ခါလီနာမှာ စေချည်ပြောသလို ဖြစ်ဖို့များသည်ကို လက်ခံလာသည်။ စေချည်ကလည်း သူသိလိုသည်ကို တဆက်တည်း မေးကြည့်၏။

"ဒီနေရာနဲ့ ရွှေမြို့တော်ဟာ ဘယ်လောက်ဝေးတယ်ဆိုတာ ခင်ဗျားသိလား"

"အတိအကျတော့ ကျွန်မ မသိဘူး၊ သုံးလေးရက်တော့ ခရီး ဆက်ရမယ် ထင်တယ်"



စေချည်မှာ သက်ပြင်းရှည်တစ်ချက်ကို မှုတ်ထုတ်လိုက်ပြီး လေးတွဲ့စွာ ပြော၏။

"ကျွန်တော်က ရွှေမြို့တော်ကို အမြန်ရောက်ချင်တဲ့ ဆန္ဒ သိပ်ပြင်းပြနေတာ၊ ဒါပေမယ့် မနေ့ညက ကျွန်တော့်ချစ်သူ ပျောက်သွားတော့ ကျွန်တော့်မှာ ဆောက်တည်ရာမရ ဖြေသိမ့်မရနဲ့ စိတ်သောက ရောက်နေရတာ"

ခါလီနာမှာ စေချည်ကိုကြည့်ပြီး ပို၍ သနားသွားပြန်သည်။

သို့ကြောင့်...

သူက တစ်စုံတစ်ရာကို စဉ်းစားပြီး စေချည်အား ကူညီရန် ဆုံးဖြတ်၍ ရင်ထဲတွင်ရှိသည့်အတိုင်း ပြောလာသည်။

✧ ✧ ✧

## အခန်း (၄၃)

## အကူအညီပေးသော ယမင်းပို့

"ရှင့်ကိုယ်ပေါ်မှာ ရှင့်ချစ်သူရဲ့ပစ္စည်းတစ်ခုခုများ မပါဘူးလား"

"ဒီစားရှည်တစ်လက်ပဲ ရှိတယ်"

ရေနှစ်သူသည် အားကိုးရာအဖြစ် ကောက်ရိုးမျှင်ကိုပင် ဖမ်းဆွဲတတ်သလို စေချည်လည်း သူ့အမေးကို မဆိုင်းမတွ ဖြေလိုက်၏၊

"ကျွန်မကို ခဏပေးပါ၊ ကျွန်မ အနံ့ခံပါရစေ"

"ဗျာ... အနံ့ခံကြည့်မယ် ဟုတ်လား"

စေချည်မှာ သူမစကားကြောင့် အံ့အားသင့်သလို မေးကြည့်မိ၏။



"ဟုတ်ကဲ့... ကျွန်မ အနံ့ခံပြီးတာနဲ့ ရှင့်အတွက် ကြိုးစားပြီး တွေ့အောင်ရှာပေးပါ့မယ်"

စေချည်မှာ သူမမျက်နှာကိုသာ မှင်တက်စွာနှင့် အငေးသားလေး ကြည့်နေလိုက်၏။ စေချည်၏ ထိုအပြုအမူကြောင့် ခါလိနာလည်း ချိုမြသောအပြုံးကို ယဲ့ယဲ့လေးပြုံးပြီး အေးဆေးတည်ငြိမ်စွာပင် ပြောလာ၏။

"ဒီလိုပါရှင်... ကျွန်မတို့လူမျိုးမှာ အနံ့ခံနိုင်ရုံနဲ့ လိုချင်တဲ့အရာကို ရှာဖွေယူနိုင်တဲ့ စွမ်းအားသတ္တိမျိုးရှိတယ်၊ အခုလဲ ကျွန်မဟာ အဲဒီပညာကို အသုံးပြုပြီး ရှာပေးမှာပါ၊ တစ်ခုတော့ရှိတယ်၊ မုချတွေ့ရမယ်လို့ အာမတော့ မခံရဲဘူး၊ တောကြီးတာက တစ်ကြောင်း၊ သူပျောက်တဲ့အချိန်ကလည်း နည်းနည်းကြာသွားတဲ့အတွက်ပါ"

စေချည်လည်း မထင်မှတ်ဘဲ ယခုလို သူမ၌ရှိသော ထူးထွေသည့် စွမ်းအင်သတ္တိကို သိရသောအခါ ဝမ်းသာလုံးဆို့သွားပြီး ချက်ချင်းဆိုသလို စားရှည်ကိုဖြုတ်၍ ခါလိနာအား ပေးလိုက်သည်။

ခါလိနာသည် စားရှည်ကို ယူလိုက်ပြီးလျှင် စားရှည်၏ အရင်းတွင် ချည်ထားသော စားပန်းပွားကို အထပ်ထပ် နမ်းကြည့်၏

အတော်ကြာမှ သူက ခေါင်းကို ကျေနပ်စွာ ညိတ်လေသည်။

"ဒီဓားရိုးလက်ကိုင်နဲ့ ဓားပန်းပွားလေးရဲ့ အနံ့က မတူကြဘူး၊ ကျွန်မအထင်တော့ ဓားပန်းပွားမှာရှိတဲ့ အနံ့က ရှင့်ချစ်သူရဲ့ ကိုယ်နံ့ပဲ၊ ဒါနဲ့ သူဟာ ဘယ်နေရာမှာ ပျောက်ဆုံးသွားတာလဲရှင်"

ခါလီနာသည် စေချည်ကိုပြောရင်း စူးစမ်းသလို မေးလေ၏။

"ဒီကနေ ကိုက်နှစ်ရာလောက်ကွာတဲ့ နွံ့ရေအိုင်ဘေးမှာပါ"

ခါလီနာသည် နွဲ့နွဲ့ပျောင်းပျောင်းနှင့် ဝူဝသို့ ဦးဆောင်၍ သွားရင်း ပြောလေ၏။

"ကျွန်မတို့ အဲဒီနေရာကိုသွားပြီး လေ့လာကြည့်ရအောင်"

စေချည်လည်း နေးမနေတော့ဘဲ ခါလီနာကို နွံရေအိုင်ဆီသို့ ခေါ်လာခဲ့၏။

ကမ်းစပ်၌ ရပ်ထားသော သမ္ဗန်နားရောက်ခါနီး စေချည်က လက်ညှိုးထိုးပြသည်။

"မနေ့ညက ဒီသမ္ဗန်လေးပေါ်မှာ ထိုင်နေတုန်း ကျွန်တော်က တောကောင်လေးဘာလေးရှာဖို့ ထွက်သွားတယ်၊ ကျွန်တော်ပြန်လာတော့ သူ့ကို မတွေ့ရတော့ဘူး"



ခါလီနာသည် သမ္ဗန်လေးဆီသို့ သွားပြီး ကိုယ်ကိုငုံ့လျက် သမ္ဗန်လေးကို အနံ့ခံကြည့်ပြန်တော့သည်။

ပြီးမှ…

တစ်ဖန် မတ်တတ်ရပ်၍ တောအုပ်ဆီသို့ လျှောက်သွားလေ၏။ စေချည်မှာတော့ ခါလီနာအပြုအမူကို ငြိမ်သက်စွာ ကြည့်နေလေသည်။

သူမသည် သုံးလေးလှမ်းခန့် လှမ်းပြီးနောက် ခြေစုံရပ်လျက် အနီးအနားကို တစ်ဖန်ပြန်၍ အနံ့ခံကြည့်၏။

အတန်ကြာမှ ခေါင်းလေးမော့ပြီး စေချည်ရှိရာသို့ ပြန်လာခဲ့၏။

"ရှင့်ရဲ့မိတ်ဆွေဟန်လူမျိုး ယောက်ျားတစ်ယောက်ယောက်က ခေါ်ဆောင်သွားပြီလို့ ကျွန်မထင်တယ်"

"ဗျာ… ယောက်ျား ဟုတ်လား"

စေချည်မှာ မယုံမရဲနှင့်ပင် အထိတ်တလန့် မေးလေ၏။

"ဟုတ်ကဲ့… ကျွန်မ ဟန်လူမျိုး ယောက်ျားတစ်ယောက်ရဲ့ ကိုယ်နံ့ကို ရလိုက်လို့ပါ"

စေချည်သည် ကြားချိတစ်ယောက် ဟန်လူမျိုးတစ်ယောက် ယောက်လက်ထဲ ရောက်သွားပြီကို သိသည်နှင့် သူမအတွက်

လောလောဆယ် အန္တရာယ်ရှိဦးမည် မဟုတ်သေးဟု တွက်ဆကာ အနည်းငယ် စိတ်လက် ပေါ့ပါးသွားသည်။

"ဒါဆို သူတို့ ဘယ်နေရာဆီကိုများ သွားကြသလဲဗျာ"

စေချည်က အားတက်သရော မေး၏။

ခါလီနာသည် စကားမပြောဘဲ ရှေ့ဆက်၍ ဦးဆောင်သွားကာ သစ်ပင်ကြီးတစ်ပင်အောက်သို့ ရောက်သောအခါ ထိုနေ့စ်ပေ ပတ်ပတ်လည်ခန့်ရှိသော အပင်ကြီးကိုကြည့်၍ သူမမျက်နှာက ထူးထူးခြားခြား အသွင် ပြောင်းသွား၏။

"ဘယ်လိုပါလိမ့်၊ အနံ့က ဒီရောက်တော့ ပျောက်သွားပါလား"

စေချည်လည်း ထိုစကားကြောင့် ဝမ်းသာအားရပင် ခပ်သွက်သွက် ပြောလိုက်မိ၏။

"သစ်ပင်ပေါ် ခုန်တက်သွားတာ ဖြစ်မယ်ထင်တယ်"

ခါလီနာက သစ်ပင်ကို တစ်ချက်မော့လျက် ကြည့်လိုက်လေ၏။

"ဒါဆို အဲဒီဟန်လူမျိုးဟာ သိုင်းပညာရှင်တစ်ယောက်နဲ့ တူတယ်"



"ဟုတ်မယ်... ဟုတ်မယ်၊ နို့မဟုတ်ရင် ကျွန်တော့်ချစ်သူက ပင်ကို သိုင်းပညာစွမ်းရည်နဲ့ဆို တော်ရုံတန်ရုံ ပြန်ပေးဆွဲခံရမှာ မဟုတ်ဘူး"

စေချည်က သူမသဘောပေါက်အောင် ပြောပြသည်။

ခါလီနာလည်း ခေါင်းကိုမော့၍ ထိုမြင့်မားလွန်းသော အပင်ကြီးကိုကြည့်ပြီး စိတ်ပျက်စွာနှင့် ညည်းလာ၏။

"ကျွန်မတော့ ဒီလောက်မြင့်တဲ့အပင်ပေါ် မတက်နိုင်ပါဘူး"

စေချည်သည် မလွဲမရှောင်သာတော့သဖြင့် မျက်နှာပူပူနှင့်ပင် သူမဆီသို့သွားလိုက်ပြီး မရဲတရဲနှင့် အရဲစွန့်လျက်ပြောကြည့်သည်။

"ကျွန်... ကျွန်တော် ခင်ဗျားကိုပွေ့ပြီး ခုန်တက်မယ်လေ၊ ခင်ဗျား သဘောတူရင်ပေါ့"

နဂိုသဘာဝရဲ့ တောင်ပေါ်သူလေး၏ မျက်နှာမှာ စေချည်စကားကြောင့် ရှက်စိတ်ဖြင့် ပို၍သာ သွေးရောင်လွှမ်းသွားသည်။

ဒါပေမယ့်...

ခါလီနာက ခေါင်းငုံ့ထားပြီး မပွင့်တပွင့် ပြောလေသည်။

"ကျွန်မကို ငယ်ငယ်တုန်းက ဖေဖေဟာ ကျွန်မတို့မောင်နှမကို ရှင်တို့ ဟန်လူမျိုးလို ယဉ်ကျေးမှုနဲ့ စာပေကို တတ်စေချင်လွန်းလို့ ဆရာတစ်ယောက်ကို အိမ်မှာပင့်ပြီး စာသင်ပေးခဲ့ပါတယ်၊ အဲဒါကြောင့် ကျွန်မအနေနဲ့ ရှင်တို့ရဲ့ ယဉ်ကျေးမှုထုံးစံဖြစ်တဲ့ မိန်းမယောကျ်ား ဆွေမတော်မျိုးမတော် မျိုးမစပ်ရင် အသားချင်း ထိတွေ့နီးစပ်ခြင်း မရှိရဘူးလို့ ရှင်တို့ရဲ့ပညာရှိစကား သိထားဖူးပါတယ်၊ ဒါပေမယ့် အခုအခြေအနေက တစ်မျိုးထူးခြားနေတဲ့အတွက် ခါတိုင်းလို ထည့်တွက်လို့ မဖြစ်ဘူးပေါ့ရှင်"

စေချည်သည် ထိုစကားကို ကြားလိုက်သည်နှင့်ပို၍ပင် သူမအား ထိတွေ့ရန် အားတုံ့အားနာ ဖြစ်သွားပြန်သည်။

ထို့ကြောင့် သူသည် တည်ကြည်သော မျက်နှာထားနှင့် ခါလီနာကို အေးဆေးစွာပင် တောင်းပန်လာ၏။

"စိတ်မရှိပါနဲ့ဗျာ၊ ကျွန်တော်က ကိုယ့်ချစ်သူကြောင့် ဒီအချက်ကို လုံးဝ ထည့်မတွေးခဲ့မိဘူး၊ ဒီလိုဆို ကျွန်တော်တို့ မတက်တော့ပါဘူးနော်"



ခါလီနာမှာ စေချည်အပြောကြောင့် ကပျာကယာ လက်ကာပြသည်။

"ရှင် ... ရှင် ... ကျွန်မစကားကို တလွဲထင်သွားပြီနဲ့တူတယ်"

"ကျွန်တော်သဘောပေါက်ပါတယ်၊ ဒါပေမယ့် ခင်ဗျားဟာ အပျိုစင်လေးပဲ၊ ကျွန်တော့်အနေနဲ့ ကိုယ့်ချစ်သူကို ကယ်တင်ဖို့အတွက် ခင်ဗျားကို မတော်မတည့်လုပ်ရမှာတော့ မကောင်းပါဘူးဗျာ"

စေချည်မှာ မိမိကိုစွကြောင့် အပျိုစင်ကလေးတစ်ဦးအား ကိုယ်ထိလက်ရောက် ကိုင်တွယ်ရမည်ကို မလုပ်ရက်တော့ကြောင်း ငြင်းပယ်လာသည်။

ခါလီနာက စေချည်စကားကြောင့် ခပ်ငွေ့ငွေ့လေး ပြုံးလေသည်။

"ဒါလောက်လဲ ကြီးကြီးကျယ်ကျယ် လုပ်မနေပါနဲ့ရှင်၊ ခုအချိန်ဟာ လူ့အသက်တစ်ချောင်းကို ကယ်ရမယ်ဆိုတာ နားလည်စေချင်ပါတယ်ရှင်၊ ကဲ... အချိန်မရှိဘူး၊ ကျွန်မကိုသာ အမြန်မွေ့ပြီး တက်သွားပါ။ ရှင်မလုပ်ရင် ရှင့်ကိုကျွန်မ မွေ့ရလိမ့်မယ်"

ခါလီနာက စေချည်သူ့ကို အားနာနေမည်စိုးသောကြောင့် ရယ်စရာပင် လုပ်ပြောသည့်တိုင် စေချည်မှာ ရှုံ့တွန့်တွန့် ဖြစ်နေလျက် ရှိ၏။

"ရပါတယ်၊ ကျွန်တော် အထင်တော့ ကျွန်တော့်ချစ်သူဟာ လောလောဆယ် အန္တရာယ်ရှိဦးမယ် မထင်ဘူး"

စေချည်၏ အေးစက်စက်နှင့်ပြောလာသော ထိုစကားကြောင့် ခါလီနာမှာ မျက်နှာအဝိုင်းသားဖြင့် ကြည့်လာသည်။

"ရှင်က သူအန္တရာယ်မဖြစ်သေးဘူးလို့ ဘယ့်နှယ်ကြောင့် ပြောနိုင်ရတာလဲ"

"ပြန်ပေးဆွဲတဲ့လူက သူ့ကိုသတ်ချင်ရင် ဘာခေါ်သွားစရာ လိုလဲ၊ နေရာတင်ပဲ အသေသတ်သွားမှာပေါ့၊ အခုတော့ သူ့ကို ခေါ်ဆောင်သွားပုံထောက်တော့ သူတို့ သူ့ကို ဖမ်းပြီးချုပ်တော့ အကျပ်ကိုင်ချင်လို့ ဖြစ်မှာပေါ့"

စေချည်ပြောစကားကြောင့် ခါလီနာမှာ သဘောမကျသလိုနှင့် မျက်နှာလေး မဲ့ပစ်လိုက်ပြီးမှ အေးစက်စက်အကြည့်နှင့် ကြည့်လေ၏။



"ဒါပေမယ့် ရှင်သိထားဖို့က အဲဒီလူဟာ သူ့ကိုမသတ်ဘဲ ကိုယ်ထိလက်ရောက် စော်ကားလိုက်ရင် အဲဒါကမှ သေတာထက် ပိုဆိုးတာရှင့် သိလား"

စေချည်သည် ထိုစကားကို ကြားလိုက်သည်နှင့် အကြီးအကျယ် တုန်လှုပ်သွားပြီး မျက်စိမျက်နှာပင် ပျက်သွားတော့၏။

"ဒါ... ဒါဆို ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ"

သူက တုန်တုန်ယင်ယင်နှင့် တောင်းပန်သည်မို့ ခါလီနာလည်း သူ့ကို ပြုံးပြုံးလေးသာကြည့်ပြီး ခေါင်းညိတ်ပြသည်။

စေချည်လည်း ဆုတ်ဆိုင်းမနေတော့ဘဲ ခါလီနာကို ပွေ့ချီပြီး နောက် အပင်ပေါ်သို့ ခုန်တက်ရန် ကြံရွယ်လိုက်စဉ်မှာပင် ရုတ်တရက် နောက်မှနေ၍ လက်နက်တစ်စုံတစ်ရာနှင့် ပစ်ခတ်လာသံကို ကြားရလေ၏။

စေချည်လည်း အထိတ်တလန့် ဖြစ်သွားကာ ချက်ချင်းဆိုသလို အပင်နောက်သို့ ကွယ်၍ ပုန်းရပ်လိုက်၏။

"ရှူး..."

လှံတံတစ်ချောင်းသည် သူတက်မည့် သစ်ပင်၏ တည့်တည့်ပေါ်သို့ တန်းတန်းမတ်မတ် ထိုးစိုက်လာသည်။

ခါလီနာလည်း ထိုလှံတံကို တွေ့မြင်လိုက်သည်နှင့် တစ္ဆေသရဲကို မြင်တွေ့လိုက်ရသလို ကြောက်လန့်တကြားဖြင့် မျက်စိမျက်နှာပျက်သွားလေတော့သည်။

"ဒုက္ခပါပဲ၊ စန်တိုတို့ လိုက်လာကြပြီရှင့်"

ဟုတ်ပါသည်။

သူမ စကားဆုံးသည်နှင့် ဆယ်ယောက်ကျော်သော စန်တိုတို့ သူတို့နှင့် မလှမ်းကမ်းသို့ ရောက်လာကြလေသည်။

ထိုဆယ်ယောက်ကျော်သော စန်တိုတို့သည် ခါးအောက်ပိုင်း အဝတ်ကလေးတစ်ခု တွဲလွဲချည်ထားသည်ကလွဲ၍ ကိုယ်လုံးတီး ဖြစ်နေ၏။

သူတို့၏ ပုံစံမှာ လူကို စားမတတ်ပင်။ သည်းထိတ်ရင်ဖိုစရာကောင်းလှသည်။

အထူးသဖြင့်...



အားလုံး၏ ရှေ့ဆုံး၌ ရောက်နေသော ခေါင်းဆောင်ဖြစ်ဟန်တူသူသည် သန်မာထွားကျိုင်းပြီး အသက်နှစ်ဆယ်ခန့်ရှိသည့် လူငယ်တစ်ယောက်ပင် ဖြစ်သည်။

ထိုလူငယ်၏ မျက်နှာသည် ဒေါသကြောင့် ခက်ထန်နေသလို မျက်လုံးအစုံကလည်း မီးတောက်သလို တွတ်တွတ်ရဲနေသည်။

သူသည် စေချည်နှင့် ခါလီနာတို့ နှစ်ယောက်အား စူးစူးဝါးဝါး ကြည့်လိုက်ပြီးနောက် ပါးစပ်မှလည်း ဝါးလား... ဝါးလားဖြင့် သူတို့ လူရိုင်းစကားနှင့် ပြောလာသည်။

စေချည်လည်း မြင်လိုက်ရုံနှင့် ထိုလူရိုင်းလူငယ် မည်သူဖြစ်သည်ကို ချက်ချင်း ရိပ်မိလိုက်လေ၏။

ထို့ကြောင့် သူသည် ခါလီနာကို ဖွေ့ချီထားရာမှ အသာလေး အောက်သို့ ချလိုက်ပြီးနောက် မဆိုးမခန့်အပြုံးနှင့်ပင် အေးစက်စက် ပြုံးတော့သည်။

"သူက ရှင်ပါထင်တယ် ဟုတ်လား"

ခါလီနာမှာ သွေးပျက်သူလို ကြောက်ရွံ့တုန်ရင်စွာနှင့် ပြန်ပြောသည်။

"ဟုတ်ပါတယ်၊ သူဟာ သိပ်ရက်စက်တယ်ရှင့်၊ ရှင်သတိထားပါနော်"

ခါလီနာ၏ စိုးရိမ်တကြီး သတိပေးခြင်းကြောင့် စေချည်က သူနားလည်ကြောင်းကိုသာပင် ခေါင်းညိတ်ပြ၏။

ထိုစဉ်မှာပင် ရှင်ပါက သူတို့ လူရိုင်းစကားဖြင့် ခေါင်းကြီးမာန်ကြီး အော်ကြီးဟစ်ကျယ် စကားကို ဆူညံစွာ ပြောလာပြန်လေသည်။

"သူ ဘာပြောနေတာလဲ"

ရှင်ပါ၏ ခေါသပုန်ထမှုကိုကြည့်ပြီး စေချည်က တည်ငြိမ်သော လေသံနှင့် မေး၏။

"သူပြောတယ်၊ ကျွန်မအစ်မက ဟန်လူမျိုးကိုယူတယ်၊ ကျွန်မကျတော့လဲ ဟန်လူမျိုးကိုပဲ ယူပြန်တယ်တဲ့၊ ဒါကြောင့် သူ ကျွန်မတို့ကိုဖမ်းပြီး မိကျောင်းစာကျွေးပစ်မယ်လို့ ပြောနေတာပါ"

စေချည်က အော်ဟစ်ရှဲရယ်လိုက်ချင်သော်လည်း အခြေအနေကို သိလိုသေးသဖြင့် ဟန်လုပ်နေရကာ အေးဆေးစွာပင် ပြောပြန်၏။



"တကယ်လို့ ကျွန်တော်က သူ့ကို အပြတ်ရှင်းပစ်လိုက်ရင် ဘယ်လိုပြဿနာနဲ့ ရင်ဆိုင်ရမှာလဲ"

"အမယ်လေး... အဲဒါတော့ မလုပ်လိုက်ပါနဲ့ရှင်၊ သူ့ကို သတ်ပြီးရင် သူတို့တစ်ဆွေလုံး တစ်မျိုးလုံးက ကျွန်မတို့ တစ်ရွာလုံးကို ဆုံးခန်းတိုင် မနားမနေ ကလဲ့စားချေနေမှာရှင့်"

ခါလီနာမှာ မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ကြောက်လန့်တကြား ပြောလေ၏။

"ဒီလိုဆို သူ့ကို မှတ်လောက်သားလောက်အောင် ဆုံးမရင်ကော"

"ဟုတ်ကဲ့... အဲဒါက ပိုပြီးသင့်တော်လိမ့်မယ်လို့ ကျွန်မထင်တယ်"

သည်တစ်ကြိမ်တော့ ခါလီနာကိုယ်တိုင်ပင် စိတ်ပါလက်ပါလာသည်။

စေချည်လည်း အလစ်မပေးဘဲ ရှင်ပါကို စူးစူးရဲရဲ လှမ်းကြည့်ပြီး ခါလီနာကို ပြောပြနိုင်းတော့သည်။

"ကောင်းပြီ၊ သူ့ကိုပြောလိုက်၊ ကျွန်တော်နဲ့သူ တစ်ယောက်ချင်း ယှဉ်မယ်လို့၊ နိုင်တဲ့လူက ခင်ဗျားကို ဆုအဖြစ်ပိုင်မယ်၊ ရှုံးတဲ့လူက ကျေကျေနပ်နပ်နဲ့ ယောကျ်ားပီပီ နိုင်သူကို ကလဲ့စားမချေရဘူးလို့ ပြောပါ"

ခါလီနာမှာ စေချည်ပြောနိုင်းသည်ကို မပြောသေးဘဲ သူမကိုယ်တိုင် စေချည်အတွက် စိုးရိမ်၍ သေချာအောင် မေးလာသည်။

"ရှင့်ကိုယ်ရှင် နိုင်မယ်လို့ ကျိန်းသေ တွက်ထားလို့လားရှင်"

"စိတ်ချပါ၊ ဒီအတွက်တော့ လုံးဝစိတ်မပူပါနဲ့"

စေချည်စကားကြောင့် သူမ အားတက်သွားပြီး နှစ်ခြိုက်စွာ ပြုံးလိုက်လေသည်။

"ဒီလိုဆို ကျွန်မသူ့ကို ပြောလိုက်တော့မယ်နော်"

သူမအသံက စမ်းရေသံနှယ် ခပ်လွင်လွင်ဖြင့် မြူးသွား၏။

စေချည်ကလည်း တစ်ပွဲတစ်လမ်း အကဲစမ်းရတော့မည်ကို ကျေကျေနပ်နပ်ပင် အားပါးတရ ခေါင်းညိတ်ပြလေ၏။

ခါလီနာက ရှင်ပါအား တိုင်းရင်းသားစကားနှင့် အနည်းငယ်



ပြောလိုက်လျှင် ရှင်ပါမှာ မီးစနင်းမိသော ခွေးတစ်ကောင်လို ခွေ့ခွေ့ခုန်သွားသည်။

နွတ်မှလည်း ကျယ်လောင်စွာနှင့်အော်ရင်း သူ့လက်ထဲတွင် ကိုင်ထားသောဓားကို မြေကြီးပေါ် တအားစိုက်ချလိုက်သည်။

ခါလီနာလည်း စေချည်ဘက်သို့လှည့်၍ အေးဆေးစွာပင် ပြော၏။

"သူက စိန်လိုက်လို့ ပြောပါတယ်၊ ဒါပေမယ့် လက်နက်မသုံးရဘူး၊ လက်နက်မဲ့ပဲ ယှဉ်ပြိုင်ချင်တယ်လို့ ပြောခိုင်းပါတယ်"

ကွမ်းသီးကြိုက်သူကို တောင်ငှပို့သလို စေချည်မှာ ပို၍သဘောကျသွားသည်။

"ဟာ... ဒီထက်ကောင်းတာ ဘာရှိသေးလဲ၊ သူက ကျွန်တော် ဓားရှည်သုံးမှာကို ကြောက်နေပုံရတယ်၊ ကျွန်တော်သာ ဓားရှည်ကို မသုံးရင် သူဟာ ကျွန်တော့်ကို အပိုင်နိုင်မယ်လို့ ယူဆပုံရတယ်၊ ဟား... ဟား... ဟား"

ခါလီနာသည် ရှင်ပါဘက်လှည့်ကာ စေချည်က လက်နက်မဲ့ ယှဉ်ပြိုင်တိုက်ခိုက်ရန် သဘောတူကြောင်းကို ပြောပြလိုက်၏။

ရှင်ပါလည်း ထိုစကားကို ကြားရသောအခါ ဝမ်းသာအားရ ဖြစ်သွားလျက် လက်သီးလက်မောင်း တန်းရင်းနှင့် စေချည်ရှိရာသို့ တစ်လှမ်းချင်း လျှောက်လာ၏။

✧ ✧ ✧



အခန်း (၄၄)

## အစွယ်ကျိုးသော မြွေဆိုး

စေချည်လည်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်စဉ် ခါလိနှာက နီးရိမ်တကြီးနှင့်သူ့ကို တစ်ချက်ဆွဲပြီး အသံတိုးတိုးနှင့် သတိထားဖို့ ပြောလာသည်။

"စိတ်မပူပါနဲ့ဗျာ၊ သူ့လိုကောင်မျိုးက ဒီနေရာတစ်ဝိုက်မှာ ဗိုလ်ဖြစ်ချင်ဖြစ်မယ်၊ တကယ်တော့ သူဟာ ကျွန်တော်တို့ဆီက အနိမ့်ဆုံးသိုင်းသမားလောက်တောင် အရည်အချင်းရှိမယ့်ကောင် မဟုတ်ဘူးဆိုတာ သိထားပါ"

စေချည်က ခါလီနာ၏ စိုးရိမ်ကြီးမှုကို အားပေးလာသည်။

"ကျွန်မ ရှင့်ကို သတိပေးတာ သူ့ကိုဆိုလိုတာမဟုတ်ဘူးရှင့်၊ ကျွန်မပြောချင်တာက ရှင့်အစ်ကိုလို ရုတ်တရက် ကျောက်ခဲလေးနဲ့ လုပ်ကြံခံရမှာကို စိုးရိမ်လို့ပါ"

စေချည်လည်း ထိုအချက်ကို ချက်ချင်း သတိရလာပြီး ခါလီနာကို ကျေးဇူးတင်သောအကြည့်မျိုးနှင့် ကြည့်လေသည်။

"ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျွန်တော် ကြိုးစားပြီး သတိထားပါ့မယ်"

စေချည်သည် ထိုသို့ပြောပြီးနောက် ရှင်ပါဆီသို့ ခြေလှမ်းကျဲကြီးနှင့် လျှောက်သွားလေ၏။ အမှန်စင်စစ် စေချည်သည် သူ့အစ်ကို ရော်စီနန်အတွက် ရှင်ပါကို တစ်ချက်တည်းဖြင့် မပြန်လမ်းသို့ ပို့လိုက်ချင်သည်။

ဒါပေမယ့်...

ခါလီနာ ပြောပြချက်ကြောင့် သူတို့တစ်ရွာလုံး၏အသက်ကို ငဲ့ညှာ၍ ရှင်ပါကို မှတ်လောက်သားလောက်အောင် ဆုံးမမည်ဟု စိတ်ပိုင်းဖြတ်လိုက်၏။



ရှင်ပါသည် စေချည်နှင့် ခါလီနာတို့ တရင်းတနှီး ပြောဆိုနေကြသည်ကို တွေ့မြင်လိုက်သောအခါ ပို၍ ယမ်းပုံမီးကျနှင့် ဒေါသကြီးလာတော့၏။

ထို့ကြောင့်... .

သူသည် စူးရှကျယ်လောင်စွာ တစ်ချက်အော်ပြီးနောက် လက်နှစ်ဖက်ကို မီးညှပ်သဖွယ်လုပ်၍ အရှိန်ပြင်းစွာနှင့် စေချည်အား ခုန်အုပ်လိုက်သည်။

* * *

ထိုသို့သော တိုက်ကွက်သည် လူရိုင်းတို့ အမြဲအသုံးပြုသော နည်းဗျူဟာတစ်မျိုးပင် ဖြစ်၏။

သူတို့သည် ပထမဦးစွာ ရန်သူအားအလဲထိုးပြီးနောက် ရန်သူ၏ ကိုယ်ပေါ်သို့ ခွတက်ကာ လည်ပင်းညှစ်သတ်သော နည်းလမ်းကို အထူးသဖြင့် နှစ်သက်သော သူတို့၏ တိုက်နည်းခိုက်နည်းပင်။

ထိုတိုက်ကွက်သည် သိုင်းသမားတစ်ယောက်အတွက် ရန်သူအား တုံ့ပြန်တိုက်ခိုက်ရန်အတွင် အင်မတန်ကောင်းသော တိုက်ကွက်ပင်။

ရှင်ပါ၏ တိုက်ကွက်ကိုကြည့်ပြီး စေချည် မသိမသာ ပြုံးလိုက်သည်။

စေချည်အနေဖြင့် ရှင်ပါကိုသာ တကယ်သတ်ချင်ခဲ့ပါက အင်မတန် လွယ်လှ၏။

ငှက်ပျောသီး အခွံနွှာစားရသည်ကမှ ခက်ပေမည်။

ယုတ်စွအဆုံး...

စေချည်အနေနှင့် လူရိုင်းတို့၏ တိုက်နည်းခိုက်နည်းသာ တတ်သော ရှင်ပါအား လက်ညှိုးတစ်ချက် ပြင်းပြင်းထိုးချလိုက်ရုံနှင့် သတ်နိုင်သော အခွင့်အလမ်းပင် ရနေ၏။

ဒါပေမယ့်...

မဖြစ်နိုင်သော အခြေအနေကြောင့် စေချည်က သူ့စိတ်ကို အတတ်နိုင်ဆုံး ထိန်းချုပ်ထား၏။ ရှင်ပါသည် မလှမ်းမကမ်းသို့



ရောက်သည်နှင့် ဗိုင်လောက်ပြီဟု ယူဆ၍ စေချည်ကိုယ်ပေါ်သို့ ခုန်အုပ်လာသည်။

စေချည်လည်း ရှင်ပါ သူ့ကိုယ်နှင့် ထိလုနီးပါးဖြစ်ချိန်မှာပင် ကိုယ်ကို ရုတ်ခနဲ ဘေးဘက်သို့ တိမ်းရှောင်လိုက်ပြီး လျှပ်တစ်ပြက် ဆိုသလို ခြေထောက်ကိုမြှောက်၍ ရှင်ပါ၏ဒူးဆစ်ဆီသို့ ခပ်ပြင်းပြင်း ကန်ထည့်လိုက်သည်။

"ဖြောင်း..."

ခပ်အုပ်အုပ် ပေါ်ထွက်လာသော အသံနှင့်အတူ ရှင်ပါလည်း အမှတ်တမဲ့ အကန်ခံလိုက်ရသော ခွေးတစ်ကောင်လို လွင့်စင်သွားလေသည်။

ရှင်ပါမှာ ခါလီနာနှင့် သူ့လူများရှေ့တွင် မထင်မှတ်ဘဲ ရေရေလည်လည် အကန်ခံလိုက်ရသောကြောင့် ပို၍ပင် ဒေါသကြီးလာ၏။

သူသည် နွားရိုင်းတစ်ကောင်လို ကျယ်လောင်စွာ အော်လိုက်ပြီး လဲနေရာမှ အမြန်ဆုံး လူးလဲထ၍ စေချည်အား ပြေးပြီး ခေါင်းနှင့် ဝင်တိုက်ပြန်၏။

"ဖြောင်း… ဖြောင်း…"

ပြင်းထန်သော အသံနှစ်ချက်နှင့်အတူ စေချည်၏ ကန်ချက်ကြောင့် ရှင်ပါမှာ မြေကြီးပေါ်တွင် ထပ်၍ လဲကျသွားပြန်လေသည်။

တောရိုင်းထဲ၌ ထူထပ်သော ရွက်ခြောက်ပုံများ ရှိနေပြီး ကံအားလျော်စွာ ရှင်ပါလည်း ထိုရွက်ခြောက်ပုံပေါ်တွင် နှစ်ကြိမ်တိုင်တိုင် ကျခဲ့ပေမယ့် အထိမနာသလို ပြင်းထန်သော ဒဏ်ရာမျိုးလည်း မရချေ။

ယခုတစ်ခေါက် ရှင်ပါမှာ နှစ်ကြိမ်တိုင် ခံရ၍ သင်ခန်းစာ ရသွားသူပီပီ လဲနေရာမှ ပြန်ထသည့်တိုင် အရမ်းမိုက်ရူးရဲ မလုပ်တော့ဘဲ ချင့်ချိန်စွာနှင့် နောက်ဗျူဟာတစ်ခု ပြောင်းပြန်၏။

• • •

စေချည်ကတော့ မလှုပ်မယှက် ရပ်နေပြီး ရန်သူ၏ လှုပ်ရှားမှုကိုသာ ပြုံးပြုံးလေးနှင့် ပမာမခန့်သလို့လုပ်၍ ကြည့်နေသည်။



ရှင်ပါမှာ စေချည်၏ရှေ့သို့ ရောက်နေသည့်တိုင် စေချည်က မည်သို့မျှ တုံ့ပြန်လှုပ်ရှားမှု မရှိသည်ကို တွေ့သောအခါ ပို၍ဒေါသထွက်သွားပြီး မာန်ဖီသော ကျားတစ်ကောင်လို ရူးရူးဝါးဝါး ဟိန်းလျက် အော်လိုက်သည်။

ဒါတင်မက သူက ကုတ်ဖွဲ့ရန်ပါ ခုန်အုပ်လာသည်။

သည်တစ်ကြိမ်တော့ သူ့ဗျူဟာ အောင်မြင်သွားသည်။ လိုက်ပါလာသော စန်တိုတို့က ဝမ်းသာအားရ အော်ဟစ်ဆူညံပြီး အားပေးလာ၏။

သူ၏ လက်နှစ်ဖက်သည် စေချည်၏ အင်္ကျီရင်ဘတ်ကို တအား ဖမ်းဆုပ်၏။ ရှင်ပါကိုယ်တိုင်လည်း ဝမ်းသာအားရ ကျယ်လောင်စွာနှင့် တစ်ချက်အော်လိုက်ပြီး သူ၏ လက်နှစ်ဖက်နှင့် အားကုန်စိုက်၍ စေချည်အား တွန်းလှဲရန် ကြိုးစားလိုက်၏။

သို့သော်…

မည်မျှအားစိုက်၍ တွန်းနေပေမယ့်လည်း စေချည် ကိုယ်စွော

သည် မြေကြီးထဲတွင် စိုက်ထူထားသော ကျောက်တိုင်နယ် နိုင်မြဲပြီး နည်းနည်းမျှ မလှုပ်ချေ။

စေချည်မှာ အတွင်းအားကိုစုစည်း ခြေတွင် ပုံထားသောကြောင့် ရှင်ပါအဖို့ လဲကျနိုင်အောင် မတတ်စွမ်းဘဲ ဖြစ်နေလေ၏။

ရှင်ပါတို့၊ စာဝါတို့သည် လူရှိန်းဗိဗိ အသိဉာဏ် မဖွံ့ဖြိုးသေးသောကြောင့် သူသည် စေချည်အား မည်သည့်နည်းနှင့်မျှ လဲကျအောင် မတွန်းနိုင်တော့သည့်အဆုံး စေချည်၏ကိုယ်ပေါ်တွင် နတ်ဝင်နေသည်ဟု အောက်မေ့ပြီး အကြီးအကျယ် တုန်လှုပ်ကာ ချက်ချင်းနောက်သို့ ဆုတ်ရန် ဟန်ပြင်လိုက်၏။

"ဖြန်း… ဖြန်း…"

ကျယ်လောင်သော အသံနှစ်ခုနှင့်အတူ ရှင်ပါ၏ ပါးနှစ်ဖက်လုံး မီးစနှင့် အထိုးခံရသလို ပူထူသွားလေတော့သည်။

ရှင်ပါမှာ အရိုက်ခံရသော ပါးကို လက်ဝါးနှင့်ပွတ်ပြီး စေချည်ကို မီးထွက်လုမတတ် ကြည့်နေပြန်၏။



စေချည်၏ ပြင်းထန်သော ရိုက်ချက်ကြောင့် ရှင်ပါနှုတ်ခမ်းမှာ ကွဲသွားပြီး သွေးများ ထွက်သွားလေသည်။

ရှင်ပါသည် တစ်ကိုယ်လုံး မဟန်နိုင်တော့ဘဲ မျက်လုံးများ လေးလာပြီး ဘယ်ညာ ယိမ်းနေပြီးကာမှ မဟန်နိုင်တော့သည့်အဆုံး မြေကြီးပေါ်သို့ ပုံ၍သာ လဲကျသွား၏။

ကျန်စန်တိုတို့သည် သူတို့ခေါင်းဆောင် အထိနာသွားသည်ကို တွေ့ရသောအခါ ရုတ်ခြည်းဆိုသလို သံပြိုင်အော်ဟစ်ပြီး လှံကို ထောင်လျက် စေချည်အား ပစ်ခတ်ရန် ကြံရွယ်လာတော့သည်။

သို့သော်…

စေချည်က လုံးဝ မလှုပ်ရှားရုံသာမက တိုက်ကွက်မျှပင် မဆင်သည်ကို တွေ့ရသောကြောင့် သူတို့လည်း အော်ဟစ်လျက် ဆုတ်ဆိုင်းဆုတ်ဆိုင်းနှင့် လုပ်လာသည်။

သူတို့အနေနှင့် စေချည်ကို ရင်ဆိုင်ရန် မဝံ့မရဲ ဖြစ်နေ၏။

ခေါင်းဆောင်လုပ်သူပင် အထိနာခဲ့ခြင်းကြောင့် သူတို့စိတ်ထဲတွင် စေချည်အား နတ်လူဟူ၍ ကြောက်ရွံ့နေတော့သည်။

• • •

စေချည်အနေနှင့်လည်း ရှင်ပါကို သည်မျှ ဆုံးမရုံနှင့် မကျေနပ်သေးချေ။

သူ့အစ်ကိုအတွက် လက်စားချေချင်ပေမယ့် ခါလီနှာတို့ တစ်ရွာလုံးအတွက် ငှဲရမည်ဖြစ်သဖြင့် စေချည်မှာ မတတ်သာ၍ လက်လျှော့သော်လည်း ရှင်ပါ၏ အရှိန်အဝါကိုတော့ ချိုးနှိမ်ရန် ဆုံးဖြတ်လိုက်၏၊

ထိုသို့ ရှင်ပါကို ချိုးနှိမ်ရန် အကောင်းဆုံးနည်းမှာ ရန်သူကို မှတ်လောက်သားလောက်အောင် လုပ်၍ ကျေကျေနပ်နပ်ကြီး လက်ခံနိုင်မှသာ ဖြစ်မည်ကို သူတွေးမိလေ၏။

ထို့ကြောင့်လည်း...

စေချည်သည် ရှင်ပါ စတိုက်လာကတည်းက တိုက်စစ်ကို ပြန်လှန်စုခံမှု မပြုခဲ့ခြင်းပင်။

သုံးကြိမ်တိုင်တိုင် ရှင်ပါကို လဲကျစေပြီးမှ စေချည်လည်း ခါလီနှာကို ပြောနိုင်းသည်။



"ကဲ...ခါလီနှာ သူအရှုံးပေးမလားလို့ မေးလိုက်ပါ၊ တကယ်လို့ အရှုံးမပေး:::"

သူ၏စကား မဆုံးမီမှာပင် ရှင်ပါသည် ကျားနာတစ်ကောင်လို ဖြုန်းခနဲ လူ့ပ်ရှား၍ စေချည်အား ခုန်အုပ်ပြီး အတင်းဖက်တွယ် ကိုင်ပေါက်ရန် ကြိုးစားလာ၏။

စေချည်လည်း တဟားဟားရယ်ပြီး ကိုယ်တို့ ဝိုက်လှည့်၍ ရုတ်တရက် အပေါ်သို့ သုံးပေခန့် ခုန်လိုက်သည်။

ရှင်ပါတစ်ယောက် သူ့အရှိန်နှင့်သူ မှောက်လျက်သား ကျသွားသည်နှင့် စေချည်က အောက်သို့ကျလာကာ ခြေထောက်တစ်ဖက်ကို လဲနေသော ရှင်ပါပေါ် ခပ်ဖိဖိတင်လျက် ရပ်နေပြန်လေ၏။

စေချည် ခြေထောက်အောက်တွင် နင်းထားခြင်းခံရသော ရှင်ပါသည် ဒေါသတကြီး အော်ဟစ်ရင်းနှင့် ရုန်းကန်လေ၏။

သို့သော်...

ရှင်ပါမှာ မည်သို့မျှ ရုန်းမရ ကန်မရ ဖြစ်နေလေသည်။

ကြီးမားလေးလံသော ကျောက်တုံးကြီးအောက်တွင် အဖိခံရသော သတ္တဝါတစ်ကောင်လိုသာ ဖြစ်နေ၏။ ခါလီနှာလည်း စေချည်၏

နလုံးရည် လက်ရုံးရည် စွမ်းအားပြည့်စုံမှုအောက်တွင် ရှင်ပါ တစ်ယောက် ကြိုးတုပ်အရိုက်ခံရသော ခွေးလို ဖြစ်နေသည်ကိုကြည့်ပြီး ကျေနပ်ပီတိ ဖြာနေ၏။

သူတို့နယ်တွင် ဗိုလ်ကျစိုးမိုး၍ အနိုင်ကျင့်သော လူမိုက်ကို လှလှပပ အနိုင်ယူနေသော စေချည်ကိုကြည့်လျက် ကြည်နူးပျော်ရွှင်လာလေသည်။

သူမသည် ဝမ်းသာလုံးဆို့ကာ ရှင်ပါအား လှမ်းအော်မေးသည်။

"ရှင်ပါ ရှင်ရှုံးသွားပြီလေ၊ ရှင်ဟာ ယောကျ်ားပီပီ ကတိတည်ပါ၊ အညံ့ခံလိုက်ပါ"

ရှင်ပါသည် ခါလီနာစကားကြောင့် ပို၍ ရှက်လာပြီး ဒေါသတကြီးနှင့် အံကြိတ်ထားသည်။

နောက်တော့…

သူက မာန်ပြင်းသောလေသံမျိုးနှင့် ဟစ်အော်လေသည်။

"ကဲ… ငါ့လူတို့ ဒီဟန်လူမျိုး အယုတ်တမာကို အပိုင်းပိုင်းဖြစ်အောင် သတ်လိုက်ကြစမ်း"



ထိုအခါမှ ကျန်ရပ်နေသော စန်တိုတို့သည် သံပြိုင်အော်ဟစ်လာကြသည်။

ပြီးလျှင်…

သူတို့လက်ထဲ၌ရှိသော လက်နက်အသီးသီးဖြင့် စေချည်အား ပစ်ခတ်လာ၏။

စေချည်အနေနှင့်ကတော့ စန်တိုတို့၏ တုတ်၊ လှံ၊ ဓားတို့ကို မမှု။ သူသည် ထိုလက်နက်များကို ရှောင်ဖယ်ရန် ကိုယ်ကိုမြောက်တက်ရန် ပြင်လိုက်စဉ်မှာပင် ဖြန်းစားကြီးဆိုသလို ပြင်းထန်သော အရှိန်နှင့် လက်နက်ပုန်းတစ်ခုက သူ့ထံ အမှတ်မထင် ရောက်လာ၏။

နဂိုကတည်းက စန်တိုတို့ထက် ခါလီနာ၏ သတိပေးမှုကြောင့် ထိုလက်နက်ကို သတိပြုနေသော စေချည်လည်း ရုတ်ခြည်းပင် ကိုယ်ကို ဆက်၍ တက်မနေတော့ဘဲ လေထဲ၌ ပတ်ချာလှည့်ပြီး ဘေးသို့ လိှမ့်သွား၏။

လူရိုင်းတို့၏ လှံနှင့် တုတ်တို့က သူ့ဘေးမှ ပွတ်ကာသီကာ ရှပ်သွားကြလေသည်။

သူရှောင်တိမ်းလိုက်သော လက်နက်မှာတော့ သူ့ရှေ့တွင်

ရှိနေခဲ့သော စန်တိုတစ်ယောက်၏ မျက်စိကို တန်းတန်းမတ်မတ် ထိမှန်သွား၏။

ထိုစန်တိုသည် အသည်းခိုက်အောင် နာကျင်လွန်းသောကြောင့် မျက်စိကိုပိတ်ပြီး မြေကြီး၌ လူးလိမ့်လျက် အော်နေတော့၏။

ချက်ချင်းဆိုသလို စေချည်၏ခေါင်းထဲမှ အသိဉာဏ်တစ်ခု ဝင်လာသည်။

သူ့အစ်ကို အဘယ့်ကြောင့် ရှင်ပါလက်ထဲ ကျရောက်သွားခဲ့သည်ကို သူ နားလည်သွား၏။

လက်စသတ်တော့ အမြင်အားဖြင့် သေးသော်လည်း လူကို ဘဝတုံးစေသော ထိုလက်နက်ကြောင့် စေချည် ထိတ်လန့်သွား၏။

နန်းစန်ဟုခေါ်သော သည်တောရိုင်းထဲတွင် သူ့နောက်မှ နေ၍ တိတ်တိတ်ပုန်း ရန်သူတစ်ယောက်က သူ့ကို လိုက်လံ ချောင်းမြောင်းနေကြောင်း စေချည် သိသွားတော့၏။

• • •



သို့ တိတ်တိတ်ပုန်း ရန်သူက မည်သူနည်း။

ခေါင်းမြီးခြုံ ဝတ်ရုံနှင့်လူ မဟုတ်ကြောင်းတော့ စေချည် သိပါသည်။

ရွှေမြို့တော်ကို လုယူရန် ကြံရွယ်သော အခြားသိုင်းသမားများလည်း မဖြစ်နိုင်။

ကြောက်စရာပင်…။

ထိုလူသည် အလွန်သိုသိပ် ပိရိစွာနေပြီး ဉာဏ်နီဉာဏ်နက်များသော ကြောက်စရာကောင်းသည့် သိုင်းသမားတစ်ဦးသာ ဖြစ်ဖို့များသည်။

– စေချည် စဉ်းစား၍မရ…။

ထိုသူသည် ရှင်ပါနှင့် အဆက်အသွယ်ရှိပြီး ရှင်ပါ့ကို ကူညီနေသူလား။

ဒါလည်း မဖြစ်နိုင်။

သူကသာ ရှင်ပါဘက်တော်သား ရှင်ပါအား အကူအညီပေးသူဆိုလျှင် ခါလီနာမှာ သုံးရက်တိုင်အောင် ဝူထဲတွင် ပုန်းနေနိုင်မည် မဟုတ်။

ထိုလူ၏ သတင်းပေးချက်ဖြင့် ရှင်ပါသည် ခါလီနာအား လက်ရဖမ်းမိသွားပေမည်။

ထိုအတွက် ထိုလူမှာ ရှင်ပါနှင့် မပတ်သက်နိုင်ကြောင်း စေချည် သိသွား၏။

ဒါဆိုလျှင်...

ထိုလူ၏ အဓိကရည်ရွယ်ချက်မှာ မိမိအစ်ကိုနှင့် မိမိထမ်းဆောင်နေသော တာဝန်ကို နှောင့်ယှက်ဖျက်ဆီးရန်သာဖြစ်ဖို့ များသည်။

ထို့ကြောင့်လည်း...

သူ့အစ်ကိုပြီး၍ ယခုအခါ သူ့အား လက်နက်ပုန်းနှင့် လုပ်ကြံလာခြင်းဖြစ်သည်။

ထိုလူသည် အဘယ်အတွက်ကြောင့် ထိုကဲ့သို့ ပြုမူ နှောင့်ယှက်သည်ကို စေချည် နားမလည်တတ်တော့ချေ။ တွေးရင်း တွေးရင်း နောက်ဆုံး စေချည်သည် အတွေးကို ဖြတ်လိုက်ပြီး လက်နက်ပုန်း ပစ်လွှတ်ခဲ့သော နေရာကိုလှမ်း၍ အသံပြုလိုက်လေတော့၏။

• • •



"ကဲ... သူငယ်ချင်း ထွက်လာပါတော့၊ မိန်းမညာဏ်နဲ့ လုပ်ကြံတာ ယောက်ျားကောင်းတစ်ယောက်ရဲ့ ကျင့်အပ်တဲ့ အပြုအမူ မဟုတ်ပါဘူး"

သို့သော်...

ပတ်ဝန်းကျင်တစ်ခုလုံး၌ မျက်စိဒဏ်ရာရသော ဝေဒနာရှင်စန်တို၏ အော်ဟစ်ညည်းညူသံမှလွဲ၍ အခြားဘာကိုမျှ မကြားရချေ။

ရှင်ပါလည်း အတန်ကြာအောင် ကြောင်ငေးနေပြီးမှ သတိရလာသူလို ရတ်တရက် ခုန်ထလိုက်၏။

နောက်တော့...

လှံတစ်ချောင်းကိုင်လျက် စေချည်ရှိရာသို့ သွေးရူးသွေးတန်း ပြေးလာကာ အရှိန်နှင့် ထိုးလိုက်လေ၏။

စေချည်လည်း သူ၏အနီးအနားတွင် ကြောက်မက်ဖွယ်ရာ ကောင်းသော တိတ်တိတ်ဗုန်းရန်သူပစ်ယောက် ရှိသေးကြောင်းကို သတိရပြီး ရှင်ပါအား ကြွက်ကို ကြောင်ဆော့နည်း မဆော့ရဲချေ။

ထို့ကြောင့် သူသည် ရှင်ပါလက်ထဲမှလှံကို ကျင်လည်စွာ

လုယူလိုက်ပြီး ခြေထောက်တစ်ဖက်ဖြင့် ရှင်ပါ၏ သုံးကျစ်သော အကြောကို ပြတ်သွားအောင် ကန်ထည့်လိုက်၏။

ရှင်ပါမှာ ရှောင်ရန်ပင်မတတ်နိုင်ဘဲ ခွေခနဲ ကျသွား၏။

အပေါင်းပါ စန်တိုတို့က သူ့တို့ခါးကြား၌ ထိုးထားသော ဓားမကြီးများကို ဆွဲထုတ်ပြီး စေချည်ထံသို့ ဝိုင်းအုံလာကြ၏။

စေချည်သည် သူ၏သိုင်းပညာစွမ်းရည်ကို လှလှပပ အသုံးချပြီး စန်တိုတို့အား ကောင်းကောင်းကြီး အရှုံးလုပ်လေ၏။

နောက်ဆုံးတော့...

သူ့လက်ချက်ကြောင့် စန်တိုတို့မှာ အတုံးအရုံးပင် လဲကျသွားလေ၏။

သူသည် ရှေ့မှ ရန်သူတို့ကို ရှင်းလင်းပြီးသောအခါ မျက်ကွယ်မှ ရန်သူအား စိန်ခေါ်လေ၏။

• • •

"ဟော့... တောထဲက လူလွန်မသား သတ္တိရှိရင် ရှေ့ထွက်ခဲ့"



သူ့အသံကြောင့် ခါလိနာမှာ ကြောက်ရွံ့စွာနှင့် သစ်ပင်ကြီး နောက် ပုန်းနေသော နေရာက ထွက်လာပြီး အံ့ဩသလို မေးလေသည်။

"ရှင် ဘယ်သူ့ကို ထွက်ခိုင်းတာလဲ"

"ခေါင်းကို အလုံဖုံးထားတဲ့ အမြီးပေါ်နေတဲ့ကောင်ကိုပဲ၊ ခုန ကျွန်တော် စန်တိုတွေနဲ့ တိုက်ခိုက်နေတုန်း အလစ်မှာ လာပြီး လုပ်ကြံတဲ့ တိရစ္ဆာန်ကိုပါ"

ခါလိနာမှာ စေချည်၏စကားကြောင့် မျက်လုံးအပြူးသား ဖြစ်သွား၏။

"အမယ်လေး တော်ပါသေးရဲ့၊ ရှင်ဘာမှမဖြစ်ဘူးနော်၊ ဒါနဲ့ အဲဒီလူ ဘယ်သူလဲဟင်"

စေချည်မှာ ကြိတ်မနိုင်ခဲမရနှင့် အံကြိတ်လာသည်။

"ကျွန်တော့်အထင်တော့ အစ်ကို့ကို လုပ်ကြံတဲ့လူဖြစ်မှာပဲလို့ ယူဆတယ်"

ခါလိနာမှာ သူ့စကားကြောင့် ပို၍ပင် အံ့ဩသွား၏။

"သူဟာ ဘယ်လိုရည်ရွယ်ချက်နဲ့ ခုလို ဒုက္ခပေးနေတာလဲရှင်"

စေချည်သည် မည်သို့မျှ ဆက်မပြောတော့။

ရုတ်တရက် တောအုပ်ထဲသို့ ခုန်ပျံလျက် ဝင်သွား၏။

သူသည် ပတ်ဝန်းကျင်တစ်ခုလုံးကို စေ့စပ်သေချာအောင် ရှာကြည့်သော်လည်း ရန်သူ၏ခြေရာကို လုံးဝရှာမတွေ့ပေ။

နောက်ဆုံးတော့ သူသည် မူလနေရာသို့ အားလျှော့ကာ ပြန်လာခဲ့သည်။

• • •

"ခါလီနာ... ရှင်ပါကို မေးကြည့်စမ်းပါ၊ သူ မှန်မှန် မပြောရင်တော့ ကျွန်တော်သူ့ကို သတ်ပစ်မိလိမ့်မယ်"

ခါလီနာလည်း စေချည် ဆိုလိုချက်ကို သဘောပေါက်သွားသည်။

"ဒီမယ်ရှင်ပါ၊ ရှင့်ကို အကူအညီပေးတဲ့လူဟာ ဘယ်သူလဲ"



ရှင်ပါမှာ အကြောပိတ်ခံနေရခြင်းကြောင့် လှုပ်ရှား၍မရသော်လည်း စကားကိုတော့ ပြောနိုင်သေးသည်။

ထို့ကြောင့် သူသည် ခါလီနာ့စကားကြောင့် ကျားတစ်ကောင်ကဲ့သို့ မာန်ဖီလာ၏။

"မင်း ဘာပြောတာလဲ၊ ငါတို့လို စန်တိုဟာ ဘယ်သူ့အကူအညီမှ မလိုဘူး"

ခါလီနာက အေးဆေးစွာပင် ရှင်ပါကို နားဝင်အောင် ပြောသည်။

"ဒီလိုပါရှင်၊ ရှင့်ရဲ့တပည့်တွေက စေသူရဲကောင်းနဲ့ တိုက်ခိုက်နေတဲ့အချိန်မှာ လူတစ်ယောက်က အလစ်မှာ တိတ်တိတ်ကလေး စေသူရဲကောင်းကို လုပ်ကြံခဲ့တာ ရှင်မသိဘူးလား"

ရှင်ပါ ဒေါသတကြီး အော်၏။

"ကျုပ် မသိဘူး"

သူ့စကားကြောင့် ခါလီနာပင် မခံမရပ်နိုင် ဖြစ်သွား၏။

"ဒီမှာ... ရှင် သိကိုသိရမယ်၊ အရင်တုန်းက အစ်ကိုရော်စီနန် အလှည့်တုန်းကလဲ ဒီလို လုပ်ကြံခံရလို့ သူ့အကြောဟာ အပိတ်ခံရပြီး

မလှုပ်ရှားနိုင်လို့သာ ရှင်တို့ အလွယ်တကူနဲ့ ဖမ်းနိုင်ခဲ့တာ၊ အခုလဲ ရှင်က ဒီနည်းကို သုံးတာမဟုတ်လား"

ရှင်ပါမှာ အံ့သြစွာနှင့် ခါလီနာကို ကြည့်လေသည်။

"မင်း... မဟုတ်တာတွေ မပြောနဲ့၊ ဟိုတစ်ခါတုန်းက ဟန်လူမျိုးကို ငါတို့အစွမ်းအစနဲ့ ငါတို့ဖမ်းခဲ့တာ နားလည်လား"

ရှင်ပါမှာ သူတို့လူရိုင်းဂုဏ်သိက္ခာကို စော်ကားသလို ဖြစ်သွားသောကြောင့် မျက်စိမျက်နှာ ပျက်သွားလေသည်။

ခါလီနာကလည်း စေချည်အား လက်ညှိုးထိုးပြသည်။

"သူဟာ အစ်ကိုရော်စီနန်ရဲ့ညီပဲ၊ ဒါကြောင့် ရှင် အမှန်အတိုင်း ပြောရင် ကောင်းမယ်၊ ဒါမှမဟုတ်ရင် သူဟာ သူ့အစ်ကိုအတွက် ကလဲ့စားချေလိမ့်မယ်"

ရှင်ပါမှာ စေချည်အား ရော်စီနန်၏ညီဖြစ်ကြောင်း သိသည်နှင့် မျက်နှာတစ်ချက် ပျက်သွားပြီး ပြောလာသည်။

"ငါမကြောက်ဘူး၊ ငါ့ကို ဘယ်ကောင်မှ အကူအညီမပေးဘူး ဆိုတာ အမှန်ပဲ၊ ရှင်ပါ သူများ အကူအညီမယူဘူး"



ခါလီနာလည်း ရှင်ပါ ခေါင်းမာစွာ ငြင်းနေသောကြောင့် လက်လျှော့လာသည်။

"ရှင်ပါက သူ့ကို ဘယ်သူမှ အကူအညီ မပေးဘူးလို့ ပြောနေပါတယ်"

စေချည်မှာ စက်ထန်စွာကြည့်ပြီး မကျေမနပ်နှင့် ခပ်ထန်ထန် ပြော၏။

"သူဟာ လိမ်တတ် ညာတတ်တဲ့ အကျင့်ရှိလား ခါလီနာ"

ခါလီနာလည်း ချက်ချင်း ရှင်ပါကိုကြည့်လေ၏။

"ရှင်ပါ... ရှင်ဟာ ကျူကူအမတ်ကြီးထံမှာ သူတစ်ပါးရဲ့ အကူအညီ မရမယူခဲ့ဘူးလို့ သစ္စာစကား ပြောပြီး ကျိန်နိုင်ပါ့မလား"

ရှင်ပါက စိတ်တိုစွာနှင့် ဟောက်ငမ်း၏။

"ဘာဖြစ်လို့ မကျိန်ဆိုရဲရမှာလဲ"

"ဒါဆို... ရှင် ကျိန်ပြပါ"

ရှင်ပါလည်း သူတို့ လူမျိုးစကားအတိုင်း တတွတ်တွတ် ကျိန်လေတော့၏။

"ငါ... ရှင်ပါက သူတစ်ပါးရဲ့ အကူအညီကို ရယူခဲ့ရင် ကျူကူ အမတ်ကြီးက ငါ့ကို ခေါင်းဖြတ်ပြီး အသေဆိုးနဲ့သေပါစေသား"

ထိုခေတ်အခါက စာဝါတို့သည် ကျူကူအမတ်ကြီးကို ကြည်ညို ကိုးကွယ်ထားကြလေ၏။

ကျူကူအမတ်ကြီးက စာဝါတို့ အသက်မွေးဝမ်းကျောင်းပြုနိုင် ရန် စပါးစိုက်နည်းကို သင်ကြားပေးခဲ့သောကြောင့် စာဝါတို့သည် သူ့ကို နတ်မင်းနှင့် တစ်တန်းတည်းထား၍ ကိုးကွယ်၏။

ရပ်ရွာတိုင်း၌ ကျူကူနတ်ရှင်ကြီးဟူ၍ ရှိကြ၏။

နှစ်တိုင်း စာဝါနှင့် စန်တိုတို့က ဆောင်းရာသီ၌ နတ်တင်လျက် ပျော်ပွဲရွှင်ပွဲ ကျင်းပတတ်သည်။

ထို့ကြောင့် စာဝါနှင့် စန်တိုတို့က ရိုင်းစိုင်းကြမ်းကြုတ် သော်လည်း ကျူကူအမတ်ကြီးကိုတော့ အသည်းတုန်အောင် ကြောက် ကြ၏။

အကြောင်းကိစ္စတစ်ခုခုသာ ပေါ်လာခဲ့ပါက ထိုလူကို ကျူကူ



အမတ်ကြီးထံ သစ္စာဆိုခိုင်းလျှင် ကျိန်ဆိုသူမှာ မကွယ်မဝှက်ဘဲ အမှန်အတိုင်းကို ဆိုပြရလေ၏။

ခါလီနှာသည် ရှင်ပါ ကျိန်ဆိုပြီးသောအခါ စေချည်ကို ပြောပြ၏။

"သူဟာ အမှန်အတိုင်း ပြောတာထင်တယ်၊ ဘာဖြစ်လို့လဲ ဆိုရင် အခုပဲ သူက ကျူကူအမတ်ကြီးကို တိုင်တည်ပြီး သစ္စာဆိုလိုက် တယ်ရှင့်"

"ကောင်းပြီလေ၊ အခု သူ့ကို မေးချင်တာကတော့ ခုန ကျုပ်တို့ ပြောထားတဲ့ ကတိစကားအတိုင်း သူအရှုံးပေးမလား ဆိုတာပဲ၊ သူအရှုံးပေးရင် ကျွန်တော်တို့ကို ထပ်မံပြီး မနှောင့်ယှက်ရဘူးလို့ ကတိပေးမှ ကျွန်တော်သူ့ကို လွှတ်မယ်လို့ ပြောပါ"

ခါလီနှာကလည်း စေချည်စကားကြောင့် ရှင်ပါကို လှမ်း ကြည့်၏။

"ရှင်ပါ၊ သူက ရှင်အရှုံးပေးမလားတဲ့၊ အရှုံးပေးမယ်ဆိုရင်

ခုနက ကတိစကားအတိုင်း အနှောင့်အယှက်မပေးရင် ရှင့်ကို ပြန်လွှတ်ပေးမယ်လို့ ပြောပါတယ်"

ရှင်ပါမှာ အံကိုသာ ကြိတ်ထားလျက် စကားမပြောချေ။

✧ ✧ ✧

စာစဉ် (၃) ပြီး၏။
စာစဉ်(၄)ကို ဆက်လက်ဖတ်ရှုပါရန်။
တက္ကသိုလ်နေလင်းအောင်